www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ
ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး
အောင်မြင်စာပေ၊ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ (စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
ဝိဉာ
လမင်းနို့ကဗျာ/ဝိဉာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၅၄ - စာ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) ဝိဉာ







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

"ဒူ . . ဝေ . . ဝေ . . ဝေ . . ဝေ"

"ဒူ . . ဝေ . . ဝေ . . ဝေ . . ဝေ . . ဝေ"

သချိုင်းမြေမှ ကြေးစည်သံကြီးက လမင်းအား အမေထာဝရ ခွဲသွားပြီဟူသော သက်သေတစ်ခုအဖြစ် မင်္ဂလာမရှိစွာ ထွက်ပေါ်လာသည်။ ဝိညာဉ်ကင်းမဲ့နေသော အမေ့ရုပ်ကလာပ်သည် မီးသင်္ဂြိုဟ်စက်ရှေ့တွင် အဆင်သင့်ရောက်နေပြီ။

"လမင်း . . ငိုချလိုက် . . ငိုချလိုက်၊ မင်း အဲလိုကြီးတင်းမထားနဲ့ဒါ . . မင်းအမေရဲ့ နောက်ဆုံးခရီးကွ"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကိုလှုပ်ယမ်းပြီး သတိပေးနေသော ဦးနိုးတူး၏ စကားကြောင့် ရင်ဘတ်နှင့် လည်ချောင်းအတွင်းမှာ ဆို့တက်နေသော ဝမ်းနည်းကြေကွဲခြင်းတွေက. . . အပြင်သို့ဖွက်ခနဲ ခုန်ထွက်လာသော ရေပွက်ပမာ လူက အင့်ခနဲ ရှိုက်ပြီး. . .

"အမေ. . အမေရဲ့. . ဟီး. . ဟီး. . သားကို လောကသောင်ပြင်မှာ လိပ်တစ်ကောင် ပက်လက်လှန်သလို ယက်ကန်ယက်ကန်နဲ့ ထားခဲ့ပြီလား အမေရဲ့. . ၊ ဟမ်. . အမေပြောတော့ သားကို လူပျိုဘဝကကျွတ်အောင် ခင်မဒီလေးနဲ့ ပေးစားခဲ့မယ်ဆို၊ သားသမီး မြေးမြစ်တွေနဲ့ ပျော်ပျော်ပါးပါးကြီးနေပြီး. . ချွေးမက တပြွတ်ပြွတ်ထိုင်မွေးတဲ့ မြေးနှလေးတွေကို ပျော်ပျော်ကြီးထိန်းပေးဦးမှာဆို. . . ခုတော့ သွားပြီလား အမေရဲ့. . ဟီးဟီး"

အသုဘရှု ပရိတ်သတ်တွေ၏ မျက်နှာတွေမှာ စိတ်မကောင်းရိပ်တွေ ထင်နေရာမှ ပြုံးစိစိတွေ ဖြစ်ကုန်ကြသည်။

"အို. . . အမေမရှိတော့ သားသူငယ်ချင်းတွေနဲ့ ရန်ဖြစ်ရင် သားကို ဘယ်သူကာကွယ်ပေးတော့မလဲ၊ သားဘဝကို မားမားမတ်မတ် ရပ်တည်ပေးနိုင်အောင် အမေမလုပ်ပေးရသေးပဲနဲ့ စိတ်ချလက်ချ ထားသွားပြီလား၊ ခု. . ခုတော့ အမေကျန်ခဲ့တဲ့ အကြွေးတွေကို သားဘယ်လိုဆပ်ရပါ့မလဲ. . အီး. . ဟီး"

မငိုတုန်းကလည်းမငိုလို့ ငိုတော့လည်း သူ့အတွက်သူတပြီး ငိုနေသော လမင်း၏ လူကြားမကောင်း သူကြားမကောင်း အော်ဟစ်ငိုယိုနေသောကြောင့် ဦးနိုးတူး ဝင်မထိန်း၍ မရတော့။

"လမင်း. . တော်တော့. . ၊ မင်းကွာ ဘာတွေပြောနေတာလဲ လူကြားမကောင်း သူကြားမကောင်း မင်းလုပ်တာနဲ့ ငါ့အစ်မသေတာတောင် အကြွေးတွေပတ်လည်ဝိုင်းနေတယ်ဆိုပြီး အရှက်ခွဲခံရပြီး





တမလွန်ကို သွားရတယ်လို့"

ဦးနိုးတူး၏ အသံခပ်အုပ်အုပ် သတိပေးသံကြောင့်. . လမင်း တိုင်တည်ပြီး ငိုတာကို အသံ vol: နှိမ့်ပြီး. . တရွှဲရွှဲကျနေသော နှာရည်တွေကို ပုဆိုးစဖြင့် သိမ်းသုတ်လိုက်သည်။

"ကျွန်တော်က အမေ့ကို အရှက်ခွဲတာမဟုတ်ပါဘူး၊ မိုးခြိမ်းရင်တောင် အမေ့ရင်ခွင်ထဲဝင်ပြီး ပုန်းတတ်တဲ့ ကျွန်တော်ရဲ့သတ္တိကြောင်မှုကို အမေသိသိကြီးနဲ့ ထားသွားရက်တယ်လို့၊ တကယ်ဆို မိန်းမလေး တစ်ယောက်တော့ အမြန်ဆုံး ပေးစားသွားပေါ့၊ အီး. . ဟီး. . ခုတော့ ခုတော့. . ထမင်းချက်ကျွေးမယ့်သူလည်း မရှိတော့ဘူး၊ ကျွန်တော်က ညတစ်ရေးနိုးရင်တောင် အမေမပါဘဲ အပေါ့အလေးသွားရဲတဲ့ကောင် မဟုတ်ဘူးဗျ၊ ခုတော့. . . ခုတော့. . . အမေ့ကို တစ်ပိုင်းသေအောင် ကြိုက်နေတဲ့ ဦးခင်အောင်ကြီးကိုတောင် ကျွန်တော့်မှာ ပထွေးမတော် လိုက်ရဘူး. . ဟီး"

တလိမ့်လိမ့်ကျဆင်းနေသော မျက်ရည်တွေကို ပုဆိုးစနှင့်သုတ်ပြီး အရှိန်မသေသေးပဲ ဆက်ပြောဖို့ဟန်ပြင်နေသော လမင်းကြောင့် ဦးနိုးတူး လမင်းကို ဘာမှမပြောနေတော့ပဲ. . .

"ကဲ. . ကဲ. . အချိန်မရှိတော့ဘူး၊ အစ်မကို မီးသဂြိုဟ်စက်ထဲ မပို့ခင် အုန်းခွဲလိုက်တော့. . "

"ဟုတ်ကဲ့. . ဦးနိုး"

"ခွပ်"

ဦးနိုးတူး၏စကားကြောင့် ဒေါ်ခင်စိန်၏ ရုပ်ကလပ်ဘေးမှာ ရပ်နေသော မောင်ထူး အုန်းသီးကို ဓါးဖြင့်ကလန့်ကာ အုန်းရည်တွေကို ဒေါ်ခင်စိန်၏ အသက်မဲ့နေသောမျက်နှာပေါ်သို့ လောင်းချလိုက်သည်။

ထိုမြင်ကွင်းကို ကြည့်ပြီး လမင်းရင်ထဲမှာ မချိသောခံစားမှု



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွေ ဆင့်ကဲဖြစ်ပေါ်လာပြန်သည်။ အမေသူ့ကို တကယ်ခွဲသွားပြီပဲ. . အမေမရှိဘဲနှင့် သူဘယ်လို အသက်ဆက်ရှင်ရမလဲ။

"အောင်မလေး. . အမေရဲ့ သားကိုမထားခဲ့ပါနဲ့ တစ်ခါတည်း ခေါ်သွားပါတော့လား၊ သား. . သား. . အကြွေးရှင်တွေကို ဘယ်လို ရင်ဆိုင်ရမလဲ. . အီး. . ဟီး၊ ခုတော့. . သီရိဒ္ဓိလည်းအမေ့ကို မကယ်နိုင်တော့ဘူး မဟုတ်လား၊ ထထိုးပါဦး နှစ်လုံးသုံးလုံး. . ဟမ်း. . အမေရဲ့. . "

ရပ်ကွက်ထဲမှာ တစ်ချိန်လုံး ဟန်ကြီးပန်ကြီး ဂိုက်နှင့်ဆိုက်နှင့် နေလာခဲ့သမျှ သေလွန်ပြီး မီးသင်္ဂြိုဟ်စက်ရှေ့ရောက်တော့မှပဲ သိက္ခာတွေ ဖြုန်းခနဲကွဲရသည့်အဖြစ်။ ဒေါ်ခင်စိန်သာ ကြားနိုင်မယ်ဆိုလျှင် သားကို ပိုပြီးတော့ပဲ သနားမလား. . ဖနောင့်နှင့်ပဲ ထပေါက်မလား။

"လမင်း. . တော်ပြီ၊ မင်းအမေကိုကန်တော့. . မင်းပါးစပ်က ဘာမှမပြောနဲ့တော့၊ ငါကွာ. . ခွေးထဲမှပဲ ငါ့အစ်မကို အရှက်ခွဲတဲ့ကောင် သေတာတောင် မင်းကြောင့် ဂုဏ်သိက္ခာရှိရှိ မသေရဘူး"

ဦးနိုးတူး တူဖြစ်သူကို စိတ်မကောင်းဖြစ်နေသည့်ကြားက သိပ်ကြည့်မရတော့။ ဒီကောင့်လုပ်ပုံကြောင့် အစ်မအရှက်တွေ ဖြန်းဖြန်း ကွဲရပြီ။ ဒီထက်သာ အချိန်ဆွဲနေလျှင် ဘာတွေကို တတပြီး ငိုပြောနေဦးမည်မသိ။

လမင်း တဟီးဟီး ငိုရှိုက်ရင်း မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ချကာ မိခင်ကို ကန်တော့လိုက်သည်။ သံဘီးတပ်လှည်းကြီးက တဂျုံးဂျုံးနှင့် ပွင့်လာသော မီးသင်္ဂြိုဟ်စက်ထဲသို့ တွန်းဝင်သွားသည်။

မိခင်ကို မီးရှို့တော့မည်ဆိုသည့်အသိက ထိုမီးနှင့်အတူ အပြိုင်ရင်ကို ပူလောင်စေသည်။

"အမေ. . အမေ့ကို မီးမရှို့ကြပါနဲ့. . အမေ. . အမေ"





အမေတစ်ခု သားတစ်ခုမို့ အမေကို အင်မတန်ချစ်သော သားတစ်ယောက်အဖြစ် သည်းသည်းသန်သန် ငိုနေရှာသော. . လမင်း၏ ငိုကြွေးပွဲကို အသုဘပို့လာ ပရိသတ်များ စိတ်မကောင်းဖြစ်ကြရသည်။

သိပ်မကြာလိုက် သင်္ဂြိုဟ်ခေါင်းတိုင်မှ မဲညို့ပြီးထွက်လာသော မီးခိုးလုံးတွေက လမင်းကို အမေတကယ် ထားသွားပြီဆိုသည့် လုံးဝမငြင်းနိုင်သော ကြေကွဲဖွယ်မြင်းကွင်းတစ်ခုပင် ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"အူ . . ဝူး . . ဝူး . . ဝူး . . "

ဆွဲဆွဲငင်ငင် အူနေသော ခွေးအူသံကြောင့် လမင်းမောင် ငုတ်တုတ်ထိုင်ငိုက်နေရာမှ ခေါင်းထောင်ကာ မျက်လုံးဖျတ်ခနဲပွင့်လာသည်။

လမင်းသည် . . ခွေးအူသံကို အလွန်ကြောက်သည့် အကျင့်မှာ ယခုအရွယ်ရောက်သည့်အထိ မပြောင်းလဲသေး။ အသုဘအိမ်ရှေ့မှာ ခွေးက ဆွဲဆွဲငင်ငင်အူနေသည်ကိုက ကြားရတာတင် သွေးပျက်စရာ





ကောင်း၏။

ဖဲဝိုင်းထိုင်နေကြသော ညစောင့်ဧည့်သည်တွေကို ကြည့်ပြန်တော့ သူတို့အားလုံးလည်း ဟိုနေရာ ဒီနေရာတွေမှာ ခွေခွေလေး အိပ်ပျော်နေကြသည်။ အရေးထဲ ဆီးကသွားချင်လာပြန်သည်။

"ဦးလေး နိုးတူး . . ဦးလေး နိုးတူး . . "

ဘေးမှာပုဆိုးခြုံကာ ကွေးနေသော ဦးလေးဖြစ်သူကို အတင်းလှုပ်နှိုးလိုက်သည်။ အသုဘအိမ်မို့ တံခါးတွေ ဒလဟော ဖွင့်ထားရပြီး လူတွေက အတုံးအရုံး အိပ်မောကျနေကြသည်။ သူခိုးဝင်လျှင်တောင် ဘယ်လိုမှ မသိနိုင်။

"ဦးလေး . . ဦးလေး ထပါဦးဗျ၊ ကျွန်တော်နဲ့ အိမ်သာခဏ လိုက်ခဲ့ပါ"

"အင်း . . ဟီး . . "

ဦးလေးနိုးတူး ပါးစပ်မှ တအင်းအင်းညည်းကာ ဟိုဘက် ဒီဘက်လှိမ့်ပြီး တခေါခေါနှင့် အိပ်ပျော်သွားပြန်သည်။

အိမ်ရှေ့ခန်းတစ်ခန်းလုံး အတုံးအရုံး အိပ်ပျော်နေသူများမှာ အိပ်မောကျနေရုံမက ဖားပြုတ်ကြီးတွေ မိုးတွင်းအခါ ပြိုင်တူအော်နေကြသလို သံစုံအော်ဟစ်နေကြသည်မှာ . . တစ္ဆေကောင်ကြီးတွေ၏ မာန်ဖီကာ တိုက်ပွဲဝင်နေကြသလားပင် ထင်ရအောင် ကြောက်စရာကောင်းနေကြသည်။

"ကျွတ် . . ဟောက်နေလိုက်ကြတာကွာ"

အရေးထဲ ဆီးက တော်တော်လေးသွားချင်လာသဖြင့် နှိုးမရမည့်အတူတူ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်ပြီးတော့သာ တစ်ယောက်တည်းသွားရန် ထလိုက်သည်။ သေသူက ကိုယ့်အမေဆိုတော့ သေးထွက်လောက်အောင် ကြောက်တတ်သောသားကိုတော့ ခြောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လောက်. . .။

"ကျွိ. . ကျွိ. . ကျွိ. ."

ကြောက်စိတ်ကြောင့် မျက်လုံးတွေ ကျီးကြည့်ကြောင်ကြည့် လုပ်နေတုန်း. . နောက်ဖေးတံခါးပေါက်မှ တံခါးချပ်သည် လူတစ်ယောက်ခိုစီးနေသလို တကျွီကျွီမြည်ကာ လှုပ်ယမ်းနေသည်။

လမင်းမောင် ခေါင်းနားပန်းကြီးသွားသည်။ ကြောက်စိတ်ကြောင့် ခန္ဓာကိုယ်ဟာစ်ခုလုံး ရေခဲရိုက်ခံထားရသလို အေးစက်၍လာပြီး. . အိမ်ရှေ့ခန်းတွင် လူသေကောင်တွေလို အိပ်ပျော်နေသော လူတွေကိုပင် လှမ်းမခေါ်နိုင်လောက်အောင် လျှာတွေတိုဝင်သွားသလားမှတ်ရသည်။

"ကျွိ. . ကျွိ. . ကျွိ. ."

"ဝုန်း. . ချလွင်. . ခလွမ်. ."

"အူး. . အူး. . အူ. . အူ. ."

မီးဖိုခန်းထဲမှ ဆံပင်ဖားလျားနှင့် မိန်းမကြီးတစ်ယောက် စားကြွင်းစားကျန် ထမင်းအိုး ဟင်းအိုးတွေကို လှန်လှောကာ အငမ်းမရဖွင့်စားနေ၏။

ပန်းကန်စင်ပေါ်မှ ပန်းကန်ခွက်ယောက်တွေသည် တရုတ်ကားထဲမှ သိုင်းသမားတွေလို လေထဲမှာ ဝဲယာပျံဝဲနေကြ၏။ မြင်ရသည့် မြင်ကွင်းက သွေးပျက်ဖွယ်ကောင်းအောင် ကြောက်စရာကောင်းနေသဖြင့်. . လမင်း ကြောက်ကန်ကန်ကာ အာခေါင်ခြစ်၍ အော်လိုက်သည်။ အသံထွက်ထွက် မထွက်ထွက်. . . အော်ရမှာက ကိုယ့်အပိုင်း။ သို့သော် ကံကောင်းချင်တော့ အသံကထွက်လာသည်။

"အား. . အမေရေ ကယ်ပါဦး၊ သ. . သရဲဗျ. . သရဲ ကြောက်တယ်. ."





ကံကောင်းချင်တော့ လမင်းမောင်၏ သွေးရူးသွေးတန်း အသံနက်ကြီး ထွက်ပေါ်လာသည်။ ထိုအသံဆုံးသည်နှင့်. . .

"ဝုန်း"

"သား. . မကြောက်နဲ့. . မကြောက်နဲ့ အမေရှိတယ်"

အမေ့အသံသည် လမင်းမောင်နားထဲ တိုးဝင်လာသည်။ ပြီးနောက် မသဲကွဲသော အရိပ်တစ်ခုသည် လမင်းမောင်နားသို့ စွေ့ခနဲရောက်လာ၏။

ဒီအသံနှင့် ဒီရုပ်လုံးသည် အမေဆိုတာ အတတ်သိသည်မို့ လမင်းမောင် အားတက်သွားသည်။ လမင်းမောင် ကိုယ့်မျက်စိကိုယ် မယုံ၍ သေချာစေရန် မျက်စိနှစ်ဖက်ကို ပွတ်ကြည့်လိုက်သည်။

သေချာသည် အမေမှ အမေအစစ်။

အမေသည် ထဘီစ စွန်တောင်ဆွဲကာ အိုးတွေလှန်ပြီး အငမ်းမရစားနေသော သရဲမကြီးအား အနောက်မှ ကျားသစ်တစ်ကောင်လို ခုန်အုပ်လိုက်သည်။

"သွားကြစမ်း မကောင်းဆိုးဝါးတွေ. . နင်တို့ ငါ့သားကို အနှောင့်အယှက်မပေးကြနဲ့၊ ခင်စိန်တဲ့ တစ်စိန်ထဲရှိတယ်၊ နှစ်စိန် ရှိရင် တညင်းသီးဆားစိမ်အိုးထဲ နှစ်ပစ်လိုက်မယ်"

"ဖြန်း. . ဖြန်း. . ဘုန်း. . ခွပ်. . ယား. . ယိစ်. . အင့်"

"အား. . အောင်မလေး ကြောက်ပါပြီ. . ကျိုးပါပြီတော့"

ထိုအသံသည် အမေ့အော်သံမဟုတ် မကောင်းဆိုးဝါးမကြီး၏ အော်သံဖြစ်သည်။ မီးဖိုခန်းမှာ နှစ်ယောက်သား လုံးထွေးနေသည့် သရဲမနှင့် အမေ၏ နပန်းပွဲသည် ကြည့်၍အလွန်ကောင်းသည်။

"ဟုတ်ပြီ. . အမေ ချကွချ. . ၊ အမေ့ကို သားအပြတ်အသတ် အားပေးတယ်၊ ချ. . ချ. . ဒါမှ ငါ့အမေကွ၊ ခင်စိန်တဲ့နော် အနော်မာ



www.burmeseclassic.com

www.burmeseclassic.com



ထဲက လက်ဖွေ့သမားတင်စိန်တောင် ဦးညွတ်ရတယ်"

လမင်းမောင် ကြောက်စိတ်ကို ဘေးချကာ အမေ့ကို ညာသံပေး၍ အားပေးနေ၏။ သရဲမသည် အမေ့လက်ချက်ဖြင့် ပလာတာဆီစွတ် ဖြစ်နေသည်။

"အောင်မလေး ကြောက်ပါပြီ. ၊ ဗိုက်ဆာလွန်းလို့ တက်ပြီးစားမိတာပါ ခွင့်လွှတ်ပါ. . . ခွင့်လွှတ်ပါ"

ပြာနှမ်းနှမ်း သြရှရှအသံကြီးဖြင့် တောင်းပန်တိုးလျှိုးနေသော မကောင်းဆိုးဝါးမကြီးအသံကြောင့် အမေလက်သံကို အရှိန်လျှော့လိုက်သည်။

အမေ၏ တိုက်ရည်ခိုက်ရည် ကောင်းမှုကြောင့် ကြောက်စိတ်တွေ တစိုးတစိမှ ရှိမနေတော့ဘဲ. . မိန်းမဆူမို နပန်းသမားတွေပွဲကို ကြည့်နေရသလို ကြည့်ကောင်းနေကာမှ. . .

"ဟာ. . အမေ လွှတ်ပေးလိုက်ပြီလား ချလေဗျာ. . ချ. . မှတ်လောက်အောင်ကို ဝိုက်ပစ်လိုက်စမ်းပါ"

အမေသည် လက်ဝါးနှစ်ဖက်ကို ဖုန်ခါသလို တဖြန်းဖြန်းခါရင်း လမင်းမောင်ဘက်ကို လှည့်ကာ. . .

"တော်ပြီသား. . အားနည်းသူကို အားကြီးသူက ကြီးနိုင်ငယ်ညှင်းနှိပ်စက်ရာရောက်သွားမယ်၊ သူက သားကို ဘာမှအန္တရာယ်မှ မပြုပါဘူး၊ ဟိုဘက်ရပ်ကွက်က အရူးမကြီး ခင်မေကြည်လေ၊ ငါ့သားကို သူဘာမှ လုပ်တာမှမဟုတ်တာ၊ အမေက ငါ့သားကို အနှောင့်အယှက်ပေးနေပြီဆိုပြီး စိတ်ပူလို့ထွက်လာတာ၊ ကဲ. . အမေပြန်ဝင်တော့မယ်၊ အရေးအကြောင်းဆိုရင် အမေသားအနားမှာရှိတယ် သိလား၊ အမေ့ဝိညာဉ်က အမေ့ရဲ့အရိုးပြာအိုးထဲမှာ ရှိတယ်"

ပြောပြောဆိုဆိုနှင့် အမေအိမ်ရှေ့ခန်းသို့ ပြန်ထွက်သွားသည်။





လမင်း ကြက်သေ,သေပြီး နေရာမှာတင် လန့်နိုးလာသူလို လူက အိမ်ရှေ့ခန်းရှိ အမေ့အရိုးပြာအိုးတင်ထားသော စားပွဲနားသို့ ကမူးရှူးထိုးဆန်သော ခြေလှမ်းတွေဖြင့် လျှောက်သွားပြီး. . .

"အမေ. . အမေ့. .၊ နေပါဦး အမေရဲ့. . အမေ"



www.burmeseclassic.com

www.burmeseclassic.com



ပခုံးကို ဆတ်ခနဲလာပုတ်လိုက်သော စပ်ဖျဉ်းဖျဉ်း အထိအတွေ့ကြောင့် နှုတ်မှ တစာစာအော်နေသော အမေခေါ်ခြင်းကိုရပ်လျက် သမင်လည်ပြန် မော့ကြည့်လိုက်သည်။

"ဦးလေး. . အမေ ဒီအိုးထဲမှာရှိတယ်၊ အမေ ကျွန်တော့်ကို စောင့်ရှောက်နေသေးတယ်ဗျ"

အရိုးပြာအိုးကို ပိုက်လျက်. . ဝမ်းသာအားရ ပြောနေသော လမင်းမောင်ကိုကြည့်ပြီး ဦးနိုးတူး သက်မတစ်ချက်ကို ဟင်းခနဲ ချလိုက်သည်။

"ကဲ. . လမင်း အဲဒီအရိုးပြာအိုးကို ငါ့ပေး၊ မနက်စောစော မြစ်ထဲသွားမျှောပေးမယ်"

"ဟာ. . ဒီအရိုးပြာအိုးထဲမှာ အမေရှိတယ်၊ အမေ့ကို မြစ်ထဲသွားမျှောခွင့် မပေးဘူး"

အရိုးပြာအိုးကို ပို၍တင်းကျပ်စွာ ပိုက်လိုက်ပြီး တွင်တွင်ငြင်းဆန်လိုက်သည်။ ဦးနိုးတူး တူဖြစ်သူကို အပြောရကြပ်ရန်ကောဟု





သောအကြည့်ဖြင့် မျက်မှောင်ကျုံ့ကာ ကြည့်လိုက်သည်။

"လမင်းမောင်ရာ မင်း အရူးထမနေစမ်းပါနဲ့"

"အရူးမထဘူး တကယ်ပြောတာ၊ ခုလေးတင် နောက်ဖေးပေါက်ကနေ မကောင်းဆိုးဝါးမကြီး တက်လာပြီး မီးဖိုခန်းထဲက ထမင်းဟင်းအကျန်တွေ တက်စားလို့ အမေဆုံးမလွှတ်လိုက်သေးတာ"

မဖြစ်နိုင်တာတွေ ပြောနေသည်ဟုထင်ကာ ဦးနိုးတူး ကျွတ်ခနဲ စုတ်သပ်ပြီး ခေါင်းကို ခပ်လေးလေး ခါယမ်းလိုက်သည်။

"ကျွန်တော်ပြောတာ တကယ်ယုံပါ၊ မယုံရင် နောက်ဖေးကို သွားကြည့်. . တံခါးကြီးဖွင့်ပြီး ပန်းကန်ခွက်ယောက်တွေ မွစာကြဲနေနေလိမ့်မယ်"

"အေးလေ. . တံခါးက အစောကြီးကတည်းက ဖွင့်ထားတာပဲ၊ ပန်းကန်တွေကလည်း သူ့နေရာမှာ ရှိပြီးသား"

ဘယ်လိုမှ မယုံကြည်သော ဦးလေးဖြစ်သူကိုကြည့်ပြီး. . ယုံအောင်ဘယ်လိုပြောရမှန်းပင် မသိတော့။

ခေါင်းကို စုံကုတ်လိုက်ပြီး. . .

"ဦး. . ဦးလေး. . အရူးမ ခင်မေကြည်ကို သိလား"

"အေး. . သိတယ်လေ၊ ခုမရှိတော့ဘူး သေသွားပြီ ကြာလှပေါ့"

"အဲဒါပဲ. . အခု ဦးလေး ကျွန်တော်ပြောတာကို မယုံလို့မရတော့ဘူး၊ စောစောက အမေဆုံးမလွှတ်လိုက်တဲ့ မကောင်းဆိုးဝါးက အဲဒီအရူးမကြီး ခင်မေကြည်ပဲ"

"ဟင်. . ဘယ်လို. . ခင်မေကြည် ဟုတ်လား"

ဦးနိုးတူး တွေဝေသွားသည်။ ဒီကောင် ရူးကြောင်မူးကြောင်နဲ့ လျှောက်ပြောနေတာလား တကယ်ပြောနေတာလား၊ အရူးမကြီးခင်



www.burmeseclassic.com

www.burmeseclassic.com



မေကြည်ဆိုတာ လမင်းငယ်ငယ်ကတည်းက ကားတိုက်ခံရပြီး သေသွားတဲ့သူ. . . လမင်းဘယ်လိုမှ မမှတ်မိနိုင်. . .။

"ဟုတ်သမှ သိပ်ဟုတ်တာပေါ့ ဦးလေးရာ၊ အမေကိုယ်တိုင်ပြောတာ၊ အဲဒါ ဟိုဘက်ရပ်ကွက်က အရှုးမကြီးခင်မေကြည်ပါတဲ့၊ ပထမတော့ ကျွန်တော်ကို ရန်ပြုမယ်ထင်ပြီး အမေက ဝင်ဆုံးမတာ"

"ကဲ. . တော်. . တော်ပါကွာ၊ ငါလဲ နားရှိလို့ကြားရတာ ယုံရခက်ခက်ပဲ"

"ဦးလေး ယုံချင်ယုံ မယုံချင်နေ. . ဒါပေမဲ့ ကျွန်တော့်အမေရဲ့ အရိုးပြာအိုးကိုတော့ မြစ်ထဲသွားမျှောဖို့ ကျွန်တော်သဘောမတူဘူး၊ အဲ. . မျှောချင်သပဆိုရင် အမေနဲ့အတူ ကျွန်တော့်ကိုပါ မြစ်ထဲမျှောချလိုက်. . ."

"အေး. . . ဒါဆိုလည်း မင်းသဘောပဲ၊ မင်းဟာလေ အမေကို ဒုက္ခပေးလိုက်ပုံများ အမေပြောပုံဘဝရောက်နေတာတောင် အလွတ်မပေးတဲ့ကောင်မျိုး"

ယောက်ျားတစ်ယောက်ဖြစ်လျက်နဲ့ အမြဲပျော့ညံ့တွေဝေပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ် မရပ်တည်နိုင်သောလမင်းကို ဦးနိုးတူး စိတ်ပျက်မိသည်။

ဒီတော့. . ဘာမျှဝင်မပြောတော့၊ သူ့အမေမို့ သူ့ဘာသာ စိတ်ကြိုက်သာ လုပ်ပါစေတော့ဟု စိတ်ကို တုံးတုံးချလိုက်သည်။

ကံဆိုးသူအစ်မမှာ. . သေတာတောင် ဘဝသစ်ကို ကောင်းကောင်းကူးခွင့်မရှိ။







# အခန်း(၃)

**အိမ်**ရှေ့မှ တစ်ယောက်တစ်ပေါက် ဆူညံဆူညံအသံများကြောင့် အိပ်ရာထဲခွေနေရာမှ အိမ်ရှေ့သို့ ထွက်ပြီး ကြည့်လိုက်သည်။ အမေ့ရဲ့မိတ်ဆွေ ကိုဗလကြီးနှင့် အမျိုးသမီးနှစ်ဦး အမျိုးသားနှစ်ဦး. . အားလုံး၏ ပုံစံတွေက ဖိုက်တာပုံစံတွေ။

"ကိုဗလ ဘာကိစ္စရှိလို့လဲ၊ အိမ်ရှေ့မှာ ရုံးစု. . ရုံးစုနဲ့. . "

"မင်းသိရဲ့သားနဲ့ မသိချင်ဟန်ဆောင်ပြီး မေးမနေနဲ့. . မင်းအမေ ငါတို့ကို ပေးစရာရှိတဲ့ အကြွေးတွေ ဘယ်လိုရှင်းပေးမှာလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လမင်းမောင်၊ မင်းအမေ ငါ့ဆီမှာ အိမ်ဂရန် ပေါင်ထားတယ်၊ အဲဒါ မင်းဘယ်လို လုပ်မလဲ၊ မရွေးနိုင်ရင်တော့ ဒီအိမ်ကို သိမ်းရမှာပဲ"

"အစ်မတို့ဆီမှာလည်း မင်းအမေ ချဲကြွေးနှစ်သိန်း တင်နေတယ်၊ အဲဒါ အမြန်ဆုံးရှင်းပေးပါ"

သူတို့ ရပိုင်ခွင့်တွေကို အလုအယက် တောင်းဆိုနေသော အကြွေးရှင်တွေကို ဟိုဘက်လှည့်ကြည့်လိုက် ဒီဘက်လှည့်ကြည့်လိုက်နှင့် မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေသော လမင်းပုံစံက ငိုရမလို ရယ်ရမလိုနှင့်. . ။

ဖြစ်နိုင်လျှင် သူတို့ရှေ့ကနေ အငွေ့ပြန်ပြီး ပြေးထွက်သွားချင်၏။ ဒီတော့ အမေ့အရိုးပြာအိုးလေးကို အားကိုးတကြီး လှမ်းကြည့်လိုက်ပြီး စိတ်ထဲကနေပြီး တလိုက်သည်။

"အမေရေ အိမ်ရှေ့မှာ အမေ့အရှုပ်ထုပ်တွေ လာမွှေနေကြပြီ၊ ခုလောလောဆယ် ထမင်းချက်ကျွေးမယ့်သူမရှိလို့ ကြောင်တစ်ကောင်လို ခွေအိပ်နေတဲ့ဘဝ၊ အသားလှီးယူလို့ပြောရင်တောင် သူတို့ လှီးယူသွားချင်စရာ မရှိအောင် အင်အားတွေချည့်နဲ့နေတာ အမေရဲ့"

ထိုသို့တလိုက်သည်နှင့် အမေ့အရိုးပြာအိုးထဲမှ အငွေ့ဖြူဖြူတွေသည် အာလာဒင် သူ့ဆီမီးခွက်ထဲမှ ထွက်လာသလို ခပ်ဝါးဝါး ထွက်လာ၏။

ဝိုးတဝါးပေါ်ထွက်လာသော အမေ့အရိပ်ကို မြင်သည်နှင့် လမင်း ထခုန်မိမတတ် ဝမ်းသာသွားကာ တဟားဟားဖြင့် သဘောတကျ ရယ်လိုက်သည်။ ပြီးနောက်. . အနားသို့ ခပ်ဖြည်းဖြည်းလျှောက်လာသော အမေ့လက်ကို အားကိုးတကြီး လှမ်းကိုင်လိုက်ပြီး. . .

"အမေ. . အမေလုပ်ပါဦးအမေရာ၊ ဒီမှာအမေ့ရဲ့အကြွေးတွေ





သားကို လာတိုင်ပတ်နေပြီ သားဘယ်လိုရှင်းရမလဲ"

ဒေါ်ခင်စိန်အား လမင်းတစ်ယောက်သာမြင်ရပြီး အိမ်ရှေ့မှာ ရပ်နေသော အကြွေးရှင်တွေ မမြင်ကြ။

ထို့ကြောင့် ဒေါ်ခင်စိန်လက်ကိုဆွဲပြီး အားကိုးတကြီးတိုင်တည်နေသော လမင်း၏လှုပ်ရှားမှုတွေသည် သူတို့အမြင်မှာ တစ်ယောက်တည်း စကားတွေပြောနေသော စိတ်ဖောက်ပြန်သည့် အရူးနှင့်တူနေ၏။

"သား. . ဘာမှမပူနဲ့ အမေရှင်းပေးမှာပါ၊ သား အမေ့ခုတင်ဘေးက စာအုပ်စင်ပေါ်မှာ အမေချဲတွက်နေကျ စာအုပ်ရှိတယ်၊ အဲဒီစာအုပ်ကြားထဲမှာ အမေမသေခင်က ထိုးထားတဲ့ ဘောက်ချာရှိတယ်"

"အာ. . အမေရာ၊ အမေက ဥပဒေနဲ့မလွတ်ကင်းတာတွေကို ခုလိုအလွယ်တကူထားလား၊ မတော်ဝင်စစ်နေမှ. . သားက အချောင်အချုပ်ထဲဝင်နေရမယ်"

"ကဲပါ. . ဒါတွေပြောမနေနဲ့၊ အဲဒီဘောက်ချာကိုယူပြီး ချဲထိရောင်းတဲ့ မိန်းမဆီကိုပြ၊ ပြီးရင် ရစရာအကြွေးနုတ်ပြီး သူတို့ဆီက ပြန်တောင်းလိုက် အမေနှစ်ထောင်ဖိုးထိုးထားတာ"

"ဗျာ. . ဒါ. . ဒါဆို အမေသေပြီးမှ ဒီဘောက်ချာထဲက နံပါတ်ထွက်လို့လား"

"ဟုတ်တယ် အမေသေပြီးမှ အဲဒီနံပါတ်ထွက်သွားတယ်၊ ဒါကို ဒင်းတို့က တိတ်တိတ်လေးဖုံးကွယ်ပြီး ငါ့သားဆီက အရင်ချဲကြွေးကို လာတောင်းနေသေးတယ်"

အမေ့ဆီမှ ထိုစကားဆုံးသည်နှင့် လမင်း ဝမ်းသာအားရ ထခုန်လိုက်သည်။

"ဟား. . ဟား. . အမေပေါက်ပြီ အမေပေါက်ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"အယ်. . ဗလ ဒီကောင်ရှူးသွားတာလား၊ အရူးကွက် နင်းပြနေတာလား၊ တစ်ယောက်ထဲလည်း စကားတွေပြောနေတယ်၊ အမေပေါက်ပြီလို့လဲ အော်တယ်"

"အေးလေ. . ကျွန်မတို့ကို အကြွေးပေးရမှာစိုးလို့ ရူးချင်ဟန်ဆောင်လိုက်တာလားမှ မသိတာ"

လမင်း သူ့အမေပြောသည့်အတိုင်း အခန်းထဲပြေးဝင်ကာ ဘောက်ချာစာရွက်ကိုယူပြီး ထွက်လာ၏။

ဥပဒေနှင့် မညီညွတ်မှန်းသိပေမယ့် ကိုယ့်အတွက် နောက်ဆုံးထွက်ပေါက်တစ်ခုဖြစ်နေသည်မို့ လမင်း ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်လိုက်သည်။

"ဒီမှာ အန်တီလှ. . ခင်ဗျား ကျွန်တော့်အမေကို မတရားမြှူဆွယ်ပြီး ဥပဒေနဲ့ မလွတ်ကင်းတဲ့ သုံးလုံးနှစ်လုံးတွေကို အတင်းထိုးခိုင်းတယ်၊ အခု ကျွန်တော့်အမေ ဦးနှောက်သွေးကြောပြတ် မသေခင်က ခင်ဗျားဆီမှာ နှစ်ထောင်ဖိုးထိုးထားတဲ့ နံပါတ်၊ တစ်နေ့က အဲဒီနံပါတ်ထွက်သွားတယ်၊ ကဲ. . ခု ခင်ဗျားအရင်လျှော်လိုက်၊ ပြီးရင် ကျွန်တော်အဲဒီအကြွေးတွေ ရှင်းပေးမယ်"

ဒီတော့ အန်တီလှမျက်နှာမှာ လူကြီးရှက်တော့ရယ်ဆိုသလို ခြောက်ကပ်ကပ်အသံကြီးနှင့် ခပ်မျှဉ်းမျှဉ်းရယ်ပြီး. . .

"အဲ. . အဲဒါက မေ့သွားလို့ပါကွယ်၊ မခင်စိန် မရှိတော့ လျှော်စရာ မလိုတော့ဘူးဆိုပြီး မလျှော်ပဲ ထားလိုက်မိတာ"

"ဘာ"

"အမလေး. . ပလုတ်တုတ်၊ ဟဲ့. . ဖြည်းဖြည်းအော်ပါ လမင်းရယ်၊ ငါလိပ်ပြာလေး လွင့်သွားပါမယ်. . ကလူး. . ကလူး. . ကလူး"

အန်တီလှ သူ့ရင်ဘတ်သူဖိပြီး အရူးကွက်ပြန်နင်း၏။





"ဖြည်းဖြည်းမအော်နိုင်ဘူးဗျ၊ ခင်ဗျားက ပေးစရာရှိတာကျတော့ အမေမရှိဘူးဆိုပြီး လျှော်လိုက်တယ်၊ ရစရာရှိတာကျတော့ အမေမရှိတော့လို့ မယူတော့ပါဘူးဆိုတဲ့ စိတ်မမွေးဘဲ လာတောင်းရလား. . ဟမ်၊ ခင်ဗျားတို့ တော်တော်လူလည်ကျတယ် အမေ့ရက်လည်တုန်းကလည်း ကူငွေလေးငါးရာထည့်ပြီး. . လာစားတဲ့လူက ခင်ဗျားကလေးရှစ်ယောက်ရယ်၊ ခင်ဗျားတို့လင်မယားရယ်၊ ခင်ဗျားအမေအိုကြီးရယ်၊ စားလိုက်ကြတော့လည်း တစ်ယောက်ကိုသုံးပွဲနှုန်း၊ ပြီးတော့ အိမ်မှာကျန်ခဲ့တဲ့အဖေ့အတွက်ပါ ပါဆယ်သယ်သွားသေး. . ၊ ဟွန်း. . မပြောချင်လို့. . ကုသိုလ်ပဲလေဆိုပြီး နှလုံးသွင်းလိုက်တာ လမင်းမောင်ဆိုတာ ခေသူမဟုတ်ဘူး"

အမေ့အားကိုးနှင့် အန်တီလှကိုဖြနေပြီ. . ။

"အဲ. . အဲလိုတော့ မပြောပါနဲ့ဟယ်၊ ငါတို့မိသားစုက ဒါနမြောက်အောင် လာပြီးအားပေးတာပါ"

"ထားပါတော့ လှူပြီးသားကိစ္စကို အကုသိုလ်အဖြစ်ခံပြီး ပြောမနေတော့ပါဘူး"

"ဟွန်း. . ပြောပြီးမှကိုး"

အန်တီလှ မကြားတကြား ပြော၏။ ဗလနှင့် ကျန်သူများ. . ကြောင်တိကြောင်တောင်တွေဖြင့် ပါးစပ်အဟောင်းသားတွေ ဖြစ်နေကြသည်။

"ကဲ. . ဒီတော့ အမေ့ကို အန်တီလှ ဆယ်သိန်းလျှော်ရမယ်၊ အဲဒီထဲက နှစ်သိန်းနုတ်လိုက်၊ ကျွန်တော့ကို ရှစ်သိန်းပေး၊ ကိုဗလကြီး ခင်ဗျားဆီမှာ အမေ အိမ်ဂရမ် ငါးသိန်းနဲ့ ပေါင်ထားတယ်၊ အတိုးကလစဉ်ပုံမှန်ပေးနေတာဆိုတော့ အန်တီလှရှစ်သိန်းပြန်အမ်းရင်. . အဲဒီအထဲကငါးသိန်းယူလိုက်၊ ကျွန်တော့်ကိုအိမ်ဂရန်ပြန်ပေး. . ၊ မပေးရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုဗလကြီးရဲ့ စမောလ်လေးအိမ် ဘယ်မှာရှိလဲဆိုတာ အစ်မကြည်သန်းကို သွားပြီးပြောလိုက်ရမယ်"

"ဟာ. . . ဟော့ကောင် မင်းအိမ်ဂရန်ကို ငါလာပြန်မပေးဘဲ မနေပါဘူး၊ ငါ့ပိုက်ဆံငါးသိန်းရရင် ချက်ချင်းကိုလာပေးမှာ"

ကိုဗလကြီး သူမယားငယ်နေတာ သူ့မိန်းမသိမည်စိုး၍ ပျာပျာသလဲ ကတိပေး၏။

"လမင်း သူတို့ကိစ္စရှင်းပေးပြီးပြီ. . ငါ့ကိုရော"

ကိုမြမောင်ကပါ သူ့အကြွေးတွေရှင်းပေးဖို့ ပြောပြသဖြင့် လမင်းမောင် ခပ်မိန့်မိန့်ပြုံးလိုက်ပြီး. . .

"ဒီလောက် ကြီးကြီးမားမားတွေတောင် ခုချက်ချင်း ရှင်းထုတ်ပေးပြီးမှတော့. . . ခင်ဗျားငွေ အသေးအမွှားလေးကို ကျွန်တော်က ရှင်းမပေးပဲ ထားမလားဗျ၊ ကဲပြော. . ဘယ်လောက်လဲ"

"ငါးသောင်း"

"ဩော်. . ဟော်. . ဟော်. . ဟော် ငါးသောင်းထဲကို စာလာဖွဲ့နေလားဗျ၊ စိတ်ချ. . သေသွားတဲ့ ကျွန်တော့်အမေကို နောင်ဘဝအထိ မြေမခံခိုင်းဘူး၊ အန်တီလှဆီက ရတာနဲ့ လာပေးမယ်၊ ကဲ. . ကြားတယ်နော် အန်တီလှ၊ ကျွန်တော့ကို ငွေရှင်းပေးရင်ပေး. . မပေးရင် မသမာတဲ့နည်းနဲ့ ငွေရှာနေတဲ့ကိစ္စကို ရဲတိုင်ပစ်မယ် တမလွန်က ကျွန်တော့်အမေကလည်း ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

"အေး. . အေးပါဟယ် ငါ့ထမင်းအိုးကိုတော့ ရိုက်မခွဲပါနဲ့နော်"

ထိုသို့ ရဲရဲတောက် ကြွေးကြော်ပစ်လိုက်သည်နှင့် အကြွေးရှင်တွေအားလုံး ကိစ္စပြေလည်သွားပြီမို့ အိမ်ရှေ့ကနေ အားလုံးသုတ်ခနဲ လှည့်ပြန်သွားကြတော့သည်။

"ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . ကဲ အမေကြားတယ်နော်၊ အမေ့အ





ကြွေးကိစ္စတွေ သားဘယ်လောက် ရင်ဆိုင်ဖြေရှင်းလိုက်ရသလဲ. . လို့"

လမင်းဆရာကြီးလေသံနှင့် မာန်တက်စွာ ပြောလိုက်သဖြင့် ဒေါ်ခင်စိန်ထံမှ လက်သံသည် ခေါင်းပေါ်သို့ ဒေါက်ခနဲကျကာ. . .

"ဒေါက်"

"အောင်မယ်. . ငါ့အကြွေးကို ငါ့ဘာသာငါဆပ်ရတာလေ သောက်ကောင်လေးရဲ့၊ မင်းက ဘာအစွမ်းအစရှိလို့လဲ"

"အောင်မလေးဗျ အမေရဲ့ ခေါင်းမခေါက်ပါနဲ့ ညဘက်သေးပေါက်ရင် ထတည်ပေးမယ့်သူ မရှိဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"ဘာ. . မင်းက ဒီအိမ်ရောင်းပြီး ရန်ကုန်သွားမလို့ ဟုတ်လား"

"ဟုတ်တယ် ဦးလေး. . ဒီမှာနေရင် ကျွန်တော့်ဘဝ ဘာမှ တိုးတက်မှာ မဟုတ်ဘူး၊ နောက်ပြီး ဒီမြို့မှာက ကျွန်တော့်ကို အနိုင်ကျင့် ချင်တဲ့ လူတွေချည်းပဲ၊ အမေကလည်း မရှိတော့ဘူးဆိုတော့ ကျွန်တော့် ကို ဘယ်သူကာကွယ်ပေးမလဲ"

"ဟ. . ငါတစ်ယောက်လုံးရှိတယ်လေ၊ မင်းက ငါ့တူအရင်း ကြီး၊ ငါ့အစ်မ မရှိတော့တဲ့နောက်ပိုင်း မင်းကိုစောင့်ရှောက်ဖို့ ငါ့မှာ





တာဝန်ရှိတယ်လေ"

"ဒါပေမယ့် ဦးလေးရာ. . ဦးလေးလည်း ကိုယ့်မိသားစုတာဝန် နဲ့ကိုယ် ဟိုဘက်နည်းနည်းတိုးပါ အခြေနေမျိုးဖြစ်နေတာ၊ နောက်ပြီး ဒီမှာက စီးပွားရေးလုပ်ဖို့ ဘာအခွင့်အလမ်းမှ မရှိဘူး၊ ရန်ကုန်မှာက အခွင့်အလမ်းတွေ အများကြီးရှိတယ်၊ ဒါတင်မကဘူး ကောင်မလေး တွေလည်း ချောမှချော လန်းမှလန်း၊ ရန်ကုန်သူလေးတစ်ယောက်နဲ့သာ အိမ်ထောင်ကျပြီး ရန်ကုန်သားဖြစ်ခွင့်ရမယ်ဆို ကျွန်တော်သေပျော်ပါ ပြီဗျာ. . ."

တူဖြစ်သူ၏ ရည်ရွယ်ချက်ကြီးမားပုံက ဦးညွှတ်လောက် သည်ဟု ခပ်ရွဲ့ရွဲ့တွေးပြီး ကွမ်းတမြုံ့မြုံ့နှင့် ဝါးနေသော ပါးစပ်ကြီးကို မဲ့ပစ်လိုက်သည်။

"မင်းက တကယ့်မယားတရူးပဲကွ၊ ကိုယ့်နယ်က မိန်းကလေး တွေက ရိုးသားကြတယ်. . ဒါကို. . အလှလို့မမြင်ပဲ သုံးလိုက်ဖြုန်းလိုက်နဲ့ တစ်ချိန်လုံး အလှတွေပြင်ပြီ ရည်ရွယ်ချက် ပျောက်နေတဲ့ မိန်းကလေးမျိုးကို ကျတော့ မက်တယ်၊ မြင်ယောင်ပါ သေးတယ် မင်းလိုကောင်မျိုး ရွံ့ဖိတ် ခံထားရတဲ့ မိန်းမမျိုးနဲ့ ညားမယ့် ကောင်"






www.burmeseclassic.com

www.burmeseclassic.com



မညှာမတာ ပြောရက်သော ဦးလေးစကားကြောင့် လမင်းမျက်နှာကြီး အလိုမကျစွာ ရှုံ့မဲ့သွားသည်။

“ဝါးလုံးရှည်နဲ့ သိမ်းမရမ်းပါနဲ့ ဦးလေးရာ၊ ရန်ကုန်မှာ အဲလိုမိန်းကလေးမျိုးတွေရှိသလို ရိုးသားထက်မြက်ပြီး ပန်းပွင့်ကလေးတွေလိုလှတဲ့ မိန်းကလေးမျိုးတွေလည်း တစ်ပုံကြီးပါ”

“အေးပါ . . ထားပါတော့၊ ဒီမှာတောင် ကိုယ့်ခြေထောက်ပေါ်ကိုယ်မရပ်တည်နိုင်ဘဲ ကိုယ်နဲ့စိမ်းတဲ့ဒေသမှာ မင်းဘယ်လိုသတ္တိမျိုးနဲ့ရပ်တည်မလဲ ဘယ်လိုခြေထောက်မျိုးနဲ့ ရပ်တည်မလဲ”

နုံတုံတုံ အတတနှင့် အရိပ်သုံးပါး နားမလည်သော တူဖြစ်သူအတွက် ရတာက်မအေးတာတော့ အမှန်ပင်။

ကိုယ့်လမ်းကိုယ်လျှောက်ပြီး ဘဝကိုရပ်တည်ဖို့ ခွန်အားလေးရှိလာတာကိုတော့ စိတ်ထဲမှာ ကျေနပ်မိသည်။ အမြဲတမ်း နှိုးသက်ခံစိုလာသော တူကို ဦးလေးတစ်ယောက်အနေနဲ့ ကူညီဖေးမစောင့်ရှောက်ဖို့အတွက် စိတ်သာရှိသည်၊ ကိုယ့်ဟာနှင့်ကိုယ်တောင် သားသမီး ခုနစ်ယောက်နဲ့ ရုန်းကန်နေကြရတာ ဒီတူကို ဘယ်လိုစောင့်ရှောက်နိုင်မည်လဲ. . .။

တူဖြစ်သူ၏ အကျင့်က သူဘေးမှာ အမှီသဟဲပြုရမယ့်သူ ရှိနေလျှင် သူ့အစွမ်းအစကို ထုတ်သုံးဖို့ စိတ်ကူးမရှိတော့ဘဲ မှျောလိုက်သောအကျင့်က သူ့သက်တမ်းတစ်လျှောက်မှာ ခေါက်ရိုးကျိုးနေပြီးသား။

ဒီတော့ ကိုယ့်လမ်းကိုယ်လျှောက် ကိုယ်တံတားကိုယ်ဆောက်ဆိုသလို သူ့ရှေ့ရေးကိုသူ ဘယ်လိုပုံဖော်မလဲ စောင့်သာကြည့်ပေးလိုက်တော့မည်မို့ ရန်ကုန်တက်ပြီး စီးပွားရှာမည့်ကိစ္စကို တားမနေတော့။





သူ ငယ်စဉ်ကတည်းက ယခုကြီးပြင်းလာသည့် မကွေးတိုင်းပွင့်ဖြူမြို့ကလေးဟာ သူ့ခေတ်သူ့အခါနှင့် အပြိုင်ဖွံ့ဖြိုးတက်မှုနှင့်ယှဉ်လျှင် ဆင်တစ်ကောင်နှင့် ပုရွက်ဆိတ်တစ်ကောင်လို ယှဉ်၍မရနိုင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

ရန်ကုန်မြေကို ယခင်က ခြေချခဲ့ဖူးပေမယ့် ယခုလောက် စိတ်လှုပ်ရှားစရာမကောင်း။ အရင်က မကြာမကြာ ရောက်ဖူးသည်ဆို တာကလည်း အမေနှင့်လိုက်လာပြီး အမေ့အဒေါ်တွေ ဦးလေးတွေ အိမ်ကို လာလည်ခြင်းဖြစ်သည်။

ခုရောက်လာသည်ဆိုတာက အမေ မရှိတော့သည့်နောက်ပိုင်း ကိုယ့်ဘဝကိုယ် ရန်ကုန်မှာပဲ ဇာတ်မြုပ်ဖို့ ခြေလက်ဗလာနှင့် လာခြင်းမ ဟုတ်။ အမေရဲ့ မြေဝိုင်းတစ်ဝိုင်းနှင့် အိမ်ကိုရောင်းလိုက်သည့် ငွေ





သိန်းနှစ်ရာ့ရှစ်ဆယ် ထည့်ထားသော ဘဏ်စာအုပ်ဖြင့် တက်လာခြင်း ဖြစ်သည်။

ဒီတော့. . လမင်းမောင်၏ ခြေလှမ်းတွေက အမေ့ပြာအိုးကို ပိုက်ထားပြီး သွက်လက်မြောက်ကြွနေတာပေါ့။

"ဘွားလေးရေ. . ဘွားလေး. . ဗျို့ ဘွားလေး"

တကြော်ကြော် အော်ခေါ်နေသော လမင်းမောင်ကို လမ်း သွားလမ်းလာ လူအချို့ကြည့်ကာ ပြုံးစိစိဖြင့် ရယ်သွားကြသည်။

ကျောပိုးအိတ်နှစ်လုံးကို တစ်ဖက်တစ်ချက်တွင် လွယ်ပြီး အမေ့ အရိုးပြာအိုးကိုပိုက်ကာ အညာလေသံဖြင့် တကြော်ကြော် အော် ခေါ်နေသော သူ့ပုံစံက ရယ်စရာကောင်းနေမှန်းတော့ သူလည်း သိပါ သည်။

အဘွားညိုတုတ် အိမ်ရှေ့သို့ထွက်လာပြီး ခြံဝမှာ အထုပ်တွေ လွယ်ကာ ကိုးရိုးကားရားရပ်နေသော လမင်းကို မျက်မှောင်လေး ကျုံ့ ကာ ငုံ့ကြည့်သည်။ အသက်ကြီးလာ၍ အမြင်အာရုံတွေ သိပ်မသဲကွဲ တော့မှန်း သိသာသည်။

"ဝေ. . ဘယ်သူတုန်း သာနိုးလား"

"သာနိုးမဟုတ်ဘူး ဘွားလေးရဲ့ ဒေါ်ခင်စိန့်သား လမင်းမောင် ပါ"

"ဩော်. . အေး. . လာ မြေးရဲ့. . ဝင်ခဲ့. . အသက်တွေရလာ တော့ မျက်စိတွေလည်း မှုန်နေပြီလေ၊ ဖြုန်းခနဲဆိုရင် ဘယ်သူဘယ်ဝါ မသဲကွဲဘူး"

လမင်းမောင် ခြံတံခါးကိုတွန်းဖွင့်ပြီး အိမ်ပေါ်သို့ တက်ခဲ့ လိုက်သည်။

"လာ. . သား ထိုင်ပါဦး၊ မင်းအမေရော. . ရန်ကုန်ကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲ လာတာလား"

"အဘွားလေး. . ဘွားလေးရယ်၊ ကျွန်တော်. . ကျွန်တော်. . ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ပြောရင်းဖြင့် အော်ကြီးဟစ်ကျယ် ငိုပြန်တော့သည်။ ဘွားလေးခဗျာ ပြူးန်းစားကြီး အော်ငိုနေသော လမင်းမောင်ကိုကြည့်ပြီး ဘာကြောင့်ငိုမှန်းမသိ. . ခင်စိန်များ တစ်ခုခုဖြစ်လို့လား။

ဒီလောက် ဒေါင်ဒေါင်မြည်အောင် ကျန်းမာသည့် ခင်စိန်ဘာမှတော့ ဖြစ်လောက်မယ်မထင်။ ထင်စရာတစ်ခုတည်းသာရှိသည်။ သူ့အရွယ်ကသာ ငါးဆယ်နားဆိုပေမယ့် နုပျိုတုန်း လှပတုန်း. . . နောက်ယောကျ်ားတစ်ယောက်ကတော့. . ကပြီးတော့တောင် ယူနိုင်သေး။

ဒီတော့ လမင်းမောင် တက်မတတ်ချက်မတတ် တွန့်တွန့်လူးအောင်ငိုနေတာဟာ သူ့အမေ သူ့ကိုထားခဲ့ပြီး နောက်လင်ယူသွားလို့ပဲ ဖြစ်ရမယ်ဟု ဘွားလေး တွေးလိုက်သည်။

ဒါဟာ ယုတ္တိတန်သော အတွေးမို့ အမေလင်ယူတာ အားငယ်ပြီးငိုနေသော မြေးလေးကိုသာ ဖျောင်းဖျချော့မြူရတော့မည်ပေါ့။

"အို. . သားရယ် ငိုမနေပါနဲ့၊ မင်းအမေလည်း အရွယ်ကောင်းသေးတာပဲ တရားနဲ့သာဖြေပါ၊ ဒါဟာ လောကရဲ့ သဘာဝတရားတွေပဲလေကွယ်"

"အဲ. . အဲဒါကို ပြောတာပါ ဘွားလေးရာ၊ ဒီလောက်အရွယ်လေးနဲ့ သားကိုကျော်ခိုင်းသွားရသလား. .၊ ခုတော့. . သားမှာလေသောင်ပြင်လွတ်တဲ့ ခွေးစုတ်ဖွားလေးလို ကူကယ်ရာမဲ့ဖြစ်ပြီး ဘဝကိုဘယ်လိုပုံစံမျိုးနဲ့ ရပ်တည်ရမှန်းတောင် မသိတော့ပါဘူး၊ ခုတော့. . သားမှာ အအိပ်ပျက် အစားပျက်နဲ့ ဘဝကို အမေမရှိဘဲနဲ့ ဘယ်လိုရပ်





တည်ရမှန်းတောင် မသိတော့ပါဘူး"

"ဩော်. . . သားရယ်၊ တစ်ပင်လဲမှ တစ်ပင်ထူ၊ အကွပ်မရှိတဲ့ ကြမ်း ပရမ်းပတာ၊ လင်မရှိတဲ့မယား မတင့်တယ်. . ဆိုသလို သူ့ဘဝရဲ့ အားကိုအားထား ပြုနိုင်တဲ့ယောကျ်ားကို ယူသွားတဲ့အတွက် သားအနေနဲ့ အပြစ်ရယ်လို့ မထင်ပါနဲ့၊ ပုထုဇဉ်မို့လား. . ကိလေသာမီး ဘယ်ငြိမ်းနိုင်ဦးမလဲကွယ်၊ အရာရာကို တရားသဘောလေးနဲ့ ဆင်ခြင်ရင်. . ကုသိုလ်ရပါတယ်ကွယ်. . "

"အယ်. . လွဲ. . လွဲကုန်ပြီ"

ရှည်ရှည်ဝေးဝေး ဆုံးမနေသော တရားစကားတွေကြောင့် လမင်းမောင် မျက်လုံးပြူးသွားသည်။ ရှေ့ဆက်ငိုဖို့ပင် ဆက်မငိုတော့ဘဲ မျက်ရည်စက်လက် ပါးစပ်အဟောင်းသားနှင့် အဘွားလေးကိုကြည့်ကာ. . .

"အ. . အဘွားလေး၊ သားပြောတာ အမေနောက်လင်ယူတာကို ပြောတာမဟုတ်ဘူး"

အဘွားလေးမကြား။ ကိလေသာကြားမခိုသော မျက်နှာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

"အင်းပေါ့လေ သားဆိုတာ တစ်ချိန်အတောင်အလက်စုံရင် သူ့ဟာသူ လွတ်ရာလွတ်ကြောင်း ပျံသန်းသွားမှာ မဟုတ်လား၊ ဒီတော့ သူ့ဘဝအတွက် ဆေးပေးမီးယူ ဆိုတာလေးကို သူ့အနားမှာ ကြိုထားမှ နောင်ရေး စိတ်အေးရမှာပေါ့၊ အင်းလေ. . သူ့မှာ သက်တမ်းရင့် မုဆိုးမဘဝက ခုမှပဲ လွတ်တော့တယ်"

ခပ်ညည်းညည်း ပြောနေသော ဘွားလေးကို ဘယ်လိုပြောရပါ့၊ သူထင်ရာတွေ စွတ်တင်ပြီး သူတွေးချင်ရာတွေကိုသာ စွတ်တွေးနေတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားလေး သားပြောတာကို သေချာနားထောင်ပါဦး၊ ဘွားလေးထင်တာ လွဲနေပြီ"

"ဟေ. . ဘာလွဲတာလဲ မြေးလေးရယ်"

"အမေက နောက်လင်ယူသွားတာမဟုတ်ဘူး ဘွားလေးရဲ့"

ပြောရင်းနှင့် တဟီးဟီး ငိုပြန်သည်။

"အလို. . ဒါဆို. . ဘာဖြစ်လို့တုန်း၊ ဘွားလေးနားရှင်းအောင် ပြောပါကွယ်"

နားလေးပါးလေးနှင့် သူပြောချင်ရာ စွတ်ပြောနေသော ဘွားလေးမှာ ခုမှ မထိတ်သာမလန့်သာဖြင့် စိုးရိမ်တကြီး မေးလေသည်။

"အမေလေ. . အမေ. . အင့်"

လမင်း တစ်ချက်ရှိုက်လိုက်သည်။ မျက်ရည်စတို့ကို အားရပါးရ ဆွဲသုတ်လိုက်ပြီး. . .

"ဆုံးပြီ. . ဆုံးပြီ. . ဘွားလေးရဲ့"

"ဗုဒ္ဓေါမြတ်စွာ အလတ်ကြီးရှိသေးတဲ့ဟာ. . ဘယ်နှယ့်ရောဂါကြောင့် သေတာတုန်း"

"မနက်ပိုင်း အုန်းနို့ခေါက်ဆွဲစားတယ်၊ နေ့လယ်စာကို ဝက်သားနဲ့ မျှစ်ချဉ်ချက်ပြီး ငပိထောင်းနဲ့စားတယ်၊ ပြီးတော့. . နေ့ခင်းလည်းကျရော ဦးခင်အောင်ဝယ်လာပေးတဲ့ ဒူးရင်းသီးစားတယ်"

"အမလေး. . ဘုရား. . ဘုရား၊ စားတာတွေက ကြောက်စရာကြီးပါလား"

နားထောင်နေရင်းမှ ဘွားလေး ရင်ဘတ်တဖိဖိနှင့် စိတ်မသက်မသာ ညည်းတွားနေ၏။

"ဒါတင်ဘယ်ကဦးမလဲ ဘွားလေးရယ်၊ ညနေကျတော့ အမေ့သူငယ်ချင်းအိမ်က ဒံပေါက်ထမင်းတွေ လာပို့လို့ ညနေစာကို ဒံပေါက်





ကလေးနဲ့ သားကိုဝယ်ခိုင်းတဲ့ ဖာလူဒါလေးနဲ့ တွဲလိုက်တယ်လေ၊ အဲဒါစားပြီး ကိုဗလကြီးတို့အိမ်ကို အတိုးသွားပေးရင်းနဲ့ ငါးသလောက်ပေါင်းမြည်းကြည့်ပါဦးလို့ ပြောတာနဲ့ စတီးဇွန်းနှစ်ဇွန်းစာလောက် ခပ်မြည်းလိုက်သေးတယ်တဲ့လေ. . ."

"ဘုရားရေ. . ဒါဆိုရင် သေတာတောင် နည်းသေးတယ်လို့ ပြောရမလိုတောင် ဖြစ်နေပါလား၊ ဒီလောက် အန္တရာယ်ဖြစ်မယ့် အစားအစာတွေကို စားမှတော့ မင်းအမေ ခုလိုအသက်မထွက်ဘဲ နေတော့ မလားမြေးရယ်၊ ငါ့နှယ့် ဒုက္ခတော့ တွေ့ပါပြီ၊ အင်း. . . အနိစ္စ ဒုက္ခ အနတ္တ. . အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ်"

"အစားမတော်တစ်လုတ် ဆိုပေမယ့် အမေစားတာ တစ်လုတ်မှ မကဘဲ ဘွားလေးရဲ့. . မသေမချင်းကို စားသွားတာလေ၊ အီး. . ဟီးဟီး. . သူများတွေက ပြောကြသေးတယ် အမေ့ကို. . မသေခင် ရိက္ခာယူသွားတာ သေရတာတန်ပါတယ်တဲ့"

"အို. . လူတွေ. . လူတွေ မညှာမတာ ပြောရက်လိုက်ကြတာ၊ ဒီလိုသေမယ်မှန်းသိရင် သူ ဒါတွေကို ဘယ်စားမတုန်း၊ အမလေး. . ငါဘယ်လိုပြောရမတုန်း ခင်စိန်ရဲ့၊ သေမင်းက ငါတို့လိုလူ့လောကအတွက် ဘာမှအသုံးမဝင်တော့တဲ့ လူအိုလူပိုတွေကိုတော့ မခေါ်ဘူး. ."

ပြောရင်းနှင့် ဟီးခနဲငိုချလိုက်ပြန်သည်။

ဘွားလေးငိုတော့ လမင်းမောင်ပါ တစ်ကြောထပ်ငိုပြန်သည်၊ ဘွားလေးငိုနေရင်းမှ ဆက်တီစားပွဲပေါ် တင်ထားသော အရိုးပြာအိုးကို ကြည့်ပြီး အငိုရပ်သွားကာ. . .

"ဒါနဲ့. . ဒီအိုးက ဘာအိုးတုန်း၊ မင်းအမေခင်စိန်ထားခဲ့တဲ့ လက်ဝတ်လက်စားတွေလား"

"မဟုတ်ပါဘူး ဘွားလေး၊ အဲ့ဒါ. . အမေ့အရိုးပြာအိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဟမ်. . အမလေး. . ဖတ်. . ဖတ်. . ရွှေအိမ်ငွေအိမ်၊ ဒါ. . ဒါကြီးကို အဲလိုအိမ်ပေါ်တင်လို့ မရဘူးလေကွယ် အိမ်ခိုက်တယ် ငါ့မြေးရဲ့. . .”

စောစောကတော့ ငိုကြီးချက်မနှင့် တသသငိုနေပြီးတော့. . ယခု အရိုးပြာအိုးလည်းဆိုရော အယူတွေထသီးကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော ဘွားလေးကို နားမလည်စွာ ကြောင်ကြည့်နေ၏။

“မင်းက တရုတ်လူမျိုးမို့လို့ အရိုးပြာအိုးတွေ ဘာတွေ လုပ်တာလား. . ဟမ်၊ သေပြီးတဲ့သူ ဖြောင့်ဖြောင့်တန်းတန်း လွတ်လမ်းဝင်ဖို့ ဘယ်လောက် အဟန့်အတား ဖြစ်တယ်မှတ်လဲ”



ဆူပြောပြောနေသော ဘွားလေးစကားကြောင့် လမင်း ဆင်ခြေပေးရန် မျက်နှာငယ်လေးနှင့် ပြန်ကြည့်၏။





“အဲ. . အဲဒါ. . ကျွန်တော့် ဆန္ဒမဟုတ်ပါဘူး ဘွားလေးရာ၊ အမေကလေ သူကောင်းစဉ်အခါတုန်းက မကြာမကြာ ပြောဖူးတယ်၊ အမေ သားကို စိတ်မချဘူးတဲ့၊ အကယ်၍ ငါသာ ခိုးခနဲခေါက်ခနဲ သေသွားခဲ့မယ်ဆိုရင် မီးသဂြိုဟ်ပြီးတဲ့ ငါ့အရိုးပြာကို နင့်ကိုယ်နဲ့မကွာ သာထား ပြာပုံဘဝနဲ့ လိုက်စောင့်ရှောက်မယ်တဲ့လေ. . ၊ အင့်. . ဟီး ဒါကြောင့် အမေ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ခုလိုပြာအိုးလေးနဲ့ ကျွန်တော့်အနားကို ခေါ်ထားရတာပါ အဖွားလေးရယ်”

“ဒါပေမဲ့ ခုလိုမျိုးထားလို့တော့ ဘယ်သင့်တော်မလဲကွယ်. . ခင်စိန်နဲ့ ငါတို့က တစ်ဘဝစီခြားသွားပြီလေ၊ နဂိုကမှ နင့်ဘိုးလေးက ယုံ့ယုံ့ရယ် ခုတောင် နေသိပ်မကောင်းပဲနဲ့ လမ်းလျှောက်ထွက်သွားတာ”

“စိတ်ချပါ ဘွားလေးရယ်၊ ကျွန်တော်နေဖို့ အိမ်ဝယ်ပြီးရင် ဘွားလေးအိမ်ပေါ်မှာ အမေ့ကို တင်မထားပါဘူး”

“မင်းက ဘယ်လောက်တန် အိမ်ဝယ်မလို့လဲ ငွေမီပါ့မလား၊ ရန်ကုန်မှာက အိမ်ဈေးတွေ ခေါင်ခိုက်နေတာပဲ”

“ကျွန်တော် အိမ်နဲ့ဝိုင်းကို ရောင်းလာတာ သိန်းနှစ်ရာ့ရှစ် ဆယ်ရတယ်”

“အင်း. . ဒါဆိုရင်တော့ လုံးချင်းအိမ်ကောင်းကောင်း တစ်လုံးလောက်တော့ ဝယ်လို့ရပါတယ်ကွယ်၊ ဘယ်မှ သွားရှာစရာ မလိုဘူး၊ ဘွားလေးတို့ ရပ်ကွက်အစွန်မှာ လူမနေတဲ့ အိမ်တစ်လုံးရှိတယ်၊ အဲဒီမှာ ရောင်းဖို့ ဆိုင်းဘုတ်ချိတ်ထားတယ်၊ ကံကောင်းရင် ဈေးသက်သက်သာသာနဲ့တောင် ရလောက်တယ်”

“ဟား. . . ဒါဆိုရင်တော့ အဆင်သင့်လိုက်တာ ဘွားလေးရာ၊ လုပ်ပါ အားကိုးပါတယ်”

“ငါ့ကိုပဲ အားမကိုးနဲ့ ကိုယ့်အားကိုယ်ကိုးဖို့အတွက် မင်း အာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကိုင်စားမလဲ”

“သြော်. . ဒါကတော့ ဖြည်းဖြည်းစဉ်းစားတာပေါ့ ဘွားလေးရယ်၊ ကျွန်တော်အထိုင်ကျရင် အမေနဲ့တိုင်ပင်ရဦးမှာလေ”

အမေနှင့် တိုင်ပင်မည်ဆိုသောစကားကြောင့် ဘွားလေး မျက်လုံးပြူးသွားသည်။

“မင်းအမေမှ မရှိတော့တာ ဘယ်လိုတိုင်ပင်မလဲ”

“ဒီမှာလေ အမေက ဒီမှာရှိတယ်”

အရိုးပြာအိုးကို လက်ညှိုးထိုးပြသဖြင့် ဘွားလေးပို၍ပင် မျက်လုံးပြူးသွားသည်။

လမင်းမောင်က ဝိညာဉ်တွေနှင့် ဆက်သွယ်ပြောဆိုနိုင်သည့် စိတ်တန်ခိုး ရှိနေလို့များလား။







# အခန်း(၆)

ဘွားလေးအကူအညီဖြင့် အိမ်ဝယ်ပြီး အဆင်ပြေမည် ကြံကာရှိသေးသည်. . အမေက လမင်းအား မဖြစ်နိုင်တာကို စတင်တောင်းဆို၏။

“ဗျာ. . ဟာ မဖြစ်နိုင်ပါဘူး အမေရာ၊ သားမှ ဗေဒင်မဟောတတ်တာကိုး”

“အမေသိပါတယ် သားရယ်၊ ဒါပေမဲ့ အမေလေ တမလွန်ကိုရောက်ပြီးမှ လူတွေရဲ့ကံကြမ္မာကို ကြိုမြင်နိုင်တဲ့ အစွမ်းတစ်ခုကို ရနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဗေဒင်ဟောရမှာ မဟုတ်ဘူး၊ ရှေ့ဖြစ်နိမိတ် ဟောပေးရုံလေး ပါ"

အမေ့စကားကြောင့် လမင်းမောင် ခန္ဓာကိုယ် ဆတ်ခနဲ မတ်သွားပြီး အမေ့အရိပ်ကို ကြည့်လိုက်သည်။ အမေ့မျက်နှာပေါ်မှာ ညာပြောနေသည့် အရိပ်အယောင် မတွေ့ရ။

"ဒါ. . ဒါဆိုရင် အမေက လူတွေလို အကြားအမြင်ရနေတဲ့ သဘောလား"

"ဝိညာဉ်တွေမှာ လူတွေဆီမှာ မရှိနိုင်တဲ့ စိတ်တန်ခိုးတွေ ရှိသလို၊ လူတွေဆီမှာလည်း ဝိညာဉ်တွေ မလုပ်ဆောင်နိုင်တဲ့ အရာမှန်သမျှကို လုပ်ဆောင်နိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိတယ်သား၊ ဒါကြောင့်လဲ သူတို့ကျွတ်တမ်း လွတ်တမ်းဝင်နိုင်ဖို့ သူတို့ကို ဘာလှူပေးပါ၊ ညာလှူပေးပါဆိုပြီး အိပ်မက်တွေပေးကြ ကိုယ်ထင်ပြကြနဲ့. . သူတို့ရဲ့ဆန္ဒတွေကို လူတွေသိအောင် တစ်နည်းနည်းနဲ့ ဆက်သွယ်ကြတယ်၊ ဉာဏ်သိပ်မမီတဲ့ လူတွေကျတော့ ဒါကိုသရဲခြောက်တယ်ဆိုပြီး တမလွန်ရောက်သွားတဲ့သူတွေကို ကြောက်ကြတယ်"

"ဒါ. . ဒါဆိုရင် အမေရော အမေ့အတွက် ကျွန်တော် ဘယ်လိုကောင်းမှုကုသိုလ်တွေ လုပ်ပေးရမလဲပြောနော်. . သားအမိအချင်းချင်း အားနာစရာမလိုဘူး"

"မင်းက အမေ့ကို ဘေးမှာ မထားချင်တော့ဘူးလား၊ အမေမရှိဘဲ မင်းဘာသာ ဘဝကို ရပ်တည်လို့ရပြီလား"

"အဲ. . အဲလိုတော့ မဟုတ်ဘူးလေ အမေရာ၊ သားက အမေများ ကုသိုလ်ကောင်းမှုလေး လုပ်ချင်မလားလို့"

အမေ့ဝိညာဉ် စိတ်ဆိုးသွားမည်စိုး၍ လေပြေလေးနှင့် ပြန်၍ချော့ရသည်။





"အမေကိုယ်တိုင် လူ့လောကထဲမှာ ရှိနေသေးတဲ့ လူတွေရဲ့ အပူသောကအချို့ကို ငြိမ်းပေးချင်တယ်၊ သူတို့ရဲ့အနာဂတ်ကို သူတို့ ကြိုမမြင်နိုင်လို့ ကြိုမြင်နိုင်တဲ့ အမေက သူတို့ကိုသတိပေးပြီး လမ်းမှန်ကို လျှောက်စေချင်တယ်. . ၊ အမေကိုယ်တိုင်တောင် လောဘဒေါသမောဟမီးတွေ လောင်မြိုက်ပြီး ဒီဘဝရောက်ခဲ့ရတယ်ဆိုတော့ အမေ့လို ဘဝအမှောင်ထဲ မရောက်အောင် အမေကူညီချင်တယ်"




အလေးအနက်ပြောနေသော အမေ့ဆန္ဒတွေကို လမင်း ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်သည်။ ဒီတော့. . အမေပြောသည့် ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာအလုပ်ကို သူ မဖြစ်မနေလုပ်ပြီး ခုနစ်ရက်သားသမီးတွေကို ကယ်တင်မည်။

သို့သော် ဒီထက်အရေးကြီးတာတစ်ခု ရှိသေးသည်။

"အမေ. . အမေက ခုနစ်ရက်သားသမီးတွေကိုကျတော့ ကယ်မယ်တဲ့. . သားကိုကျတော့ မကယ်ဘူးလား"

ကလေးတစ်ယောက်လို ဖွတ်အတင်း လိုချင်တာ ပူဆာတော့မည့်ဟန်နှင့် အမေ့နား ကပ်သွားလိုက်၏။

"ဘာလဲသားရယ် မင်းဘေးမှာ အမေတစ်ယောက်လုံး ရှိနေသေးတာဟာ အမေ မင်းကိုစောင့်ရှောက်တာပဲပေါ့"

"အာ. . အဲလိုစောင့်ရှောက်ရုံနဲ့. . သားက မိန်းမ,မယူရတော့ဘူးလား"

ဒီလိုနဲ့ ဒွဲပြောတော့မှ သားဖြစ်သူ ဘာကို အာသာငမ်းငမ်း တောင့်တနေသလဲဆိုတာကို သိတော့သည်။ ထို့ကြောင့် ကလေးဆန်လွန်းသော သားဖြစ်သူကို မိခင်တစ်ယောက်၏ မေတ္တာတွေနဲ့ပြည့်နှက်နေသည့် အကြည့်ဖြင့် ခပ်ပြုံးပြုံးကြည့်ကာ. . .

"ရှာပေးမှာပေါ့ သားရယ်၊ အမေလေ မင်းနဲ့သင့်တော်မယ့် မိန်းကလေးတွေ့ရင် အိမ်ကို အပါခေါ်ပေးမယ် ဟုတ်ပြီလား"

ခုမှပင် လမင်းမောင် ကိလေသာပြည့်သော အပြုံးမျိုးဖြင့် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ပြီး. . .

"တကယ်နော် အမေ. . သားတကယ်မိန်းမရမှာ၊ နောက်. . အလန်းလေးနော်၊ ဥစ္စာပေါ ရုပ်ချောလေးနော်. . အမေ. . နော်. . နော်လို့. . "

"အေးပါ မယားတရှူးလေးရယ်၊ မင်းအချိန်တန်ရင် မိန်းမ ရကို ရမှာပါ၊ ငါ့သားလေး ထင်မှတ်မထားရလောက်အောင်ကို ကျိကျိတက်





ချမ်းသာဦးမှာ၊ အမေပြောတာ မယုံမရှိနဲ့ ငါ့သားလေးရဲ့ ကံဇာတာက တက်ရင် တစ်ရှိန်ထိုးကို တက်မှာ"

"အောင်မလေး ဝမ်းသာလိုက်တာအမေရာ. . ကျွန်တော်အဲဒီအချိန်ကို မြန်မြန်ရောက်ချင်ပြီ"

လမင်းမောင် လက်ဝါးနှစ်ဖက်ကို ပွတ်ပြီး မှိုရသည့် မျက်နှာဖြင့် ပျော်၍နေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"ဆရာ. . . ဆရာရှိပါသလား"

နားထဲသို့ အသံချိုချိုလေး တိုးဝင်လာသဖြင့် လမင်း ကုလားထိုင်ပေါ်တွင် တခေါခေါ အိပ်နေရာမှ မျက်လုံးတွေ ဖျတ်ခနဲပွင့်ကာ ခေါင်းထောင်ကြည့်သည်။

အဝါနုရောင် ဝမ်းဆက်ကလေးနှင့် ဖြူဖွေးနုညက်အောင် လှရက်လွန်းသူလေးမို့ လိုတာထက်ပို၍ ပြုံးသောအပြုံးဖြင့် ကုလားထိုင်မှ ငေါက်ခနဲ ထလိုက်သည်။





"ဘာကိစ္စရှိလို့လဲ ညီမလေး"

ကောင်မလေး ခပ်ယို့ယို့လေး ပြုံးပြီး မျက်လုံးလေးဝင့်ကာ. .

"ဆရာက ရှေ့ဖြစ်နိမိတ်ဖတ်တဲ့ ဆရာဆို. ."

"ဟမ်. . အဲ. . ဘယ်. . ဘယ်သူညွှန်လိုက်လို့လဲ"

ဆိုင်းဘုတ်လဲမတင်. . ကြော်ငြာလည်း မထည့်ထားပါဘဲနှင့် ဘယ့်နှယ့်ကြောင့် နတ်သမီးလေးလိုလှသော မိန်းကလေးက သူ့ကို ယုံကြည်အားကိုးစွာဖြင့် သူ့ရှေ့ရောက်လာရသနည်း။

"ညီမက ဟိုဘက်သုံးအိမ်ကျော်ကို ဒီနေ့မှ ပြောင်းလာတာပါ၊ ဒီအစ်ကိုက ရှေ့ဖြစ်နိမိတ်တွေ ဟောတယ်လို့ ပြောသံကြားလို့ပါ"

တည်တည်ငြိမ်ငြိမ်လေးနှင့် ပြောနေသော ကောင်မလေးပုံစံက ဖက်နမ်းချင်စရာကောင်းအောင် ချစ်စရာကောင်းသည်။

"ဩော်. . ဟုတ်ပါတယ်၊ လာပါ အိမ်ထဲဝင်ပါ"

ကောင်မလေးကို အိမ်ထဲခေါ်ပြီး. . သူက အရင်ဆုံး အိမ်ထဲဝင်ပြီး အမေ့အရိုးပြာအိုးနားကပ်ကာ. . .

"အမေရေ ရှေ့ဖြစ်နိမိတ်သိချင်တဲ့သူတော့ လာပြီ. . ဟောချက်ကောင်းကောင်းလေးနော်"

"အေးပါ သားရယ် မင်းအမေကို ယုံကြည်စမ်းပါ၊ အမေပြောသလို လိုက်ပြော"

ဝိညာဉ်၏အခိုးအငွေ့သည် အရိုးပြာအိုးထဲမှ ထွက်လာပြီး. . လမင်းဘေးမှာ ဝင်ထိုင်လိုက်သည်။

"အင်း. . . မိန်းကလေးက သိပ်မကြာခင် အိမ်ထောင်ပြုရတော့မှာပါလား"

အမေ့အသံကို လမင်းတစ်ယောက်တည်းသာ ကြားသည်မို့ အမေ ပြောသလိုပင် ဟန်မပျက် လိုက်ပြောလိုက်သည်။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ ညှိုမှောင်သွားသည်။ အလိုမကျဟန်ဖြင့် မျက်နှာကို မဲ့လိုက်ပြီး လမင်းကိုတစ်ဖန် အားကိုးတကြီးနှင့် ပြန်ကြည့်ပြန်သည်။

"ဆရာရယ် ကျွန်မကိုကူညီပါဦး၊ ကျွန်မ အဲဒီလူကို မယူချင်လို့ သူနဲ့ဝေးတဲ့ဒီနေရာကို ပြောင်းလာတာပါ၊ ဆရာပဲ စဉ်းစားကြည့်လေ၊ ကျွန်မရဲ့ အလုပ်ရှင်ဆိုပြီး ချောချောမောမော လှလှခန့်ခန့်ကြီး ဆိုရင် အဲ. . . ဆရာ့လိုရုပ်ရည်မျိုးဆိုရင်တော့ ကျွန်မလက်ခံနိုင်ပါတယ်"

မျက်လုံးလေး ဝေ့ကာဝေ့ကာ ပြောနေသောကောင်မလေး၏ အကြည့်တွေသည် လမင်းကို အထာတွေပေးနေမှန်း သိသာ၏။

"အေး. . မင်း သူ့ကိုလက်ခံလိုက်၊ သူ့ကိုလက်ခံရင် မင်းတစ်သက်လုံးချမ်းသာမယ်၊ အဲ. . တစ်ခုသတိပေးမယ် မင်းဟာ အပျိုစင်ဆိုပေမယ့် သိပ်မကြာခင် ကလေးမွေးလိမ့်မယ်. . မင်း ကလေးအမေဖြစ်တော့မှာ. . ."

ထိုစကားသည် အမေပြောနေသော စကားအကြောင်းအရာဖြစ်ပေမယ့် လမင်းပြောဖို့ တွန့်ဆုတ်နေ၏။ အမေတော့ တကယ်မြင်တာ တကယ်မဟောပဲ သူ့သားကို သဝန်တိုပြီး၊ အမြင်ကတ်ပုဒ်မနှင့် လျှောက်ဟောနေပြီ ထင်တယ်ဟု လမင်းတွေးလိုက်ပြီး အမေပြောသလို မပြောဘဲ. . .

"အဲ. . . ဒါပေါ့၊ ညီမလေးလို နတ်သမီးလေးတမျှ ချောတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဖူးစာရှင်က အစ်ကို့လို ခန့်ခန့်ညားညား ရုပ်ရည်ပိုင်ရှင်မျိုးနဲ့မှ လိုက်ဖက်တော့မှာပေါ့"

"ငကြောင်. . အင်းဟယ်. . ဘာတွေပြောမှန်းမသိဘူး"

အမေသည် ပြိတီတီနှင့် ငမ်းကြောထပြီးပြောနေသော လမင်း၏ခေါင်းကို နောက်ကနေ ဖတ်ခနဲ ရိုက်လိုက်သည်။ လမင်း၏မျက်နှာသည် ရှေ့သို့ ဆတ်ခနဲ ယိမ်းထိုးသွားသည်။





"ဆ. . ဆရာ ဘာဖြစ်သွားတာလဲ၊ အိပ်. . အိပ်ငိုက်သွားတာလား"

"အြော်. . မ. . မဟုတ်ပါဘူး၊ ခေါင်းကို ယင်ကောင်နားလို့ ခါလိုက်တာပါ. . ဟဲ. . ဟဲ. . ဟဲ"

"ဆရာရယ် စန္ဒီလေ အဲဒီလူကြီးကို လုံးဝမယူနိုင်ဘူး"

"နာမည်လေးက စန္ဒီတဲ့လား၊ နာမည်လဲလှ လူလဲလှပဲ၊ ဒါနဲ့ ငါ့ညီမမှာ ရည်းစားထားတဲ့လူရော ရှိလား၊ အဲ. . . ချစ်သူလိုမျိုးချစ်ရတဲ့သူပေါ့"

"ဟင့်အင်း ရှိပါဘူး၊ ခုဟာက စန္ဒီ့အလုပ်ရှင်ကို မလိုချင်လို့ ဒီနေရာကို တိတ်တိတ်လေး လာခိုနေတာ"

"စိတ်ချ စန္ဒီ မကြာခင်လက်ထပ်ရမယ်"

"ရှင်"

စန္ဒီမျက်လုံးအစုံ ထိတ်လန့်စွာ ပြူးကျယ်ဝိုင်းစက်သွားသည်။

"အြော်. . ဒီလိုပါ၊ စန္ဒီလက်ထပ်ရတော့မယ်. . ဒါပေမဲ့ အဲဒီလူနဲ့တော့ မဟုတ်ဘူး၊ စန္ဒီနဲ့ အသက်သိပ်မကွာတဲ့ လူချောလေး တစ်ယောက်နဲ့ပါ၊ အဲ. . နောက်ပြီး ဒီနှစ်ထဲမှာပဲ စန္ဒီ ကလေးအမေဖြစ်တော့မယ်၊ တစ်ခါတည်း နိမိတ်ဖတ်လိုက်တာနော်"

"ဟယ်. . တကယ်လား ဝမ်းသာလိုက်တာ ဆရာရယ်"

စန္ဒီပုံစံလေးက သူ့အနာဂတ်သည် သူစိုးရိမ်သလို မဖြစ်ဘူးဆို၍ တော်တော်လေး ကျေနပ်သွားပုံရ၏။

"ဒါနဲ့ ဘာများထပ်သိချင်သေးလဲ"

"ဟင့်အင်း. . ဒါပဲသိချင်တယ်ဆရာ၊ အဓိက,က အဲဒီလူနဲ့လွတ်ဖို့ပဲ၊ ဒါနဲ့ ဆရာက ဒီမှာတစ်ယောက်တည်း နေတာလားဟင်၊ ကိုယ်က ခုလို အကြားအမြင်ရဆရာဆိုတော့ တပည့်လေးဘာလေး ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဇနီးတစ်ယောက်တော့ ဘေးမှာပါရမီဖြည့်ဖက်အဖြစ် လိုတယ်မဟုတ်လား"

ရောက်စကလို မဟုတ်ဘဲ တဖြည်းဖြည်း ရဲတင်းလာသော စန္ဒီဆိုသည့် မိန်းကလေးကို ဒေါ်ခင်စိန် သိပ်ကြည့်မရတော့. . တခုခုတော့ ပညာပေးချင်စိတ် ပေါက်လာသည်။

သူမပုံစံက ဒီယုန်မြင်လို့ ဒီချုလာထွင်သည့်ပုံစံမျိုး ဖြစ်နေပြီ။ ဒီထက် ဆက်သည်းခံနေလျှင် ကိုယ့်သားမျက်နှာရှုး နှာဘူးကောင်ကို လက်ဆွဲပြီး အိပ်ခန်းထဲတောင် ခေါ်တော့မလားမသိ။

ဒီတော့ ဒေါ်ခင်စိန် စန္ဒီအနားသို့ ထလာ၏။

"ကိုယ့်ကိုဆရာလို့မခေါ်ပဲ ရင်းရင်းနှီးနှီး လမင်းမောင်လို့ပဲ ခေါ်ပါလား၊ ကိုယ်တို့ ပွင့်ပွင့်လင်းလင်း ရင်းနှီးခင်မင်ကြရအောင်. . သူမနာ ကိုယ်မနာပေါ့. . အဲ. . သာတယ်နာတယ် သဘောမထားဘဲနဲ့လေ. . ဟဲ. . ဟဲ. . ဟဲ"

လမင်းနှင့် စန္ဒီကြားမှာ စားပွဲခုံပုလေးခြားနေပေလို့သာ. . နို့မို့ဆိုလျှင် ကိုယ်ကိုရှေ့ကိုင်းကာ ဣန္ဒြေမဆည်နိုင်ဖြစ်နေသော လမင်းပုံစံမှာ စန္ဒီရင်ဘတ်နှင့် သူ့မျက်နှာအပ်တော့မည်။

ဒီတော့. . ဒေါ်ခင်စိန် စန္ဒီ၏ ခွေခွေလိမ်လိမ် ရွှေအိုရောင်ဆံပင်တစ်ခွေကို အနောက်ကနေ ခပ်ဆတ်ဆတ် ဆောင့်ဆွဲလိုက်သည်။

"အမလေး ဆံပင်ဆွဲတယ်"

စန္ဒီ အလန့်တကြား ထအော်၏။ အနောက်ကိုလည်း ကပျာကယာ လှည့်ကြည့်၏။ ဒေါ်ခင်စိန် အနောက်ဘက်ကနေ ဆံပင်ဆွဲနေပေမယ့် စန္ဒီ ဒေါ်ခင်စိန့်ကို မမြင်ရတော့ ဇဝေဇဝါဖြစ်သွားသည်။

သူ့ဆံပင်ကို ရှေ့သို့သိမ်းလိုက်ပြီး. . .





"ဘယ်သူမှလဲ မရှိဘူး"

နောက်တစ်ဖန် အကျီစကို အနောက်မှထပ်ပြီး ဆောင့်ဆွဲပြန်သည်။

"အမလေး ဒါဘယ်လိုဖြစ်ရတာလဲ၊ ဘယ်သူမှလဲ မရှိဘဲနဲ့ စန္ဒီကို တစ်ယောက်ယောက်က အနောက်ကနေ ဆောင့်ဆွဲသလိုကြီး ခံစားနေရတယ်"

ချက်ချင်းပင် သားနှင့် တရင်းတနှီးဖြစ်သွားသော စန္ဒီကိုကြည့်ပြီး. . . ဒါဟာ အမေပညာပြနေသည်ဆိုတာ လမင်းအတတ်သိ၏။

"စိတ်. . စိတ်ထင်လို့ပါ လမင်းရဲ့၊ အိမ်. . အိမ်ထဲကို စာကလေးဝင်ပြီး ဖြတ်ပျံသွားလို့ စန္ဒီဆံပင်နဲ့ ငြိသွားတာနေမှာပါ"

"ဒါဆို အကျီကိုရော ဘာလို့ဆွဲလဲ"

"အဲ. . အဲဒါကကြောင်ပါ၊ ကြောင်လေး စောစောကပြေးသွားတာ. . ဘာမှမကြောက်နဲ့ ကိုယ်တစ်ယောက်လုံးရှိတယ်"

"ကြောက်ပါဘူး၊ စန္ဒီက သူ့ကိုစတွေ့ကတည်းက စန္ဒီအားကိုးရမယ့်သူဆိုတာ သိပြီးသား"

နှစ်ယောက်သား အပေးအယူတည့်စွာဖြင့်. . .

လမင်း ရသော အခွင့်အရေးကို အလဟဿမဖြုန်းတီးဘဲ လက်သည်းနီတွေကို ရဲနေအောင် ဆိုးထားသည့် စန္ဒီလက်သွယ်သွယ်လေးတွေကို အားရပါးရ ဆုပ်ကိုင်လိုက်သည်။

"အို. . . လွှတ်ပါ၊ အပြင်က လူဝင်လာရင် ရှက်စရာကြီး"

ပါးစပ်ကသာ လွှတ်ပါပြောနေတာ သူမကိုယ်၌ကိုက လမင်း၏ အထိအတွေ့မှာ သာယာဟန်ဖြင့် အပီအပြင်ကို ညုနေ၏။

"ရှက်မနေပါနဲ့တော့ကွာ၊ ကိုယ်က စန္ဒီရဲ့ ဖူးစာရှင်ဖြစ်နေတော့ မထူးပါဘူး ခုကတည်းကစပြီး ချစ်သူတွေအဖြစ် နေသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း"

"အောင်မလေးဗျ. . သေပါပြီ"

ဖောင်းထနေသော လမင်းကို ဒေါ်ခင်စိန် ဘယ်လိုမှ ကြည့်မရတော့၍ ကျောကုန်းကို လှဲရိုက်လိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ရောယူလိုက် လုပ်နေသော စန္ဒီဆိုသည့် မိန်းကလေးကိုလည်း. .

"ဖြန်း"

"အမလေး. . ပါး. . ပါးရိုက်ခံရပြန်ပြီ၊ သ. . သရဲ ဒီအိမ်မှာ သရဲရှိတယ်"



ရဲတက်သွားသော ပါးကိုပွတ်ပြီး စန္ဒီ လမင်းဆုပ်ကိုင်ထားသော သူ့မလက်ကိုရုန်းပြီး သွေးရူးသွေးတန်း ထလိုက်သည်။

"စန္ဒီ မကြောက်ပါနဲ့"

"အို. . ဟင့်အင်း၊ ရှင် သရဲမွေးထားတယ်၊ ကြောက်တယ်. .





ရော့. . ရှင့်အတွက် ညဏ်ပူဇော်ခ"

စားပွဲပေါ် ငါးထောင်တန်တစ်ရွက်တင်ပြီး အိမ်ပေါက်ဝကို သုတ်ခနဲ ပြေးထွက်သွား၏။

"စန္ဒီ နေပါဦး. . ကိုယ်တို့ချစ်သူတွေ လုပ်ကြမယ်လေ"

"အို. . တော်ပါပြီ၊ သရဲပါးရိုက်တာလဲ မခံနိုင်တော့ဘူး၊ တော်ပြီ ရှင်နဲ့လဲ ချစ်သူမလုပ်နိုင်တော့ဘူး"

စန္ဒီခြံထဲသို့ ကော့လန်ကော့လန်လေး ပြေးဆင်းကာ ခြံအပြင်သို့ တစ်ကြိုးတည်း လစ်လေတော့သည်။

"အမေ. . အမေရာ၊ ဒီလောက်လှတဲ့ ကောင်မလေးကို သားချစ်သူတော်ရတော့မယ့်ဆဲဆဲ. . အမေ့ကြောင့်. . အမေ့ကြောင့်"

"ဟဲ့. . နင်က ပိုက်ဘောဖမ်းချင်လို့လား၊ သူ့ဗိုက်ထဲမှာ ဘယ်ကလေကဝနဲ့ ရထားမှန်းမသိတဲ့ ကလေးကို နင် အဖေအမည်ခံပေးရမှာဟဲ့. . . ငတုံးအကောင်ရဲ့"

"မယုံဘူး. . လုံးဝယုံဘူး"

"အေး. . မယုံရင် နောက်နှစ်လလောက် ဆက်စောင့်ကြည့်၊ သူ့ဗိုက်ထွက်လာလိမ့်မယ် အဲဒီတော့မှ နင် အမေပြောတာ မှန်လိုက်လေလို့ မပြောနဲ့"

ဒေါ်ခင်စိန် ဒေါသတကြီးနှင့်ပြောပြီး မီးခိုးလုံးသဏ္ဍာန်ပြောင်းပြီး အရိုးပြာအိုးထဲ ဖွတ်ခနဲ ပြန်ဝင်သွားသည်။ လမင်းမောင်မှာသာ လွတ်သွားသော ရေဆေးငါးလေးကို နှမြောလွန်း၍ မချိမဆန့်ခံစားရင်း တစ်ယောက်တည်း ခပ်ငူငူထိုင် ကျန်ခဲ့သည်။



www.burmeseclassic.com



# အခန်း(၈)

ဒီလောက်ရှုပ်ယှက်ခတ်အောင် များပြားနေသော ကားတန်းကြီးကိုကြည့်ပြီး လမင်းမောင် တစ်ဖက်ကားလမ်းကိုကူးဖို့ အခက်တွေ့နေ၏။

"ဘုရား. . ဘုရား. . ဟိုဘက်ကားလမ်းကို ငါဘယ်လို ကူးရပါ့မလဲ၊ ဒီလောက်များတဲ့ ကားတွေသာ စုပြုံတိုက်ခံရလို့ကတော့ ပွဲချင်းပြီးပဲ"

တစ်ယောက်တည်း စိတ်ပျက်စွာ ညည်းတွားရင်း ခွေးတို့စီးကျလာသည်။ ကိုယ့်နောက်မှ ရောက်လာသည့်လူတွေ ဒီလောက်အမျှင်





မပြတ်သွားနေသော ကားတန်းကြီးတွေကို ကွေ့ကာရှောင်ကာနှင့် ကူးပြီး တစ်ဖက်ကားလမ်းကို ရောက်ကုန်ကြပြီ၊ ကိုယ့်မှာသာ ကားလမ်းကူးဖို့ ရပ်စောင့်နေရတာ အချိန်အတော်ကြာပြီ။

တချို့လူတွေဆိုလျှင် ကွက်ကြည့်ကွက်ကြည့် လုပ်နေကြပြီ။ ကျွန်တော်တောသားပါဆိုတာ ကြေညာစရာမလိုအောင်ကို ကိုယ့်ပုံစံက အူကြောင်ကျားပုံစံ ပေါက်နေ၏။

ကားတစ်စီး. . ကိုယ်နှင့် အလှမ်းဝေးသေးသဖြင့် ခြေလှမ်းနှစ်လှမ်း သုံးလှမ်းလောက် ခပ်ရဲရဲ တိုးသွားလိုက်သည်။ သို့သော်. . တစ်ဖက်လမ်းကြောမှ အရှိန်ဖြင့်မောင်းလာသော ပါရမီလိုင်းကားကြီးကြောင့် နောက်သို့ ဆွေ့ခနဲ ပြန်ဆုတ်လိုက်ပြန်သည်။

ဒီလိုနှင့် ရှေ့တိုးနောက်ငင်ပြုရင်း လူက ကားတွေရဲ့ အလယ်မှာ ငိုတော့မလိုမျက်နှာနှင့် ကူရာမဲ့နေသည်။

"ဗုဒ္ဓေါမြတ်စွာ. . ကယ်ပါ"

ရုတ်တရက် ကိုယ့်လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သော မိန်းကလေးတစ်ယောက်ကြောင့် စိတ်လှုပ်ရှားနေရသည်ကြားထဲ ပို၍လှုပ်ရှားရပြန်သည်။

"ရှင် ကားလမ်းလယ်မှာ ထုပ်ဆီးတိုးတမ်း ကစားနေတာလား"

"အာ. . ဘယ်ကလာ ထုပ်ဆီးတိုးရမှာလဲ၊ ဒီမှာလေ မအတ္တရဲ့. . ကားတွေဒီလောက် မရပ်မနားသွားနေတာ ဘယ်လိုဖြတ်မလဲ၊ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကူးရင်တောင် ဒီကားလမ်းကူးတာလောက်ခက်မယ်မထင်ဘူး"

မိန်းကလေး သူပြောတာကို သိပ်အာရုံထားပုံမရ သူ့မျက်လုံးအကြည့်တွေက ကားတွေလာရာဘက်သို့ မျက်ခြည်ပြတ်မခံပဲ စောင့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကြောလေး အနည်းငယ်ရှင်းသည်နှင့် လမင်းမောင် လက်ကိုဆွဲပြီး တစ်ဖက်ကားလမ်းကို ခပ်သုတ်သုတ်လျှောက်လိုက်၏။ ဒါတောင် ကားတွေနှင့် ပွတ်ကာသီကာလေးတွေမို့ လမင်း ကျေးဇူးရှင်ကောင်မလေးနောက်ကို ဖရိုဖရဲခြေလှမ်းတွေနှင့် တစ်ဖက်ကားလမ်းဆီသို့ လိုက်ကူးရ၏။

"ဖူး. . . မြို့ထဲကိုလာရတာ မလွယ်ပါလား၊ ဒီမှာအလုပ်လာဆင်းတဲ့ လူတွေသို နေ့တိုင်းလာရရင် ငါတော့ သက်ဆိုးတောင် ရှည်ပါ့မလား"

"ရှင့်ပုံစံကြည့်ရတာ ရန်ကုန်က ဟုတ်ဟန်မတူဘူးနော်"

ဒါဟာ ကိုယ့်ကို တောသားလို့ ဝေ့လည်ကြောင်ပတ် စွပ်စွဲလိုက်တာပဲ ဖြစ်မည်။ စိတ်ထဲမှာ အောင့်သီးအောင့်သက် ဖြစ်ပေမယ့်လည်း ရန်ကုန်သားပါလို့ ညာပြောရဲသည့် သတ္တိမရှိ၍ အမှန်အတိုင်းပင် ဝန်ခံရတော့၏။

"ဟုတ်တယ် ရန်ကုန်ပြောင်းလာတာ မကြာသေးဘူး၊ ခင်ဗျားတို့ရန်ကုန် ကားပေါချက်ကတော့ ကမ်းကုန်ဗျာ၊ လူတွေ အိမ်မှာရော အိပ်ကြရဲ့လား မသိဘူး"

လမင်းမောင်စကားကြောင့် မိန်းကလေး ပြုံးသည်။

"ရှင့်ပုံစံက ကမ္ဘာကြီးနဲ့ အဆက်ပြတ်နေပုံပဲ. . မြန်မာပြည်မှာ ကားတွေ ဈေးပေါပေါနဲ့ ဝယ်လို့ရနေပြီ. . ၊ အောက်ခြေလူတန်းစားလောက်ပဲ ကားမစီးနိုင်သေးတာ၊ ရှင်နဲ့ကျွန်မတို့လို လူတန်းစားမျိုးပေါ့၊ ကဲ. . နောက်တစ်ခါ မြို့ထဲလာရင် အဖော်နဲ့လာပါ၊ တစ်ယောကတည်း အဘိုးအို လမ်းကူးသလို ဖြစ်နေတယ်၊ ကျွန်မနဲ့တွေ့လို့ပေါ့ နို့မို့ဆို ရှင် ဒီဘက်ကိုရောက်ဦးမှာ မဟုတ်ဘူး၊ ကားလမ်းလယ်မှာ ပေတစ်သောင်း ရိုက်နေဦးမှာ"





စကားကြောရှည်သော မိန်းကလေး သူပြောချင်ရာကို အထက်စီးဆန်စွာပြောပြီး လမင်းမောင်နားမှာ ခပ်သွက်သွက် လျှောက်သွားသည်။ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် ရုပ်ကလေးက သိပ်ပြီး စွဲမက်စရာမကောင်းသဖြင့် လမင်းမောင် ငမ်းကြောထမည့်အစား ကျေးဇူးမတင်. . အတ္တလှန်ပြ ပုံစံဖြစ်အောင်. . .

"ဟွန်း. . နှုပြည်စုတ်မလေး ငါ့ကိုပြောသွားလိုက်တာ ရစရာကိုမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

“ဟာ. . ဆရာလေး၊ ဘယ်က ပြန်လာတာလဲ”

ရပ်ကွက်ထဲမှ ဆယ်အိမ်ခေါင်း ဦးလှသန်း ကွမ်းယာဆိုင်ထဲမှ ထွက်လာပြီး တရိုတသေနှုတ်ဆက်သဖြင့် လမင်းမောင်အလိုက်အထိုက် ပြုံးပြလိုက်ပြီး. . .

“မြို့ထဲသွားတာပါဗျာ၊ ခင်ဗျားတို့ ရန်ကုန်မြို့ ကားတွေလူတွေနဲ့ တော်တော်ကိုစည်ကားတာပဲဗျ”

“မြန်မာပြည်ရဲ့ အထင်ကရမြို့ပဲ ဆရာလေးရယ်၊ ဒါနဲ့ မြို့ထဲကို ဘာသွားလုပ်တာတုန်း”





“ဒီလိုပါပဲ ဝယ်စရာရှိတာလေး ဝယ်ဖို့ပါ”

ဈေးတွေကြီးလွန်း၍ ဘာမှမဝယ်ပဲ လက်ဗလာနှင့် ပြန်လာသော အဖြစ်ကို ဦးလှသန်း ထပ်ပြီး စပ်စုပြန်သည်။

“ဘာမှလဲ ဝယ်မလာပါလား”

“ဟုတ်တယ် ကျွန်တော်တို့မြို့လောက် ဈေးမသက်သာလို့ ဘာမှမဝယ်ဘဲ ဟိုဟိုဒီဒီ လျှောက်ကြည့်ပြီးပဲ ပြန်လာလိုက်တယ်”

“ဒါလဲ အကုန်အကျ သက်သာတာပေါ့ဗျာ၊ အဟဲ. . ဒါနဲ့ ဆရာလေးကို ကျွန်တော်အကူအညီတောင်းချင်လို့ဗျာ”

“ဘာများလဲ”

ခုတလော ကျွန်တော့်မိန်းမမိငယ် ခြေလှမ်းတွေ ပျက်နေတယ်လို့ ကျွန်တော့်စိတ်ထဲ ထင်နေတယ်ဗျာ၊ အဲဒါဆရာလေး ကျွန်တော့်ကို တစ်ချက်လောက် ကြည့်ပေးပါလား”

ဒီလူ အရိပ်သုံးပါး အတော်နားမလည်သူပဲဟု စိတ်ထဲကနေ ခပ်ကျိတ်ကျိတ် ပြောလိုက်သည်။ ကိုယ့်ဘေးမှာ အမေမရှိဘဲနှင့် သူက ဘာကိုဟောရမည်နည်း။

“လမ်းမကြီးမှာ မကောင်းပါဘူး ကိုလှသန်းရယ်၊ ခင်ဗျား သိချင်ရင် အိမ်မှာလာမေးပါ ကျွန်တော် အာရုံခံပြီး ရှေ့ဖြစ်နိမိတ် ဟောပေးပါ့မယ်ဗျာ”

“ဟာ. . . ဟုတ်သားပဲ၊ ကျွန်တော် စိတ်လောသွားတယ်ဗျာ၊ ဆရာ့ပညာကို မထီမဲ့မြင် လုပ်သလို ဖြစ်သွားတယ်. . ခွင့်လွှတ်ပါ”

ကိုလှသန်း ပျာပျာသလဲ တောင်းပန်၏။

“ကိုသန်း ဘယ်သွားမလို့လဲ”

ဂျင်းဘောင်းဘီ ခပ်ကျပ်ကျပ်ဝတ်ထားသော ကောင်မလေး တစ်ယောက် ကျောပိုးအိတ်ကလေးလွယ်ကာ လမ်းသွယ်တစ်ခုထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၏။

"ဘယ်မှမသွားဘူး ကွမ်းထွက်ဝယ်တာ၊ ဒီမှာဆရာနဲ့ တွေ့ပြီး စကားကောင်းနေတာ. . နင်ရော ယောက်ျားဘယ်နေတော့ရမလဲ သိချင်ရင် ဆရာလေးဆီမှာ ရှေ့ဖြစ်နိမိတ် သွားဖတ်ပါလား"

ကောင်မလေး စိတ်ဝင်စားသွားဟန်ဖြင့် မျက်လုံးလေး အရောင်လက်သွားကာ လမင်းမောင်နားသို့ တိုးလာသည်။

"ဆရာက အမှန်တွေကို ဟောနိုင်တာလားဟင်"

"ဟုတ်တဲ့ များသောအားဖြင့်တော့ မှန်တယ်လို့ ပြောကြတာပဲ"

ကိုယ်တော်ကိုယ်တတ်ဟု မဏ္ဍပ်တိုင်တက်ပြလျှင်လည်း လူသူတော်ကောင်း မပီသရာ ကျမည်ဆိုး၍ ထိုသို့မယုတ်မလွန်လေးသာ ပြောလိုက်ခြင်းဖြစ်သည်။

"ဒါဆိုရင် ညနေကျူရှင်က ပြန်လာရင် ဆရာ့ဆီလာခဲ့မယ် သိလား၊ ကဲ. . ကိုသန်း ညီမလေး သွားတော့မယ်"

"အေး. . အေး. . ကျူရှင်ကိုလည်း တန်းတန်းမတ်မတ်သွားနော်"

"အင်းပါ. . ဆရာ သွားလိုက်ပါဦးမယ်. . ဘိုင့်. ."

"တာ့တာ"

လမင်းမောင် အယောင်ယောင်အမှားမှားနှင့် ဘိုင့်ဘိုင် မလုပ်တတ်၍ တာ့တာ ပြလိုက်သည်။ ကောင်မလေး ဆတ်ကော့လတ်ကော့ ပုံစံနှင့် လမင်းမောင်တို့နားမှ ထွက်သွား၏။ လူက ဣန္ဒြေနှင့်နေပေမယ့် မျက်လုံးကတော့မနေ၊ ကောင်မလေး၏ လုံးလုံးကျစ်ကျစ် ခန္ဓာကိုယ်လေးကို သတိလက်လွတ် ငေးမောနေမိသေး၏။

ဒါလား လူသူတော်ကောင်းဟု အများကဲ့ရဲ့ချင်စရာ။

"ဆရာ ဘယ်လိုလဲ ကျွန်တော့်ခယ်မလေးက လှတယ် မဟုတ်





လား၊ ဟဲ. . ဟဲ. . ဆရာသဘောကျရင်ပြော၊ ဘာအကျိုးတော်ဆောင်ခမှ မယူဘဲနဲ့ ကိုယ်ဖိရင်ဖိ ကူညီမယ်"

လူကြီးရှက်တော့ရယ်ဆိုသလို လမ်းကြောင်းခင်းပေးနေသော ကိုလှသန်းစကားကြောင့် ရှက်ဖြဲဖြဲ ရယ်လိုက်ပြီး. . .

"လှတော့ လှပါတယ်ဗျာ. . ဒါပေမဲ့ ကျွန်တော် အဲဒီလောက်ထိ မမျှော်လင့်ထားပါဘူး၊ ကဲ. . သွားမယ်ဗျာ အိမ်မှာ အမေမျှော်နေတော့မယ်"

"ဟာ. . ဆရာက အိမ်မှာတစ်ယောက်ထဲနေတာ မဟုတ်ဘူးလား၊ အမေပါ ရှိသေးလား"

ပါးစပ်အရှိန်လွန်သွားမှန်း သိပြီးမှ စကားကိုခပ်မြန်မြန် ဘရိတ်အုပ်ကာ. . .

"ဩော်. . ဟိုလေ အမေ့ကို အိမ်ပြန်ရောက်ရင် ဖုန်းဆက်မယ်လို့ ပြောထားလို့ပါ၊ ဒါ. . ဒါပဲ. . သွား. . သွားမယ်နော်"

ဒီထက်ကြာကြာနေရင် အလိမ်ပေါ်တော့မည်မို့ အိမ်ကို သုတ်ခြေတင်ပြီး ပြန်လာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

ည သည် တစ္ဆေတစ်ကောင်ကို စောင့်ကြည့်နေသော တိတ်ဆိတ်မှုမျိုးဖြင့် ငြိမ်သက်နေသည်။

လရောင်သည် မခို့တရို့ လင်းနေပေမယ့် အမှောင်ဘက်ကို ရာနှုန်းပြည့်နီးပါး ရောက်ရှိနေသဖြင့် ခပ်မှောင်မှောင်ညတစ်ညဆိုလည်း ဟုတ်ပါသည်။

အမဲလိုက်မုဆိုးသည် သားကောင်၏ခြေရာကို ခံမိသလိုမျိုး ဒေါ်ခင်စိန်သည်လည်း သူနှင့်ဘဝတူ တမလွန်ရောက် ပရလောက





တွေကို မြင်တွေ့ရသည်မှာ မဆန်း. . .။

လူသားမဟုတ်တော့၍လားမသိ ကြောက်စိတ်ဆိုတာ ချိုနှင့်လားဟု မေးလိုက်ချင်သည်။

ယခုလည်း သားဖြစ်သူ အိပ်မောကျနေပြီမို့ အရင်ရက်က တည်းက တွေ့ရှိထားသော မြင်ကွင်းတစ်ခုဆီသို့ အခိုးအငွေ့အဖြစ် ဝဲပျံကာ ခြံထောင့်ရှိ ကုံကော်ပင်ကြီးရှိရာသို့ ရောက်သွား၏။

သူလိုကိုယ်လို တစ္ဆေသရဲများပေမို့ ဒေါ်ခင်စိန်အား ဘယ်သူမှ အရေးအရာလုပ်ပြီး စိတ်ဝင်တစားမရှိကြ။ ဒေါ်ခင်စိန်သည်လည်း သူတို့၏ နေထိုင်မှုဘဝတွေကို မလေ့လာအား. . .

ထိုအထဲမှာ ဒေါ်ခင်စိန် လေ့လာမေးမြန်းချင်တာ. . စိတ်ဝင်စားတာ တစ်ခုပဲရှိသည်။

ထိုအရာသည် ပိတောက်ပင်ခြေရင်းရှိ မြေတလင်းအား ပေါက်တူးဖြင့် တူးဆွနေသော အသက်ခြောက်ဆယ်အရွယ် လူကြီးတစ်ဦးဖြစ်သည်။

သူဘာကြောင့် ဒီမြေကြီးကို တူးနေသည်ဆိုတာကို ဒေါ်ခင်စိန် သိချင်သည်။ အကြံပေး၍ရလျှင် အကြံပေးချင်သည်။ ကူညီခွင့်ရလျှင် ကူညီချင်သည်။

ထို့ကြောင့် အနားကို တိုးကပ်သွားလိုက်သည်။

"ဒီက အစ်ကိုကြီး. . ရှင် မြေကြီးကို အဆက်မပြတ် တူးနေတာ အချိန်တွေ တော်တော်ကြာနေပြီ၊ အဲဒီအထဲမှာ ဘာရှိလို့ တူးနေတာလဲ"

ထိုလူကြီး ဒေါ်ခင်စိန်ကို တစ်ချက်သာ ဝေ့ကြည့်သည်။ ဘာမျှ မပြော ဒေါ်ခင်စိန် ထိုလူကြီး ဘာများပြောမလဲဟူသော သိချင်စိတ်ဖြင့် ထိုလူကြီး နှုတ်ခမ်းအလှုပ်ကို စိတ်စောစွာ စောင့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ မဖြစ်မနေ လုပ်ရမယ့် တာဝန်ကြီးတစ်ခု ရှိနေသလို ပဲ၊ ပြောပါ ကျွန်မရှင့်ကို အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ထိုစဉ် ဒေါ်ခင်စိန်အား မှင်စာလေးနှစ်ကောင် ဝင်တိုက်သွားသဖြင့် နောက်ကို လှည့်ကြည့်ပြီး. . .

"ဟဲ့. . မှင်စာလေးတွေ ဒီမှာစကားပြောနေတယ်လေ ငြိမ်ငြိမ်နေကြစမ်း"

ဘွားအေတစ်ယောက်က မြေးပေါက်စနလေးတွေကို ဟောက်သလိုပုံစံမျိုးဖြင့် အတည်ပေါက် လှမ်းဟောက်လိုက်သည်။

မှင်စာလေးတွေ ဆက်မဆော့ရဲတော့. . ချုံပုတ်တစ်ခုထဲသို့ ဖျတ်ခနဲဝင်ပြေးသွားသည်။

ဒေါ်ခင်စိန် အာရုံတွေကို လူကြီးဆီသို့ ပြန်ပို့လိုက်ပြီး. . .

"ပြောပါ ကျွန်မကူညီပါ့မယ်"

"မင်းက ဘယ်လိုကူညီမှာလဲ၊ မင်းလည်း ဒီလောကသား ငါလည်း ဒီလောကသားပဲ၊ မင်းရဲ့အသားအရေ လတ်ဆတ်ပြည့်တင်းပုံကို ကြည့်ရတာ ဒီလောကထဲကို ရောက်တဲ့သက်တမ်း သိပ်မကြာလောက်သေးဘူး"

"ဟုတ်ပါတယ် ကျွန်မအစားကြူးပြီး ဦးနှောက်သွေးကြောပြတ်ပြီး သေခဲ့ရတာလေ၊ ဒါကြောင့် ခပ်တုံးတုံးခပ်အအ ကျွန်မသားလေးကို စိတ်မချတာနဲ့ ကျွန်မရဲ့ အရိုးပြာအိုးထဲမှာ ကျွန်မဝိညာဉ် ခဏပုန်းနေတာပါ"

"ဒါဆို မင်းရဲ့သားနဲ့ စိတ်ချင်းဆက်သွယ်လို့ ရသေးတယ်ပေါ့"

"ဟုတ်တယ် ကျွန်မသားက တမလွန်က ဘုံသားတွေကို မြင်နိုင်တဲ့ အစွမ်းရှိနေသလိုပဲ အထူးသဖြင့် သူ့အမေဖြစ်တဲ့ကျွန်မကိုပေါ့"

"မင်းက အခုဘယ်မှာနေလဲ"





"ဟောဒီအိမ်ကြီးထဲမှာလေ"

"ဒီအိမ်က အရင်တုန်းက ငါ့အိမ်လေ၊ ငါရယ် ငါ့သမီးရယ် ငါ့ညီမ လင်မယားရယ် နေကြတယ်၊ ငါက ရုတ်တရက် အူအတက်ပေါက်ပြီး သေခဲ့ရတာ"

"သြော်. . ဟုတ်လား၊ စိတ်မကောင်းပါဘူး အစ်ကိုကြီးရယ်၊ ဒါဆို ရှင့်သမီးလဲ ကျွန်မသားလို လောကအလယ်မှာ တစ်ယောက်ထဲကျန်ခဲ့တာပေါ့"

"ဟုတ်တယ် အခု သူတို့ကို ဒီအိမ်မှာမတွေ့ရတော့ဘူး၊ အခု မင်းကိုတွေ့ရတယ်"

"ကျွန်မသားက ဒီအိမ်ကို အရင်လူတွေလက်ထဲကနေ ဝယ်လိုက်ပြီလေ"

"ဘာပဲဖြစ်ဖြစ်ပါ၊ ငါဟာလူ့ဘဝမှာ ငါ့သမီးအတွက် လုပ်ခဲ့တဲ့ အလုပ်တစ်ခုရှိတယ်၊ သူ့ရှေ့ရေးအတွက်ပေါ့၊ ဒါပေမဲ့ အဲဒီကိစ္စကို ငါသေသွားလို့ ဘာမှလုပ်မပေးနိုင်ခဲ့ဘူး၊ ဒါကြောင့် ငါ့သမီးကို တွေ့ချင်တယ် အသိပေးစရာရှိတာ အသိပေးချင်တယ်"

"ဒါဆိုရင် အိပ်မက်ပေးလိုက်ပေါ့"

"မင်းပြောသလောက်လွယ်ရင် အိပ်မက်ပေးပြီးတာ ကြာလှပေါ့၊ ငါ့သမီးက အိပ်မက်တွေကို မယုံဘူး၊ အလေးအနက်လဲ မထားဘူး၊ နောက်ပြီး ငါတို့က သူတို့ကို အိပ်မက်ခဏခဏ ပေးခွင့်မရှိဘူး"

"သြော်. . ဟုတ်လား၊ ဒါတွေကို ကျွန်မက သိပ်နားမလည်ပါဘူး အစ်ကိုကြီးရယ်"

အဘိုးကြီး ပေါက်တူးကို ခဏချကာ မြေကြီးကို လက်ညှိုးထိုးပြသည်။

"ဒီမြေကြီးထဲကအရာကို စွဲလမ်းတဲ့စိတ်ရယ်၊ ငါ့သမီးကို စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိတ်ရယ်ကြောင့် ငါဟာ ကျွတ်ချိန်တန်ပေမယ့် မကျွတ်ရသေးဘူး"

"အဲဒါဆို အစ်ကိုကြီး သမီးရှိတဲ့နေရာကို ညွှန်ပြပါလား၊ ကျွန်မ မစွမ်းဆောင်ပေးနိုင်ပေမယ့် ကျွန်မသားကို အကူအညီ တောင်းလို့ရပါတယ်"

"ကျေးဇူးတင်ပါတယ်၊ အဲဒီကျေးဇူးတွေကို နောင်ဘဝဆိုတာ ရှိခဲ့ရင် ပြန်ဆပ်ပါ့မယ်"

အဘိုးကြီး ကျေးဇူးတင်စကားပြောပြီး သူ့သမီးရှိသော လိပ်စာကို ပြောလိုက်သည်။







## အခန်း(၁၁)

"ဩော် . . . ရှုပါ လာလေ"

ရေချိုးပြီးပြီးချင်း အပေါ်အင်္ကျီမဝတ်ထားသော ကိုယ်ဗလာနှင့် ခြံထဲဝင်လာသော ရှုပ်ကို ဖော်ရွေစွာ ဖိတ်လိုက်သည်။

ကောင်မလေး အိမ်ပေါ်ကို ဆတ်ကော့လတ်ကော့ ဟန်လေးဖြင့် တက်လာပြီး အိမ်ရှေ့ဘုရားခန်းတွင် ခပ်ကျုံ့ကျုံ့ဝင် ထိုင်လိုက်သည်။

"ဆရာ အချိန်ရရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ချိုအီအီလေသံဖြင့် မေးလာသော ရူပါအသံက လမင်းမောင်ထံမှ ခင်မင်မှုကိုအဆင့်ကျော်စေဖို့ ဆွဲဆောင်မှုတစ်ခုဖြစ်လိမ့်မည်။ လမင်းမောင်ကလည်း အမြောက်တစ်ခုလို တွေ့သမျှ မိန်းကလေး ချိန်နေတဲ့သူ။

"ဟာ. . ရတာပေါ့. . သိပ်ရတာပေါ့။ ကျွန်တော်က အမြဲအားနေတဲ့သူလေ"

"အမလေး တော်ပါသေးရဲ့၊ ရူပါက ဆရာများ အချိန်ရပါ့မလားလို့. . ဒါဆိုရင်တော့ ရူပါ့ကို ကူညီပါနော်"

"ဘာကူညီရမလဲ ပြောပါ"

ရူပါ သူ့လက်ထဲမှာ ကိုင်လာသော လေးထောင့်စက္ကူ လက်ဆွဲပုံးလေးကို ငုံ့ကြည့်ပြီး လမင်းမောင်ကို ရှက်ရွံ့ရွံ့လေး ပြန်ကြည့်၏။

"ဟိုလေ. . ဒီအထဲမှာ ချစ်သူတွေရဲ့ ပုံပါတယ်"

"ဘယ်လို. . ရူပါ့ ချစ်သူတွေပုံ ဟုတ်လား"

သံယောင်လိုက်ပြီး ပြန်မေးလိုက်သော လမင်းမောင်၏ တအံ့တသြ အမေးကြောင့် ရူပါရှက်ဝဲဝဲလေး ရယ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာရယ်၊ ဒါကြောင့်လေ အဲဒီအထဲကမှ ရူပါနဲ့ သင့်တော်မယ့်သူကို ဆရာ့ပညာနဲ့ ရွေးချယ်ပြီး ရေှ့ဖြစ်နိမိတ်တွေ ဟောပေးစေချင်တာ"

ခေါင်းကို ခဲနဲ့အထုခံရပြီး တဂိန်ဂိန်နှင့် ဟောင်သော ခွေးတစ်ကောင်သာ ဖြစ်လိုက်ချင်ပါတော့၏။ ရန်ကုန်တက်လာရသည့် အဓိကရည်ရွယ်ချက်က ရန်ကုန်သူချောချောလေးနှင့် လက်ထပ်ပြီး အခြေကျဇာတ်မြုပ်နေချင်သူ။ ခုချိန်ထိတော့ ကိုယ်ပစ်ဖို့ ရည်ရွယ်သည့် ငှက်ကလေးတွေက ကိုယ့်ခဲမမှန်ခင်ကတည်းက အတောင်ကျိုးနေသော ငှက်မ





လေးတွေပင် ဖြစ်နေ၍ ချက်ကောင်းကို မထိသေး။

"ဩော်. . အဲ. . အဲလိုလား၊ ဟိုလေ. . ကျွန်တော်က ရှေ့ဖြစ်နမိတ် ဟောတယ်ဆိုပေမယ့် ဒီကညီမ လက်ထပ်မယ့် ယောကျ်ားကိုတော့ မရွေးချယ်ပေးတတ်ဘူး"

"ဟယ်. . ဆရာရယ် အားကိုးပါတယ်ဆိုမှ၊ ဒီကိစ္စက ရူပ့ါတစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စမို့လို့ ရူပါတစ်ယောက်ထဲ မဆုံးဖြတ်ရဲတာ၊ တကယ်လို့ဆရာက အဲဒီအထဲကတစ်ယောက်ကို သင့်တော်တယ်လို့ ရွေးပေးလိုက်ရင် ရူပါ အဲဒီလူကို ရွေးလိုက်မယ်၊ အဲ. . တစ်ယောက်မှ မသင့်တော်ဘူးဆိုရင်တော့ တစ်ယောက်မှကို မရွေးဘူး"

ရာသီဥတုက ကိုယ့်ဘက်ပါသလို ရှိလာပြန်၍ လမင်းမောင်မျှော်လင့်ချက်တို့ ငေါက်ခနဲ ထထိုင်လာပြန်သည်။ ဒီတော့. . ကိုယ့်ကိုတစ်မျိုးမထင်ဘဲ ကိုယ့်စကားကို ယုံယုံကြည်ကြည် လက်ခံမည့် အခြေအနေတစ်ခုကို အရေးပေါ် ဖန်တီးရတော့မည်မို့ အာရုံခံသည့်အနေနှင့် မျက်လုံးနှစ်လုံးကို စုံမှိတ်ပြီး ပါးစပ်မှ တွတ်ပွတွတ်ပွ လုပ်ပြလိုက်သည်။

ပြီးနောက် ရူပ့ါလက်ကို လှမ်းကိုင်ကာ ဖြန့်ထားသော လက်ဝါးပြင်နုနုကို ပွတ်သပ်ပြီး အာရုံခံလိုက်သည်။

ဘာအာရုံ ရသလဲဆိုလျှင် ဘာအာရုံမှမရ။ ရူပ့ါလက်ကလေးနူးညံ့ထွေးအိနေတာကိုပဲ အာရုံခံရသည်။

"အင်း. . ငါ့ညီမအဖို့တော့ စိတ်မကောင်းစရာပဲ"

"ဘာ. . ဘာဖြစ်လို့လဲ ဆရာ"

မျက်လုံးလေး ပေကလတ်ပေကလတ်နှင့် ရူပါ အထိတ်တလန့်ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲဆိုတော့ ငါ့ညီမရဲ့ ဖူးစာရှင်က ကိုယ်ထားခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတွေထဲမှာ မရှိဘူး၊ မထင်မှတ်ပဲ တွေ့သွားတဲ့သူနဲ့ လက်ထပ်ရလိမ့်မယ်၊ အဲဒီလူသာလျှင် ညီမလေးရဲ့ ဖူးစာရှင်အစစ်ပဲ. . ."

"ဟယ်. . ဟုတ်လား၊ အဲ. . အဲဒီလူက ချောလားဟင်. . ရူပါကလေ ကိုယ်နဲ့တစ်သက်လုံး ပေါင်းဖက်ရမယ့်ယောကျ်ားကို ချောမှကြိုက်တာ"

"ဟာ. . ချောတာပေါ့၊ သူက သိပ်ပြီးယောကျ်ားပီသပြီး ညီမလေးကို တစ်ဘဝလုံး သစ္စာရှိရှိနဲ့ ရိုးမြေကျ ပေါင်းသွားမယ့်သူ"

စိတ်လှုပ်ရှားဟန်ဖြင့် ရူပါ သူ့လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်ပြီး မျက်နှာမှာလည်း ကျေနပ်စွာ ပြုံး၍နေသည်။

"ဝမ်းသာလိုက်တာ. . ဘယ်. . ဘယ်တော့တွေ့မှာလဲဟင်"

"အင်း. . အချိန်အားဖြင့် ပြောရမယ်ဆိုရင်တော့. . ညီမနဲ့သူ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က ဆုံခဲ့ပြီးပြီ"

"ဟင်. . ဟုတ်. . ဟုတ်လား. . ဘယ်သူပါလိမ့်၊ နေဦး. . . စဉ်းစားလိုက်ဦးမယ်၊ တစ်နေ့က ကျူရှင်ပိတ်လို့ ဘယ်မှမသွားဘူး အိမ်မှာပဲနေတယ်၊ အိမ်မှာက အဖေရယ် မောင်နှစ်ယောက်ရယ်နဲ့ပဲ တွေ့တယ်"

ဇဝေဇဝါအတွေးနှင့် နောက်ကြောင်းပြန်လှန်ကာ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး စဉ်းစားနေသောရူပါ တလွဲတွေ ဖြစ်ကုန်တော့မည်။ လိုရင်းကို မရောက်တော့. . .။

"အဲ. . အဲဒီ မိဘညီမအစ်ကိုမောင်နှမထဲက မမြင်နဲ့လေ၊ ဩော်. . လွဲကုန်တော့မှာပဲ၊ ကျွန်တော်ပြောတာ ကိုယ်နဲ့ သွေးမတော်သားမစပ်တဲ့ ယောကျ်ားမျိုး၊ ကိုယ်နဲ့လည်း အရင်က မခင်ဖူးဘဲနဲ့ မိတ်ဆွေဖွဲ့ဖြစ်တဲ့ ယောကျ်ားမျိုးကိုပြောတာ. . ."

"ဩော်. . သဘောပေါက်ပြီ"





သဘောပေါက် နားလည်၍ပဲ တော်သေးသည်။

"မနေ့က. . အင်း မနေ့က ဘယ်သူနဲ့ တွေ့လဲဆိုတော့၊ မနက်ပိုင်း ပလာတာရောင်းတဲ့ ကုလားကြီးနဲ့တွေ့တယ်၊ သူ့ဆီက ပလာတာဝယ်ရင်း မိတ်ဆွေဖြစ်ဖြစ်. . ."

"အာ. . ဟုတ်သေးပါဘူး ဒီကုလားကြီးတော့ မဟုတ်နိုင်ပါဘူး"

"အဲ. . နေဦး. . မနေ့က အိမ်ကို ယောကျ်ားတစ်ယောက် လာတယ်"

မျက်လုံးလေးကို ဟိုဘက်ထောင့်ကပ်လိုက် ဒီဘက်ထောင့်ကပ်လိုက် အပေါ်လေးလှန်ပြီး ပေကလတ်ပေကလတ် စဉ်းစားနေတဲ့ ရူပါ့ကို လမင်း အားမလိုအားမရ ဖြစ်နေသည်။

ဟဲ့. . . မနေ့ကတွေ့ခဲ့တဲ့ ယောကျ်ားတွေထဲမှာ ငါလည်းပါတယ်လေလို့ ပြောလိုက်ချင်ပေမယ့် ကိုယ့်အကြံ သူရိပ်မိသွားမည်စိုး၍ မဟာရဲ။ ဒီတော့. . သူမနှင့် အလိုက်အထိုက်ပင် မျှောလိုက်ရမည်မို့. .

"ဘယ်. . ဘယ်ယောကျ်ားလဲ၊ အရင်ကမမြင်ဖူးတဲ့ ယောကျ်ားလေးလား"

"အင်း. . ဟုတ်တယ်"

မျက်နှာလေး ရှုံ့မဲ့ကာ ခေါင်းဆတ်ခနဲ ညိတ်ပြသဖြင့် လမင်း ငေါင်သွားသည်။ ကိုယ့်ထက်ခြေတစ်လှမ်းသာသည့်ကောင် ရှိသွားပြီကိုး. . .

"ဒါပေမဲ့လေ အဲဒီလူက အဖေ့ကို လာနှိပ်ပေးတဲ့ အနှိပ်သည်"

"အမ်. . အနှိပ်သည် ဟုတ်လား၊ ဘယ်. . ဘယ်အရွယ်လဲ"

"အင်း. . အသက်ခြောက်ဆယ်ကျော်တော့ ရှိလောက်ပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ရှုပါ တော်တော်နောက်တာပဲ၊ အဘိုးနဲ့မြေးအရွယ်ကြီးကို ဘယ်လိုလုပ် ဖူးစာရှင်တော်မလဲ၊ ကျုပ်ပစ်က ညီမကို အဲလောက် မျက်နှာလွှဲခဲပစ် မလုပ်ပါဘူး"

"အင်းနော်. . ဟုတ်မှာပါ၊ အင်း. . နေဦး မနေ့က ဘယ်သူနဲ့ တွေ့ပြီး မိတ်ဆွေဖြစ်သလဲ. . စဉ်းစားစမ်း. . စဉ်းစားစမ်း"

နားထင်ကို လက်ညှိုးနှင့် ထောက်ထောက်ပြီး မနည်းစဉ်းစားနေသော ရှုပါအတွေးထဲကို သူဘာကြောင့် တော်တော်နှင့် မရောက်နိုင်ရသလဲ"

"သေချာပြန်စဉ်းစားပါဦး"

"ဟာ. . ရပြီ စဉ်းစားလို့ရပြီ၊ မနေ့က ရှုပါ ကျူရှင်သွားခါနီး"

လမင်း ထခုန်မတတ် ဝမ်းသာသွားသည်။ မနေ့က သူနှင့်ရှုပါ ဆုံခဲ့တာလဲ သူမကျူရှင်သွားခါနီး လမ်းမှာဆုံတာလေ။ ဒီတော့. . သူ့အလှည့်ရောက်ပြီ။ ဟာ. . ဟ. . နောက်ဆုံးတော့ သူလဲ ရန်ကုန် တက်လာရကျိုး နပ်ပြီပေါ့။

"အိမ်ကို ခပ်ချောချော လူတစ်ယောက်လာတယ်"

"အမ်"

လမင်း ကြက်ကြီးလည်လိမ်သလိုဖြစ်ကာ မျက်နှာကြီးမဲ့သွားသည်။

"သူကိုယ်သူ မိတ်ဆက်ပြီး လက်ဆောင်တွေအများကြီး လာပို့သွားတယ်"

"ဟုတ်လား. . အဲဒီလူကို အရင်ကရော ညီမလေး မြင်ဖူးခဲ့လား"

"ဟင့်အင်း မနေ့ကမှ မြင်ဖူးတာ၊ ချောတာတော့ တော်တော်လေးကို ချောတယ်၊ အင်း. . ဒါပေမဲ့ သူလဲ ရှုပ့်ါဖူးစာရှင် မဖြစ်နိုင်ဘူး





ဆရာရဲ့"

ခုမှပင် ရင်ထဲက အလုံးကြီး ဂလုခနဲကျကာ. . .

"ဘာဖြစ်လို့လဲ ညီမလေး"

"အို. . ဘာဖြစ်ရမှာလဲ ဆရာရဲ့၊ မမက စင်ကာပူကနေ လက်ဆောင်တွေ လူကြုံထည့်ပေးလိုက်တဲ့ မမရဲ့ချစ်သူတဲ့၊ အဲ. . . ဟိုမှာ နှစ်ဦးသဘောတူ လက်ထပ်ပြီးပြီဆိုတော့ ချစ်သူတောင် မဟုတ်တော့ဘူး. . . ရှုပ့်ါခဲအို ဖြစ်သွားပြီလေ"

အောင်မလေး ဒီကောင်မလေးနဲ့စကားပြောရတာ ရင်ခုန်သံတွေက တောင်ပေါ်တက်လိုက် တောင်အောက်ပြန်ဆင်းလိုက်နှင့် ခံစားမှုတွေ နိမ့်ချည်မြင့်ချည်နှင့် ဖတ်ဖတ်ကိုမောနေ၏။ သူ့အခန်းကို ခုထိ မရောက်နိုင်သေး. . .

"သေချာပြန်စဉ်းစားပါဦး ညီမလေးရာ၊ ကျွန်တော်မြင်ထားတာကတော့ အခု ညီမပြောနေတဲ့အထဲက လူမျိုးတွေ တစ်ယောက်မှ မပါဘူးနော်"

"ဟယ်. . အမလေး ဘုရားရေ၊ ထင်တောင် မထင်ရဘူး၊ မှတ်မိပြီ မှတ်မိပြီ၊ အို. . ရင်တွေခုန်ပြီး စိတ်ထဲမှာ ရှိလာကိုစတာ စီးရသလိုပဲ ဆရာရယ်၊ တွေ့ပြီ. . ရှုပ့်ါဖူးစာရှင်ကို ရှုပါခုမှ ကွက်ကွက်ကွင်းကွင်း စဉ်းစားမိပြီ သိလား. . ဆရာ"

ရှုပါ ကျုံ့ကျုံ့လေး ထိုင်နေရာမှ ဖင်လေးကြွကာကြွကာနှင့် လမင်းကို ရွှန်းရွှန်းစားစားကြီး ကြည့်ပြောသည်။ ဒီကောင်မလေးက အမြဲတမ်းတလွှဲပြောနေ၍ လမင်း မျှော်လင့်ချက်တွေကို သိပ်ပြီးမက်လုံး မပေးချင်တော့. . .။

"ဆရာ. . ဆရာက နောက်ဆုံးတော့ ရှုပ့်ါဖူးစာရှင် ဖြစ်နေပြီပေါ့ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အနားသို့ ဆွေ့ခနဲရောက်လာသော ရူပါကြောင့် ယောက်ျားလေးဖြစ်သည့်သူပင် နောက်သို့ ဆတ်ခနဲ တွန့်သွားရသည်။

"ဘယ်. . ဘယ်သူ့ကို ပြောနေတာလဲဟမ်၊ မ. . မရှင်းလို့ ပြန်ပြောပါလား. . ဟဲ. . ဟဲ. . ဟဲ"

"ဩော်. . ဆရာကလည်း ဒွဲပြောကာမှပဲ တွတ်ကထပ်ဝင်ခိုင်း နေပြန်ပြီ၊ လမင်းဖူးစာရှင်က ဆရာမှ ဆရာပေါ့လို့. . အဟင်း. . ခစ် ခစ်. . ခစ်"

လမင်း ပါးနှစ်ဖက်ကို ဖျစ်ညှစ်ဆွဲပြီး ပြောလာသော ရူပ့ါ နှလုံး သားမြားချက်သည် ယခုမှပင် သူ့နှလုံးသားတည့်တည့်သို့ ဒုန်းစိုင်းပြီး ပြေးဝင်လာသည်။







# အခန်း(၁၂)

**အ**ဟုတ်ထင်ပြီး ကြည့်နေသော. . သား၏ မယားရှေးပွဲကို ဒေါ်ခင်စိန် စိတ်ထဲသိပ်မတွေ့တော့. . . ။

ရူပါဆိုသည့် ကောင်မလေး ချောသည်၊ လှသည်၊ သန့်သည်၊ ငယ်သည်. . သို့သော် သူ့ကိုလက်ထပ်လိုက်လျှင် သူ့မိသားစုတွေ ဒီအိမ် ပေါ် တစ်ပြုံတစ်မကြီး တက်လာပြီး. . ခါးချိအောင် လုပ်ကျွေးရတော့ မည့် ကိုယ့်သားပျေင်းအဖို့ အနာဂတ်သိပ်မလှ။

ရူပါဆိုသည့် ကောင်မလေး ဒီယုန်မြင်လို့ ဒီချုံထွင်ကာ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



များ မှတ်နေလေရော့သလား. . .။

ဒီကောင်မလေး အဖေတွေ၊ အမေတွေ အကြွေးတွေနှင့် တိုင်ပတ်ပြီး အိမ်လခမပေးနိုင်လို့ ဒီလကုန်လောက်ဆို ဆင်းပေးရတော့မည့် အခြေအနေမှန်း ဒေါ်ခင်စိန်သိတာပေါ့၊ ဒီတော့ ဘယ်လိုမှ နီးစပ်လို့ မဖြစ်။

"ဆရာ. . လွှတ်. . လွှတ်ပါဦး၊ ဟော့ဒီမှာ အသက်ရှူတွေ ကြပ်နေပြီ"

မူနွဲ့နွဲ့ ချွဲသွဲ့သွဲ့ စကားသံက ဒေါ်ခင်စိန့်နားထဲ သံရည်ပူတွေ လောင်းချသလို အကြားအာရုံတွေ စုတ်ပြတ်သပ်သွားစေ၏။

"ကျွန်တော့်ကို တကယ်လက်ထပ်မှာလား ရူပါ"

"အို. . လက်ထပ်မှာပေါ့၊ ဖြစ်နိုင်ရင်လေ ရူပါက မနက်ဖြန်သန်ဘက်ခါတောင် ပြေးပြီး လက်ထပ်လိုက်ချင်သေး"

"တကယ်"

လမင်းအပျော်တွေ ရင်ထဲမှာ ကုလားမသာဆိုင်းလို ညံညံစီ၍ သွားသည်။ လမင်း တကယ်မိန်းမရတော့မည့် အခြေအနေမျိုးကို ဒေါ်ခင်စိန်က ဘယ်လိုမှ လက်ခံ၍မဖြစ်နိုင်။

ယောကျ်ားလေးဘက်က မူပြီး ပြန်ရှက်နေရသည့်အထိ ရူပါရဲ့တင်းမူတွေကို ဒေါ်ခင်စိန် ချောင်ကောင်းကောင်းမှာ ထိုင်ကြည့်မနေနိုင်တော့. .။

"လမင်းမောင်"

ရူပ့်ပါးပြင်ကို နမ်းရန်ရွယ်နေစဉ် အမေ့ခေါ်သံက လမင်းနားထဲ တိုးဝင်လာသဖြင့်. . .

"ဗျာ"

"မင်းကို အမေခိုင်းစရာရှိတယ်"





"ပြောဗျာ"

ကြည်နူးခန်းဖွင့်နေရာမှ လမင်းမောင်၏ ဗျာဆိုသောအသံနှင့် ပြောဗျာဆိုသောစကားကြောင့် ရူပါအရှိန်ပျက်ကာ လမင်းမောင်ကို စူးစမ်းလိုက်သည်။

သူဘယ်သူ့ကို ပြောနေတာလဲဆိုသော သိချင်စိတ်ကြောင့် အိမ်ထဲကို ဝေ့ကြည့်လိုက်သည် ဘယ်သူမှရှိမနေ။

"ဆရာ. . ဘယ်သူ့ကိုပြောနေတာလဲ"

"ဟမ်. . သြော်. . အဟဲ ဘယ်သူ့ကိုမှ မပြောပါဘူး ရူပါရဲ့"

"ဆရာ့ကို ဘယ်သူခေါ်လို့ ဗျာလို့ထူးရတာလဲ"

"ဟာ. . မထူးပါဘူး ထူးလိုက်မိလို့လား"

"အင်းလေ. . အိမ်ထဲမှာ ဘယ်သူရှိသေးလဲ"

"အ. . အမေလေ"

"ဟင်. . ဆရာပြောတော့ တစ်ယောက်ထဲဆို"

"ဟုတ်တယ်လေ"

"ဒါဆို ဘာလို့အမေရှိတယ်ပြောလဲ"

လမင်းအညာမိမည်ဆို၍ စကားကိုဝေ့လည်ကြောင်ပတ်လုပ်ဖို့ အပြေးအလွှား စဉ်းစားလိုက်သည်၊

"သြော်. . ရူပါရယ် ကိုယ့်အမေက ဆုံးသွားပြီလေ၊ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာတော့ အမေဟာ ဘယ်တော့မှမသေဆုံးဘူး၊ အခု ရူပါနဲ့ ရှေ့ရေးတိုင်ပင်နေတုန်း နားထဲမှာ အမေ့ခေါ်သံကို ကြားယောင်လာမိလို့ ဗျာလို့ထူးလိုက်တာပါ"

ကျေနပ်သောအဖြေမို့ ရူပါလှဲ့လှဲ့လေးပြုံးသွားပြီး. . .

"သြော်. . ဆရာက အမေကိုသိပ်ချစ်တာပဲနော်"

"ဒါပေါ့. . အမေက ကျွန်တော့်ဘဝမှာ အချစ်ရဆုံးပဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရှုပါ နှုတ်ခမ်းစူသွားသည်။

"ဟွန်း. . ဒါဆို ရှုပါကရော"

"ရှုပ့်ါကိုလည်း ချစ်တာပေါ့"

"မရဘူး တစ်ယောက်ထဲပြော၊ ရှုပါနဲ့ ဆရာ့အမေကို ဘယ်သူ့ ပိုချစ်လဲ"

ဖြေရခက်သော မေးခွန်းမို့ လမင်းခေါင်းကုတ်ပြီး ခပ်ကျဲကျဲ ရယ်လိုက်သည်။

ဒေါ်ခင်စိန် ဆက်ပြီးသည်းမခံနိုင်တော့. . ဒီကောင်မ ငါနဲ့ ငါ့သားကြားကို သွေးလာခွဲပေးနေတာပဲ. . ရန်ကုန်သူတွေလည်တာ သူ ခုမှပင် ကောင်းကောင်းသိတော့၏။

"လမင်းပြောလိုက်လေ၊ မင်းအမေ့ကို ချစ်တယ်မဟုတ်လား"

"ချစ်တာပေါ့ အမေရာ"

"ဘာ. . ဒါ. . ဒါဆို ဆရာက ရှုပါကို မချစ်ဘူးလား"

"အယ်. . ယောင်လို့ ချစ်တာပေါ့ ရှုပါရဲ့"

"လမင်း"

"ဗျာ. . အမေ"

"မင်း. . အဲဒီကောင်မကို အိမ်ကထွက်သွားခိုင်းစမ်း၊ မိန်းမလည်ဟဲ့ ဒီကောင်မက"

"ဟာ. . အမေရာ အဲလိုမလုပ်ပါနဲ့"

"မင်းပြောတော့ အမေ့ကိုချစ်တယ်ဆို သူကမကောင်းဘူး. . မင်းနားကို အကြံနဲ့ကပ်လာတာ၊ ပြီးရင် သူတို့မိသားစုတစ်လှေကြီး ဒီအိမ်ပေါ်တက်နေကြတော့မှာ"

"အထင်မလွဲပါနဲ့ အမေရာ"

တစ်ယောက်တည်း စကားပြောနေသော လမင်းကို ရှုပါ အ





ထိတ်တလန့် ငေးကြည့်နေရာမှ ချွေးပင်ပြန်လာသည်။

ရူးများရူးသွားပြီလား ယဉ်ယဉ်လေးနဲ့ ရူးနေတာလား။

"ဘာ. . အထင်မလွဲရမှာလဲ၊ ငါက မင်းကို မွေးထုတ်ထားတဲ့ အမေပါ၊ နင့်ထက်ငါက လူတွေအကြောင်းကို ပိုသိပါတယ်ဟဲ့"

"သားတို့က နှလုံးသားချင်းပိုပြီး ခံစားတတ်ပါတယ်အမေရာ"

"တော်. . တိတ်. . အဲဒါနှလုံးသား ခံစားချက် မဟုတ်ဘူးဟဲ့၊ တဏှာရူးရဲ့ မင်းက မင်းကိုယ်တိုင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ဖို့ ကြိုးကို ဘူမသိကိုးမသိ ဝင်ကျစ်ပေးနေတဲ့ကောင်"

"ဆ. . ဆရာ. . ဆရာဘာတွေ ပြောနေတာလဲ၊ ဆရာ့စိတ်တွေ ပုံမှန်ရောဟုတ်ရဲ့လား"

လက်ဟန်ခြေဟန်သုံးပြီး. . အမေနှင့် စကားပြောနေသော လမင်းကို ရှုပါ တဖြည်းဖြည်း လန့်လာသည်။ ကိုယ့်မိသားစု နေရေးထိုင်ရေးအတွက် လက်ပူတိုက်ပြီး ချက်ချင်းချစ်သူဖြစ်အောင် စွမ်းဆောင်ခဲ့ရတာ. . ခုတော့ အဆင့်သင့်. . ဒီအိမ်ပေါ်တက်နေပြီး အရူးကို ပြုစုရမယ်ဆိုရင်တော့ မလွယ်. . ၊ အဖေက လေရူးရူးနေတဲ့သူ. . အစ်ကိုက အရက် အမြဲမူးနေတဲ့သူ. . လက်ထပ်လိုက်တဲ့ သူကလည်း ယဉ်ယဉ်လေးရူးနေတာအမှန်ဆိုရင် အရူးတွေအမူးတွေကြား ရှုပါဘယ်လို ရှင်သန်ရတော့မလဲ။

တွေးရင်းနှင့်ပင် ရှုပါ မျက်စိမျက်နှာပျက်၍လာသည်။ လမင်း ရှုပ့်ါကို သတိမထားအားသေး သူ့အမေနှင့်အတိုက်အခံ စကားရည်လုကောင်းနေဆဲ. . . ။

"ဟာ. . မသိဘူး အမေရာ၊ အမေရှာပေးတဲ့ မိန်းကလေးကို လည်း သားမယူချင်ဘူး၊ သား ရှုပ့်ါကိုပဲ ယူမှာ"

"ဟဲ့. . ငါပြောပြီးပြီးနော် လမင်း၊ အမေ့ကို ဒေါသဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



မဆွနဲ့၊ အမေဒေါ်သဖြစ်ရင် လက်ပါ,ပါတတ်တယ်ဆိုတာ. . သိတယ် မဟုတ်လား"

"ရိုက်လည်း ရိုက်တော့အမေရာ. . အရင်ကောင်မလေးတုန်းကလည်း ပိုက်ဘောအဖမ်းခံရလိမ့်မယ်ဆိုပြီး တားတယ်၊ အခုတစ်ယောက်ကျတော့လည်း ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ခံရမယ်တဲ့ဘာတွေမှန်းကိုမသိဘူး ရှုပ်နေတာပဲ"

ဒေါ်ခင်စိန် အိမ်တိုင်မှာချိတ်ထားသော ကြက်မွေးတုတ်ကို ဆွဲယူပြီး လမင်းကိုရိုက်ရန် လမင်းအနားသို့ ရောက်လာသည်။

"ဟင်. . ဘုရား. . ဘုရား"

အိမ်တိုင်မှာချိတ်ထားသော ကြက်မွေးသည် သံချိတ်မှကျွတ်ကာ လမင်းအနားသို့ တရွေ့ရွေ့လာနေသော မြင်ကွင်းက ရှုပ်ပါ့ကို ကြက်သီးမွေးညင်းတွေ ထလာစေ၏။ ထို့ကြောင့် နောက်ကိုအလန့်တကြားဆုတ်ကာ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ထိတ်လန့်စွာ ဘုရားတလိုက်မိသည်။

"ကြက်. . ကြက်မွေးကြီး သူ့အလိုလိုပျံလာပြီ၊ ဒီ. . ဒီကြက်မွေး မှော်ဝင်နေပြီ၊ လုပ်. . လုပ်ပါဦး ရှုပါကြောက်တယ်"

"ကဲ. . အမေ ရှုပါကြောက်အောင် မလုပ်ပါနဲ့၊ သားတောင်းပန်ပါတယ် အမေရာ"

လမင်းလက်အုပ်ချီကာ ကြက်မွေးဖြင့်ရိုက်ဖို့ ဟန်ပြင်နေသော အမေ့ကို လက်အုပ်ချီကာ တောင်းပန်လိုက်သည်။

ရှုပါမှာ လမင်းလက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ကာ အပေါ်သို့ အရှိန်ဖြင့်မြောက်တက်သွားသော ကြက်မွေးကို အကြောင်သားမော့ကြည့်ရင်း သွေးပျက်လာပြီး မျက်နှာတပြင်လုံး သွေးဆုတ်ဖြူရော်သွားသည်။ ပြီးနောက် အာခေါင်ခြစ်အော်ရင်း. . .





"အား. . သ. . သရဲ၊ ဒီအိမ်မှာ သရဲရှိတယ်. . ဆရာ့အမေက သရဲ. . သရဲ. . ကြောက်တယ်. . ကြောက်တယ်"

"ရှုပါ. . နေဦး. . နေပါဦး"

နောက်ကြောင်းပင် ပြန်လှည့်မကြည့်တော့ဘဲ စကတ်စွန်တောင်စွဲကာ အိမ်ပေါ်မှ တစ်ကြိုးတည်း ဆင်းပြေးလာတော့သည်။

လမင်း တားမြစ်သံသည်ပင် ရှုပ့်အတွက် တစ္ဆေတစ်ကောင်၏ လှောင်ပြောင်သံနှင့် တူနေလေမလား။



www.burmeseclassic.com

www.burmeseclassic.com



"**မင်း** သူ့ကိုယူရင်. . ထမင်းမစားရဘဲ မြက်ပဲစားရမှာဟဲ့ သိရဲ့လား"

"မြက်စားလဲ စားရပေ့ါ အမေရာ၊ သား မိန်းမရဖို့က အရေးကြီးတာ မဟုတ်ဘူးလား"

ရူပါ ပြေးထွက်သွားပြီးနောက်ပိုင်း သားအမိနှစ်ယောက် စစ်ခင်းကြတော့သည်။

"မင်း တော်တော်ဇောင်းထနေပါလား လမင်းရယ်၊ မင်းကို ငါနားဝင်အောင် ဘယ်လိုပြောရမလဲ၊ အမေသေပြီးမှ အမေအတွက် ပူဆွေးသောက မဖြစ်ဘဲ မိန်းမလိုချင်တဲ့ပိုးက မင်းတစ်ကိုယ်လုံးမှာ ပွထနေတာ မြင်မကောင်းဘူး"

"အာ. . . အမေသေပြီဆိုပေမယ့် သားနဲ့ အဝေးကြီးမှာမှ မဟုတ်တာ၊ အမေက သားဘေးမှာ ရှိနေတာပဲ"

"ဟဲ့. . အမြဲတမ်း ရှိနေနိုင်မလား၊ အချိန်တန်ရင် ငါလျှောက်ရမယ့်လမ်းကို မဖြစ်မနေ မင်းကိုထားခဲ့ပြီး ဆက်လျှောက်ရဦးမှာ၊ မင်းကို





စိတ်မချလို့သာ ဒီလိုဘဝမျိုးကြီးနဲ့ ငါနေနေရတာ. .၊ ဘယ်လောက်အော်ဂလီဆန်စရာကောင်းလဲ. . . အရင်တုန်းက ပြည့်ပြည့်ဖြိုးဖြိုးနဲ့ ကျက်သရေရှိ လှပတဲ့ဒေါ်ခင်စိန်က တစ်ကိုယ်လုံး သွေးမရှိတဲ့ လူသေကောင်ကြီးလို ဘဝမျိုးနဲ့နေနေရတာ ဘယ်လောက်စိတ်ပျက်ပြီး ငြီးငွေ့စရာကောင်းသလဲဆိုရင် စကားနဲ့တောင် ပြောပြလို့ မလုံလောက်ဘူး"

ဒီလိုဆိုတော့လည်း လမင်းအမေ့ကို သနားသွားမိသည်။

အမေသည် သားကိုစိတ်မချသည့် အစွဲအလမ်းတစ်ခုကြောင့် ခုလိုဘဝမျိုးကြီးနဲ့ အမှောင်ထဲမှာ နေနေရတာ. . .။

ဒါဆို အမေ့ကို ဒီဘဝက လွတ်အောင် လမင်းဘယ်လို လုပ်ပေးရပါ့မလဲ၊ အမှန်ဆို လမင်းအမေ့ကို မခွဲနိုင်တာ အမှန်ပါ။

"အမေက သားနဲ့ခွဲသွားချင်ပြီလား အမေ"

ခုမှ ကြောင်သေပါးရိုက်ရုပ်နှင့် အမေ့ကို စိတ်ထိခိုက်စွာ မေးလိုက်သည်။

"အမေက ခွဲမသွားချင်ပါဘူး၊ ဒါပေမဲ့ ဘဝသစ်ကို ကူးပြောင်းချိန်တန်ရင်တော့ အမေ သားအနားမှာ နေချင်သေးပေမယ့်လည်း နေခွင့်မရတော့ဘူး၊ ဒါကြောင့်. . အမေ့သားအိမ်ထောင်ရေးအတွက် အမေ အကောင်းဆုံးမိန်းကလေးနဲ့ပဲ ဘဝကိုဆက်လက် ရှင်သန်ကျန်ရစ်စေချင်တယ်၊ ဒါကြောင့် မင်း အမေ့စကားကို နားထောင်ပါ၊ ဒီလို မိန်းမမျိုးတွေနဲ့ မပတ်သက်ပါနဲ့"

"ရူပါက မိန်းမကောင်းလေးပါ အမေရာ"

"မိန်းမတစ်ယောက်ကို လှရုံနဲ့ မိန်းမကောင်းလို့ မထင်နဲ့သား၊ လောကကြီးမှာ ပန်းပွင့်လေးလိုလှတဲ့ မိန်းကလေးတွေရဲ့ နောက်ကွယ်မှာ ရွံရှာစက်ဆုပ်ဖွယ်ကောင်းတဲ့ အကျင့်ပျက်တရားတွေ အများကြီးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကား မှန်သင့်သလောက်မှန်နေ၍ လမင်း ဘာမှပြန်ပြီး စောဒကမတက်ချင်တော့. .

အမေကမွေးထားတဲ့ အမေ့သားတစ်ယောက်အနေနဲ့ အမေ့စကားကို နားထောင်ရတော့မှာပေါ့. . .။







# အခန်း(၁၃)

"တက္ကစီ. ."

အမေ့အရိုးပြာအိုးကို ပိုက်ကာ တက္ကစီတစ်စီး လှမ်းတားလိုက်သည်။ အပြာရောင် တက္ကစီကားလေးတစ်စီး ကျွီခနဲ ထိုးရပ်လိုက်သည်။

"ဘယ်လဲ ညီလေး"

"စမ်းချောင်း(. . . . . .)လမ်းကိုသွားချင်လို့ပါ"

"သုံးထောင့်ငါးရာပဲပေး ညီလေး"

"ဟုတ်ကဲ့. . ရတယ်၊ သွားမယ် အစ်ကို"

လမင်း နောက်ခန်းကားတံခါးကို ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့အရိုးပြာအိုးကို ဘေးမှာအသာချလိုက်သည်။ ပြီးနောက် အင်္ကျီအိတ်ကပ်ထဲမှ တစ်ထောင်တန်သုံးရွက်နှင့် ငါးရာတန်တစ်ရွက် ထုတ်ပြီး ကားဆရာကို လှမ်းပေးလိုက်သည်။

"အစ်ကို ရော့. . ကားခ"

"ကျေးဇူးပဲ"

ကားဆရာစကားကို အသိအမှတ်ပြုသည့်အနေနှင့် အပြုံးဖြင့် တုံ့ပြန်လိုက်သည်။ ရန်ကုန်မြို့ကြီးသည် ယခင့် ယခင်နှစ်တွေတုန်းက ထက် တစ်စတစ်စ တိုးတက်လာသည်မှာ အံ့မခန်းစရာပင် ကောင်းတော့၏။ ဟိုငေးဒီငေးနှင့် လိုက်ပါလာရင်း အမေ့ကို တစ်စုံတစ်ခုမေးဖို့ သတိရသွားပြီး အရိုးပြာအိုးကို ငုံ့စောင်းကြည့်ကာ. . .

"အမေ. . သားက ဟိုရောက်ရင် ဘာအရင် စပြောရမှာလဲ"

ရုတ်တရက် ထမေးလိုက်သော အမေးကြောင့်. . ကားဆရာ နောက်ကြည့်မှန်မှ လမင်းကို လှမ်းကြည့်သည်။ သူ့စိတ်ထဲ ဖုန်းပြော နေသည်ဟု ထင်သွားပုံရ၏။ အေးအေးဆေးဆေးပင် ကားကို ဆက် မောင်းနေ၏။

"သူ့နာမည်က ကဗျာသွင်တဲ့ သားရဲ့"

"အဲ့ဒီတော့ အဲဒီအိမ်ရောက်တာနဲ့ ကဗျာသွင်ရှိလားလို့ မေး ရမှာပေါ့ ဟုတ်လား"

"အေး. . ဟုတ်တယ်၊ သူလေးက အဒေါ်နဲ့ နေတယ်ဆိုလားပဲ၊ ကောင်မလေးက ရိုးရိုးအေးအေးလေးပါ၊ ကံကောင်းလို့ ရုပ်ချောနေရင် တောင် ငါ့သား သဘောကျသွားမှာကွဲ့"

"အလဲ့. . အမေက အပိုင်ပြောနေတာပဲ"

"အမေက မြင်တာကို ပြောတာပါ၊ သူသာလျှင် ငါ့သားလေးရဲ့ ဖူးစာရှင် စစ်စစ်ကွဲ့၊ သူသာ ငါ့သားလေးနဲ့ လက်ထပ်ရမယ့် ဇနီးလောင်း





လေ"

ဟုတ်တာ,မဟုတ်တာ အပထား. . လမင်း အမေနှင့်ပြောခဲ့ သည့်စကားအကြောင်းအရာတွေထဲတွင် ယခုပြောသည့်အကြောင်း အရာကို စိတ်အဝင်စားဆုံး. . ။

ဘုရားသိကြားမလို့ ခုသွားတွေ့မယ့် ကဗျာသွင်လေးဟာ မြင် တာနဲ့ တန်းပြီးရင်ခုန်ရမယ့် ရုပ်ရည်မျိုးပဲ ဖြစ်ပါစေဟု စိတ်ထဲကနေ ဂုဏ်တော်ပွားသလို အဆက်မပြတ် ဆုတောင်းလာသည်။

"ရုပ်အရမ်းဆိုးရင်တော့. . သား လက်မခံဘူးနော် အမေ"

အလှအပကြိုက်သော လမင်းအဖို့ တစ်သက်မှာတစ်ခါသာ မိန်းမယူရမည့်အရေးမှာ ရုပ်ဆိုးသည့် မိန်းကလေးနှင့်တော့ တစ်ဘဝ လုံးစာ လက်တွဲမသွားချင်ပါ။

"ဒါနဲ့အမေ သူ့ဖုန်းနံပါတ်ကို မသိလို့ ခုသားကို ကိုယ်တိုင်သွား ပြောခိုင်းတာလား၊ ဟိုလေ. . အမေနဲ့ အဲ့ဒီကဗျာသွင်ဆိုတဲ့ ကောင်မ လေးနဲ့က ဘယ်တုန်းကသိသွားတာလဲ သူလဲ အမေ့လို ဝိညာဉ်ပဲလား"

ကားဆရာ ကားမောင်းနေရင်းမှ မျက်လုံးပြူးသွားသည်။

သူထင်ထားတာက ဖုန်းစကားပြောနေသည်ဟုပဲ ထင်ထား ခြင်း ဖြစ်သည်။ အနောက်ကို လှည့်ကြည့်လိုက်တော့ လမင်းလက်ထဲမှာ ဖုန်းမရှိ။ ဘလူးတုနှင့် ပြောနေတာလဲမဟုတ်. . ဒါ့အပြင် ယခု ဝိညာဉ် ဆိုတော့ အထိတ်တလန့် မျက်နှာကြီးဖြင့် ကားဘရိတ်ကို ဆောင့်ပြီး အုပ်လိုက်သည်။

"ကျွိ. . ."

"အောင်မလေးဗျ"

လမင်း ရှေ့ကို အရှိန်မထိန်းနိုင်ပဲ ယိမ်းထိုးသွားသည်။

"ဟာဗျာ. . အစ်ကိုရာ၊ ဘာဖြစ်လို့ ကားကို ရပ်လိုက်တာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကျွန်တော့်နဖူး စောင့်မိသွားပြီ”

နာသွားသော နဖူးကိုပွတ်ပြီး ကားဆရာကို ပိတ်ဟောက်လိုက်သည်။

“မင်း. . မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ၊ ငါ့ကားပေါ်မှာ မင်းတစ်ယောက်ထဲလိုက်လာတာ မဟုတ်ဘူးလား”

ကားဆရာ. . လမင်း ဘုတောသည်ကို ဂရုမစိုက်အား၊ သူသိချင်တာကိုသာ အငမ်းမရနှင့် တရစပ်မေး၏။ လမင်း မျက်စိမျက်နှာပျက်သွားကာ. . .။

“ဟာ. . ကားဆရာ ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားကားပေါ်မှာ ကျုပ်တစ်ယောက်ထဲ ပါမလာလို့ ဘယ်သူ ပါလာရဦးမှာလဲ”

“ဒါဆို ခင်ဗျား ဘယ်သူနဲ့ စကားပြောနေတာလဲ”

“အမေနဲ့လေ”

ကားဆရာ တော်တော်လေးသွေးပျက်နေပုံဖြင့် နားထင်မှ စီးကျလာသော ချွေးသီးချွေးပေါက်တွေကို သူ့ပခုံးပေါ်တင်ထားသော မွေးပွသဘက်နှင့် ဖိဆွဲသုတ်လိုက်၏။

“ဒါဆို ဘယ်မှာလဲ. . အဲ့ဒီအမေ၊ ဟို. . ခင်ဗျားပြောသလို ခင်ဗျားအမေက. . ဝိညာဉ်. . အဲ. . သ သရဲလား”

ကိုယ့်အမေကို သရဲဟု ပြောလိုက်သဖြင့် လမင်း၏ ဒေါသတို့က ငေါက်ခနဲ ထောင်ထလာ၏။

“ဟေ့. . ဟေ့လူ ကျုပ်အမေကို သရဲလို့ မပြောနဲ့ဗျ”

“ဒီမှာ. . ဟေ့ကောင် သေပြီးလို့ ဒီပရလောကထဲမှာပဲ ရှိနေသေးရင် သရဲပဲ၊ ဝိညာဉ်တွေဘာတွေ နာမည်တပ်ပြီး လှုကြားကောင်းအောင် ပြောမနေနဲ့၊ တော်ပြီး ခင်ဗျားတို့ သရဲသားအမိကို လိုက်မပို့တော့ဘူး. . ဆင်း”





ကားဆရာ သွေးရူးသွေးတန်းပြောပြီး လမင်းကို ကားပေါ်မှ ဆင်းခိုင်း၏။

“သား. . သူနဲ့ အတိုက်အခံမပြောနဲ့၊ သူ ယုံကြည်အောင် အကြောင်းတစ်ခုခု လှည့်ပြောလိုက်၊ သူ့ကားမစီးဘဲ တခြားတစ်ယောက်ကားစီးရင် သားထိခိုက်ဒဏ်ရာ ထပ်ရလိမ့်မယ်”

အမေ့စကားကြောင့် လမင်း တဟားဟားဖြင့် ဟန်လုပ်ရယ်ရယ်လိုက်သည်။ ရယ်ပုံကိုက ရုပ်ရှင်မင်းသား နေတိုးတို့ ဟိန်းဝေယံတို့ ရယ်သလို လှတပတလေး ရယ်လိုက်ခြင်းဖြစ်သည်။

“ဟေ့လူ. . ခင်ဗျားကို ရယ်ခိုင်းနေတာ မဟုတ်ဘူး၊ ကားပေါ်က ဆင်းခိုင်းနေတာ၊ ဆင်းပါ. . ခုဆင်း. . ကျုပ်က သရဲဆိုရင် အသေကြောက်တာ၊ ရုပ်ရှင်ကြည့်ရင်တောင် သရဲကား ဘယ်တော့မှ မကြည့်ဘူး”

“ခင်ဗျား အညာမိသွားတာဗျ၊ ဟဲဟဲ. . အမှန်တော့ ကျုပ်က အခု သရုပ်ဆောင်အသစ်ရွေးပွဲကို သွားနေတာဗျ၊ ဒါကြောင့် လမ်းမှာ အချိန်လေးရတုန်း ဒိုင်ယာလော့ခ်တွေကို လေ့ကျင့်နေတာ”

“ခင်ဗျား မရှီးနဲ့နော်”

ကားဆရာ သိပ်မယုံချင်. . .။

“ဩော်. . ခင်ဗျားကလည်းဗျာ၊ ကျုပ်က မွေးကတည်းက ခုချိန်ထိ မုသာဝါဒကို စောင့်ထိန်းလာတဲ့ကောင်ပါဗျ၊ တကယ်ပြောတာပါ၊ အဟဲ. . . ကျုပ်သရုပ်ဆောင်တာ ပီပြင်လွန်းလို့ ခင်ဗျားတောင် သွေးရူးသွေးတန်းဖြစ်သွားတယ် မဟုတ်လား၊ ဘယ့်နှယ့်လဲ လူရွေးပွဲမှာ ကျုပ်အတွက် ရလဒ်ကောင်းတွေ ထွက်လာလောက်အောင် ကျုပ်ရဲ့ သရုပ်ဆောင် ကောင်းတယ်မဟုတ်လား. . ဟဲဟဲ. . ဟဲဟဲ”

ဒီတော့မှ ကားဆရာ နည်းနည်းပြုံးလာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဗျာ အဲဒါဆိုရင်လည်း ကြိုပြောပါလား၊ ကားမောင်းရင်း ခင်ဗျားဒိုင်ယာလော့ခ်ကို အပျင်းပြေ နားထောင်သွားလို့ရတာပေါ့. . .၊ ကဲ. . ကဲ. . ဆက်ကျင့်. . ဆက်ကျင့်. . အနှောင့်အယှက်မပေးတော့ဘူး"

"တော်ပါပြီဗျာ ရေလည်ဖီးလ်ငုပ်သွားပြီ"

လမင်းအတည်ပေါက်နှင့် ပြန်ပြောလိုက်သည်။







# အခန်း(၁၄)

"ညည်း ခုချိန်ထိ ခေါင်းမာတုန်းပဲလား မိကဗျာ၊ ငါတို့အိမ်မှာ ဘယ်လိုအခက်ခဲတွေ ဖြစ်နေတယ်ဆိုတာ ညည်းအသိနော်"

ဘေးကနေ ကြောင်ပူလို အချိန်ပြည့် ပူလောင်နေသော. . အန်တီသက်ကို ကဗျာသွင် ဘာစကားမှကို ပြောချင်စိတ်မရှိတော့၍ မီးပူတိုက်ပြီးသား အဝတ်တွေကို ယူကာ ဗီရိုထဲ ထည့်လိုက်သည်။

"မိကဗျာ ငါပြောတာကြားလား. . ညည်းငါ့ကို မထီမဲ့မြင် လုပ်နေတာတော့ မဟုတ်ပါဘူးနော်"

အဝတ်တွေကို စီစီရီရီ ထည့်နေရင်းမှ ကဗျာသွင် ကျွတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



စုတ်သပ်လိုက်သည်။

"အန်တီသက်ရယ် ကဗျာက ဘွဲ့ရပြီးသား မိန်းကလေးတစ်ယောက်ပါ ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လုပ်ခိုင်းမယ်ဆိုရင်တောင် ကဗျာမငြင်းပါဘူး၊ ဖေဖေမရှိတော့တဲ့နောက်ပိုင်း. . ကဗျာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီးနေရမယ်ဆိုတာ သိပါတယ်၊ အန်တီသက်တို့ကိုလည်း ကဗျာကြောင့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါဘူး ဆိုတဲ့ အသိ ကဗျာ့မှာရှိတယ်၊ ဒါပေမဲ့ လမ်းထိပ်မှာ ကွမ်းယာထွက်ရောင်းခိုင်းတဲ့ကိစ္စကိုတော့ ကဗျာလက်မခံနိုင်ဘူး"

"အောင်မယ်လေး ညည်းကများ ကြီးကြီးကျယ်ကျယ်၊ ဒီခေတ်မှာ ဘွဲ့လေးတစ်လုံးက သွားကြားထိုးတံလောက်တောင် တန်ဖိုးရှိလို့လား. . ဟမ်း. . ဘွဲ့တစ်လုံးလောက်လေးနဲ့ ကုမ္ပဏီမှာ သူများလက်အောက်ခံ သွားလုပ်ကြည့် လစာလေး ခုနှစ်သောင်း ရှစ်သောင်းနဲ့. . ထမင်းဖိုး လမ်းစရိတ် အဝတ်အစားဖိုးနဲ့တောင် ကာမိမှာမဟုတ်ဘူး၊ ခုကြည့်. . ဟာဂွတ် လမ်းထိပ်မှာ ကွမ်းယာဆိုင်ဖွင့်ပြီး သူ့အမေတွေ သူ့ညီမတွေကို ရှာကျွေးလာတာ ရွှေနဲ့ငွေနဲ့ အိမ်ပိုင်ယာပိုင်နဲ့၊ တစ်လတစ်လ ကွမ်းယာရောင်းတဲ့ အမြတ်က နည်းလား"

"ဒါဆိုရင်လဲ့ည်း အန်တီသက် သမီးနဲ့သားကိုပဲ ထွက်ခိုင်းပါလား"

သားသမီးချင်း မစာနာ တူမကို ကွမ်းယာရောင်းခိုင်းနေသော အဒေါ်ဖြစ်သူ၏ ကိုယ်ချင်းမစာစိတ်ကြောင့်. . တမင်ပင် ဘုတောပစ်လိုက်သည်။

အန်တီသက် ဆွေ့ဆွေ့ခုန်သွားကာ ကဗျာကို အံခဲပြီး ကြည့်သည်။

"အမလေး. . အမလေး. . ညည်းမို့ မတန်မရာ ပြောရက်





တယ်အေ၊ ငါ့သမီးက ခုမှ တက္ကသိုလ်ကျောင်းသူလေး၊ ငါ့သားက ခုမှ ဆယ်တန်းကျောင်းသား၊ ညည်းမှာ အစ်မစိတ်မရှိဘူးလား၊ သူတို့ ဂုဏ်သူတို့အဆင့်နဲ့ ကွမ်းယာရောင်းခိုင်းစရာလား၊ အမလေးလေး. . . သူ့အဖေသာ ညည်းပြောတာကြားသွားလို့ကတော့ အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းရမှာ ညည်းနော်"

ကဗျာသွင် နာကျင်စွာ မဲ့လိုက်သည်။

"ခေါင်းနဲ့ဆင်းရမှာ ကဗျာဆိုရင် ကဗျာကို ဒီအိမ်ကြီးရဲ့ တန်ဖိုးငွေပေးလိုက်လေ၊ ဒီအိမ်ဝယ်တာ ဘယ်သူ့ငွေနဲ့ ဝယ်တာလဲ၊ ဖေဖေ့အိမ်ကို အကြွေးတွေကြောင့် ရောင်းလိုက်ရပေမယ့် ပိုထွက်လာတဲ့ငွေတွေကို လက်ဝါးကြီးအုပ်ထားတာ ဘယ်သူလဲ"

ကဗျာ ခံရပါများတော့ ရင်ထဲက ခံပြင်းနာကျင်စိတ်တွေဟာ နှုတ်ဖျားမှ နှုတ်လွန်ထိုးဖို့ စကားလုံးတွေအဖြစ် ပြောင်းလဲသွားစေ၏။

"အောင်မယ်. . အောင်မယ်. . ကောင်မက ငွေလေးမဖြစ်စလောက်လေးနဲ့ လာပြီးမာန်တက်နေတယ် ဟုတ်လား၊ ဟမ်း. . ဖအေသေပြီး လောကအလယ်မှာ ကူကယ်ရာမဲ့ဖြစ်နေလို့ အဒေါ်က ခေါ်စောင့်ရှောက်ထားတဲ့ ကျေးဇူးတရားကိုတော့ မသိဘူး"

"ဘာကျေးဇူးတရားလဲ အန်တီသက်၊ တူမလေးကို စောင့်ရှောက်ထားတယ်ဆိုပြီး ငွေတွေကို လက်ဝါးကြီးအုပ်ထားပြီး အိမ်ဖော်လိုလုပ်နေရတာကိုရော ထည့်ပြောဦးလေ. . ဟမ်. . ၊ ခုလဲ အိမ်အလုပ်လည်း မပျက်ရအောင် နီးနီးနားနားမှာ ကွမ်းယာဆိုင်လေး ဖွင့်ပါဆိုပြီး ပြောရက်တဲ့အဒေါ် လောကမှာ ဒီတစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

နတ်ဝင်သည်တစ်ယောက်လို တုန်ခိုက်နေအောင် ဒေါသတွေ အထွတ်အထိပ် ရောက်နေသော အန်တီသက်၏ အကြည့်စူးစူးတွေသည် ပေါက်ကွဲလုလု မီးတောင်တစ်ခုနှယ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ညည်း. . ညည်း. . တော်တော်ကို ရှိုင်းစိုင်းနေပါလားဟင်၊ ကဲဟာ. . ကောင်မ"

"ဖြန်း. . ဖြန်း. . "

ကဗျာသွင် ပါးနှစ်ဖက် ပူထူသွားသည်။ မျက်ရည်တွေ လိမ့်ဆင်းလာသည်။ အောက်နှုတ်ခမ်းကို သွေးထွက်လုမတတ် နာနာကျင်ကျင် ဖိကိုက်လိုက်သည်။

"အန်တီသက် သိပ်ရက်စက်တယ်. . ဖေဖေ မရှိမှ ကဗျာကို ဒီလိုဆက်ဆံတယ်"

ရင်ထဲမှာ ပြောမပြတတ်လောက်အောင်ကို နာကျင်ခံခက်ဖြစ်ကာ ကဗျာသွင်. အိမ်ပေါ်မှ ပြေးဆင်းခဲ့လိုက်သည်။







# အခန်း(၁၅)

"မကဗျာသွင်. . . မကဗျာသွင်"

မတိုးမကျယ်ခေါ်လိုက်သော လမင်း၏အသံကြောင့် အိမ်ထဲမှ အန်တီသက် ထွက်လာသည်။ ချီတင်းနေသော မျက်နှာထားကြောင့် လမင်း အနည်းငယ်တော့ ကျောတွန့်သွား၏။

"ဘယ်သူလဲ. . ဘာကိစ္စလဲ"

ပျော့ပျောင်းညင်သာခြင်းမရှိသော အမေးကြောင့် လမင်း ဘယ်ကစပြောရမှန်းမသိအောင် ကြောင်အမ်းနေ၏။

"မေးနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီသက် စိတ်မရှည်သလို ပြန်မေး၏။

"ဟို. . ဟိုလေ. . ကျွန်တော့်အမေက ကဗျာသွင်ကို မှာစရာရှိတာ လာမှာခိုင်းတာပါ။ အဲ. . ကဗျာသွင် မရှိဘူးလားခင်ဗျ"

"မရှိဘူး သူဒီမှာလဲ မနေဘူး"

"ဒါဆို ဘယ်မှာနေလဲ လိပ်စာပြောပေးလို့ရမလား"

ထပ်ပြီး အထွန့်တက်မေးမြန်းနေသော လမင်းမောင်ကို စိတ်ထဲသိပ်မတွေ့တော့. .

"ဒီမှာ. . မင်း ဘယ်သူလဲ၊ မိကဗျာနဲ့ ဘယ်လိုပတ်သက်လဲလို့ မေးစရာမလိုလောက်အောင် မိကဗျာနဲ့ ငါတို့ကြားမှာ ဘာမှပတ်သက်စရာမရှိဘူး၊ ဒီတော့. . သူ ဘယ်မှာနေသလဲဆိုတာလဲ ငါမသိဘူး"

"ဗျာ. . ဟုတ်. . ဟုတ်ကဲ့၊ ဒါဆို ကျွန်တော်ကို ခွင့်ပြုပါဦး"

"ကြွ"

"ဟုတ်ကဲ့ ကြွပါပြီ"

အယောင်ယောင်အမှားမှားပြောပြီး ထိုမိန်းမရှေ့မှ သုတ်ခနဲလှည့်ထွက်ခဲ့လိုက်၏။

ခပ်လှမ်းလှမ်းရောက်မှ လက်ထဲမှ အရိုးပြာအိုးကို ငုံ့ကြည့်ပြီး. .

"အမေ သားကို အရည်လည်းမရ အဖတ်လည်းမရတဲ့ အလုပ်ကို လုပ်ခိုင်းနေတာတော့ မဟုတ်ဘူးနော်"

"ဘယ်ကလာ ဟုတ်ရမှာလဲ သားရယ်၊ သားအတွက် အရည်ရော အဖတ်ရောတင်မကဘူး တစ်ဘဝလုံး ချမ်းသာသုခတွေ စံစားသွားရမယ့် အကျိုးတရားကြီးကို အမေက ယူဆောင်ပေးနေတာ"

"ဒါပေမယ့်. . ခု သူမှ မရှိတော့တာ သားကဘယ်မှာ သွားရှာရမလဲ၊ ဒါပဲနော် ထပ်ပြီးတော့ မရှာခိုင်းနဲ့တော့"





"အေးပါ. . အမေ မရှာခိုင်းတော့ပါဘူး၊ သားနဲ့ဖူးစာဆုံမယ့် မိန်းကလေးဆိုမှတော့ တစ်နေ့နေ့ တစ်ချိန်ချိန် သားနဲ့ဆုံကို ဆုံရမှာပါ"

လမ်းသွားရင်း သားအမိနှစ်ယောက် စကားပြောနေပေမယ့် လမ်းသွားလမ်းလာအချို့ လမင်းကို ငေးကြည့်သွားကြသည်။ ဒါကို လမင်းသတိမထားမိ။

"အဲဒီဆုံမယ့်ရက်က ဘယ်နေ့ဘယ်ကာလမှန်း မသိဘဲနဲ့ သားကအဲဒီအချိန်ထိ စောင့်နေရမှာလားအမေရာ၊ တော်ကြာ သားဆံပင်မွေးတွေဖြူ ပါးရေတွေတွန့် ခါးတွေကုန်းမှဆိုရင် ဘယ်နှယ့်လုပ်မလဲ၊ အဘိုးကြီးဖြစ်မှဆိုရင်တော့ မိန်းမ,မယူတော့ဘူး၊ ဘိုးဘွားရိပ်သာကိုပဲ သွားတော့မယ်"

"ဟော့. . ဟော့လူ. . ခင်ဗျားတစ်ယောက်တည်း ဘာတွေပြောနေတာလဲ"

အသားဖြူဖြူ ခပ်ဝဝ လူတစ်ယောက် ပခုံးလာပုတ်ပြီး မေး၏။

"ဩော်. . ဘာ. . ဘာမှ မပြောပါဘူး၊ အဟဲ. . ဒီလိုပါပဲ ကျွန်တော်က လမ်းသွားရင်းနဲ့ အဲ့လိုပဲ တစ်ယောက်တည်း စကားတွေပြောတတ်တယ်"

"ဩော်. . ဟုတ်လား၊ ဒါနဲ့ စောစောက ခင်ဗျားပြောနေသံကြားပါတယ်၊ ကေန္တ. . ခင်ဗျား အိမ်ထောင်ပြုချင်နေပုံရတယ်"

ထိုလူအမေးကြောင့် လမင်း ရှက်ကျဲကျဲလေး ရယ်လိုက်သည်။

"အဟဲ. . ဟုတ်. . ဟုတ်တယ်ဗျ. . ၊ ကျွန်တော်မှာ ခုချိန်ထိ ချစ်သူ မရှိသေးဘူးလေ၊ မိန်းမလိုချင်တာတော့ တစ်ပိုင်းကိုသေလို့"

"ကြိုက်သွားပြီ. . ကြိုက်သွားပြီဗျာ၊ ကျုပ်မှာလဲ ညီမလေးတစ်ယောက်ရှိတယ်ဗျ၊ သူကလည်း ယောကျ်ားအရမ်း လိုချင်နေတာ. . ကျုပ်ကလည်း သူနဲ့ သင့်တော်မယ့်သူ ရှာမတွေ့သေးတာနဲ့ ကျုပ်ညီမ



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒကို ခုချိန်ထိကို မဖြည့်ဆည်းပေးရသေးဘူး"

"ဟုတ်လား ဒါဆိုရင်တော့ ကျွန်တော်နဲ့ ဘဝတူတွေပေါ့"

"ခင်ဗျား အသက်ဘယ်လောက်လဲ ဘာလုပ်လဲ"

ထိုလူ့အမေးကို လမင်းချက်ချင်းမဖြေ လက်ထဲမှာ ပိုက်ထားသော အရိုးပြာအိုးလေးကို ငုံ့ကြည့်သည်။ အမေ့ထံမှ စကားသံ ထွက်မလာ ရယ်သံခပ်တိုးတိုးသာ ထွက်လာ၏။

"အဟဲ.. ကျွန်တော်က ပွဲရုံတစ်ရုံမှာ မန်နေဂျာလုပ်ပါတယ် အသက်က နှစ်ဆယ့်ရှစ်နှစ် လူပျိုစစ်စစ်"

"ဟုတ်ပြီ.. ကြိုက်သွားပြီ လုံးဝကြိုက်သွားပြီ"

အလုပ်မရှိသေးဘူးဟုပြောလျှင်လည်း အထင်သေးဦးမည်။ အမေ့ရဲ့ပါဝါကိုသုံးပြီး ရွှေဖြစ်နိမိတ်ဟောတဲ့အလုပ် လုပ်ပါတယ် ဆိုလျှင်လည်း လူကိုဟိုမေး ဒီမေးနှင့် အခက်တွေ့စေဦးမည်.. ဒီတော့ မန်နေဂျာလုပ်တယ်ဟုသာ ပြောင်လိမ်လိုက်ရသည်။

"အိုကေ.. ရုပ်ရည်ရော အရည်အချင်းရော ပြောစရာမလိုဘူး"

ထိုလူ လက်မထောင်ပြကာ သဘောတကျပြောပြီး သူ့အကျႌအိတ်ကပ်ထဲမှ ဓါတ်ပုံတစ်ပုံထုတ်ယူပြီး လမင်းဘက်ကို ထောင်ပြသည်။

လမင်း ဓါတ်ပုံကို ကဲကြည့်လိုက်သည်။ မျက်လုံးအရောင် ချက်ချင်းတောက်သွား၏။

"ဝါး.. မိုက်တယ်၊ ဝတ်.. ဝတ်မှုံရွှေရည်နဲ့တူတယ်"

"အေး.. အဲ့ဒါ ငါ့ညီမပဲ"

"ဟာ.. ဒီလောက် မှုန်နေအောင် လှတဲ့မိန်းကလေးမှာ ချစ်သူမရှိဘူးတဲ့လား သနားစရာဗျာ"





တော်တော်လေးကို သဘောကျသွားကာ အားမလိုအားမရ ပုံစံဖြင့် ပြောလိုက်သော လမင်းမောင်ကို ထိုလူ မျက်မှောင်ကျုံ့ပြီး အကဲခတ်လိုက်သည်။

"မင်း ငါ့ညီမကို လက်ထပ်မလား"

အောင်မလေး.. ကြားရတာ အရသာရှိလိုက်တဲ့ မေးခွန်း။

ရင်ထဲမှာ မီးရှူးတိုင်တွေ တထိန်ထိန်ညီးစေမယ့် အနာဂတ်၏ အလင်းရောင်လေး..

"ထပ်.. ထပ်မှာပေါ့ဗျာ၊ ခင်ဗျား.. တ.. တကယ်ထပ်ပေးမှာလား"

"တကယ်ပေါ့.. မင်းသာ ကတိတည်ပါစေနော် မတည်လို့ကတော့.."

"ကျွန်တော် ယောကျ်ားပါဗျ၊ ခင်ဗျားသာ စိတ်ပြောင်းမသွားစေနဲ့"

"နိုး.. လုံးဝမပြောင်းဘူး၊ ငါက ငါ့ညီမကို လင်မြန်မြန်ပေးစားချင်နေတဲ့ အစ်ကိုပါကွ၊ ဒါနဲ့ မင်းလက်ထဲမှာ ပိုက်ထားတဲ့အိုးက ဘာအိုးလဲ ရတနာအိုးလား"

ပိုက်ထားသောအိုးကို လက်ညှိုးနှင့်ထိုးပြီးမေးသော ထိုလူ့အမေးကြောင့် လမင်းညာဖို့စိတ်ကူးကာ...

"ရတနာအိုး မဟုတ်ပါဘူး၊ ဆေးဖော်ထားတဲ့အိုးပါ"

အမေ့အရိုးပြာအိုးပါဆိုလျှင် အခြေအနေက တစ်မျိုးပြောင်းချင်ပြောင်းနေဦးမှာမို့ ဆေးဖော်ထားသည့်အိုးဟုသာ ပြီးစလွယ် ညာလိုက်ခြင်းဖြစ်သည်။

ခုချိန်ထိ အမေ့ထံမှ ဘယ်လိုကန့်ကွက်မှုမျိုးမှ ထွက်ပေါ်မလာသောကြောင့် အမေလည်း ဒီဓါတ်ပုံထဲက လမင်း၏ သတို့သမီး



www.burmeseclassic.com

www.burmeseclassic.com



လောင်းကို သဘောကျသွားသည်ဟု စိတ်မှာမှတ်လိုက်သည်။

ထိုလူ အမေ့အရိုးပြာအိုးကို ဆေးအိုးဟု သိပြီးသွား၍ စိတ်ဝင်စားမှုမရှိတော့သလိုဟန်ဖြင့် လက်မှနာရီကို တစ်ချက်ငုံ့ ကြည့်လိုက်သည်။

"ဟော့ အချိန်တောင်နှောင်းနေပြီ၊ မင်း ငါ့အိမ်ကိုတစ်ခါတည်း လိုက်မလား ငါ့ညီမနဲ့ မိတ်ဆက်ပေးမယ်၊ မင်းတို့ လူငယ်အချင်းချင်း တွေ့ပြီး ဈေးတည့်သွားတော့. . အဲ. . အဲလေ. . နှစ်သက်သွားတော့ မြန်မြန်ကိစ္စပြီးတာပေါ့ ဟုတ်ဘူးလား"

ဘဝမှာ ဒီလောက်အပေးအကမ်း ရက်ရောသော ယောက်ဖမျိုး တစ်ခါမှမတွေ့ဖူး။

နေ့ချင်းညချင်း အိုရမယ့်အရေး ဘယ်နောက်တွန့်နေ၍ ဖြစ်မလဲ။ ဒီတော့. . လမင်းမောင် ဝမ်းသာလုံးစို့သော မျက်နှာပြကြီးဖြင့် ခေါင်းဘယ်နှကြိမ် ညိတ်မိမှန်းပင် မသိတော့. .

"လိုက်မယ်. . လိုက်မယ်. . ညအိပ်ဆိုလည်း တစ်ခါတည်း အိပ်မယ်၊ မင်္ဂလာကိစ္စက နောက်မှ စီစဉ်လို့ရတယ်"

"အိုကေ. . ရတယ် လာ၊ ဒီညတော့ မင်္ဂလာဦးအကြိုညအဖြစ် မင်းကို ငါ့ညီမက အမြည်းလေးတော့ ပေးမှာပါ၊ စိတ်ချ သူနဲ့တွေ့ရင် မင်းကို အိမ်တောင်ပြန်လွှတ်မှာ မဟုတ်တော့ဘူး၊ ငါ့ညီမက အဲလောက်ကို လက်သွက်တာ"

ရင်ထဲမှာ ပျော်လိုက်သည့်ဖြစ်ခြင်း. . ပျော်လွန်းလို့ အမေ့ကိုတောင် မေ့သွားသလိုလို. . . ။

မိန်းမလှလှလေးကို အချိန်ကုန်ခံ ငွေကုန်ခံ မပိုးပန်းရဘဲနှင့် တစ်ခါတည်း တန်းပြီး လက်ထပ်ခွင့်ကြုံရမည့် အခွင့်အရေးကောင်းမျိုး လမင်းဆီကို ဒီတစ်ကြိမ်သာ လာတော့မည်မို့ ထိုအခွင့်အရေးကို အ





သက်နှင့်လဲပြီး ကာကွယ်ရမည်။

ကျိန်းသေပေါက် ဒီည လမင်း အိုရတော့မည်။ အမှန်တော့ လမင်းတစ်သက် ဒီတစ်ကြိမ်လေးပဲ ကံကောင်းဖူးတာပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"ညီမလေးရေ. . ညီမလေး၊ ကိုကြီး မင်းနဲ့သင့်တော်မယ့် သတို့သားလောင်းကို ရှာတွေ့သွားပြီကွ"

အတော်အသင့်ပိုက်ဆံရှိပုံရသော နှစ်ထပ်တိုက်အတွင်းထဲသို့ ယောက်ဖလောင်းကြီး ဝမ်းသာအားရ အော်ဝင်သွားသဖြင့် လမင်းလည်း အပျော်စိတ်ဖြင့် ဖြီးနေသောမျက်နှာကို မျက်နှာပိုး ခပ်ငြိမ်ငြိမ်သတ်ကာ လိုက်ဝင်လိုက်သည်။

"တကယ်လား ကိုကြီး၊ ဒီတစ်ခါ ညာမပြောရဘူးနော်. ရုပ်ချော





ရဲ့လား"

ပီသချိုသာသော အသံစာစာကလေး အခန်းတစ်ခုထဲမှ ထွက်ပေါ်လာသည်။ လမင်းမောင် အသည်းထဲ အေးခနဲ ဖြစ်သွားရအောင် ကျေနပ်ခြင်းတွေဖြင့် အပျော်တွေဆင့်သွားသည်။

ရုပ်ကလေးကလည်း မှန့်ညက်နေအောင်ကို လှသလို အသံကလည်း စမ်းရေထဲ စီးမျောနေသည့် ဂီတသံလေးတစ်ပုဒ်လို သာယာညိမ့်ညောင်းလွန်းပေစွ။

စိတ်လှုပ်ရှားလွန်း၍ လမင်းရင်ဘတ်ကြီး ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသည်။

"ကဲ. . ယောက်ဖချောလေး ထိုင်ဦးနော်"

ဆက်တီခုံရှိရာသို့ ညွှန်ပြီး ထိုင်ခိုင်းသဖြင့် ကြွေခြောက်ဆည်သော အနေဖြင့် ခုံမှာဝင်ထိုင်လိုက်သည်။

လက်ထဲမှာ ပိုက်ထားသော အမွှေးအရိုးပြာအိုးလေးကို ကိုယ့်ရှေ့ဆက်တီစာပွဲပေါ် တင်လိုက်သည်။

ယောက်ဖကြီး အတွင်းခန်းတစ်ခုထဲ ဝင်သွားသည်မို့ အိမ်ရှေ့ဧည့်ခန်းတွင် ဘယ်သူမှရှိမနေတော့. . ။ ထို့ကြောင့် စပ်စုလိုစိတ်ဖြင့် မဟုတ်ပေမယ့်. . အကြည့်တွေက ဧည့်ခန်းတစ်ခုလုံး၏ အပြင်ဆင် အသုံးအဆောင် ပစ္စည်းတွေကို ဝေ့ကြည့်လိုက်သည်။

နံရံမှာချိတ်ထားသော မိသားစုဓါတ်ပုံတွေကို ငေးမောလိုက်သည်။ စိတ်ထဲမှာလည်း ဒီဓါတ်ပုံထဲက လူတွေနှင့် သိပ်မကြာခင်မှာ ဆွေမျိုးတော်စပ်ရမှာပါလားဟု တွေးပြီး တစ်ယောက်တည်း ကျိတ်ပြုံးလိုက်သည်။

ခြေသံကြောင့် အတွေးတွေကိုရပ်ကာ သူလေးများလားဟူသော ရှက်ကိုးရှက်ကန်းအကြည့်ဖြင့် ကြည့်လိုက်သည်။ သူမလေး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ယောက်ဖလောင်းကြီး ရေခဲရည်ဘူးနှင့် ဖန်ခွက်ယူလာပြီး လမင်းရှေ့မှာ ချပေး၏။

"ရော့. . အမောပြေသောက်လိုက်ဦး၊ ငါ့ညီမ ရေချိုးနေတယ် သူရေချိုးပြီးရင် သူ့အခန်းမှာပဲ သွားတွေ့လိုက်တော့"

"ဗျာ. ."

"ဘာဖြစ်လို့လဲ မတွေ့ချင်လို့လား"

အလန့်တကြား ဗျာဟု ပြောလိုက်သဖြင့်. . ယောက်ဖလောင်း ခပ်တည်တည်နှင့် ပြန်မေး၏။

"ဟာ. . မဟုတ်ပါဘူး မိန်းကလေးကို အားနာလို့ပါ"

"အပိုတွေလုပ်မနေနဲ့၊ နောက်လဲ ဒီအခန်းထဲမှာ တွေ့ရမှာပဲ ခုလည်းတွေ့ရမှာပဲ. . ခုတစ်ခါတည်း အခန်းထဲမှာဝင်ပြီး ဆွေးနွေးလိုက်တော့လည်း အလုပ်တစ်ခုပြီးတာပေါ့ကွာ၊ အဲ. . ငါ့ညီမအခန်းထဲ မဝင်ခင် ငါမင်းကို သေချာအောင် ပြန်မေးမယ်နော်"

"မေးပါ ယောက်ဖ"

"မင်း. . ငါ့ညီမကို ဘယ်လိုအကြောင်းကြောင့်နဲ့မှ စွန့်မပစ်ရဘူးနော်"

"ဟာ. . စိတ်ချပါဗျာ ဒီလောက်အပြစ်ကင်းစင်တဲ့ မိန်းကလေးမျိုးကို ကျွန်တော်က အပြစ်ရှာပြီး စွန့်ပစ်ရင် ကျွန်တော့်လောက် မိုက်တဲ့လူ လောကမှာရှိဦးမလား"

"အေး. . ကြိုက်သွားပြီး၊ ကဲ ရေသောက်ပြီး အမောပြေသွားပြီဆိုရင် ဟောဟိုမှာတွေ့လား. . ဝင်ဝင်ချင်းအခန်းပဲ၊ အပြာရောင်ခန်းစည်းလိုက်ကာလေးနဲ့ အခန်းတံခါးစေ့ရုံစေ့ထားတာ ဘာမှမရှက်နဲ့ ရိုးတိုးရွန့်တွန့်လဲ မဖြစ်နဲ့၊ အဓိက,က မင်းတို့ချင်း အပေးအယူ မျှဖို့ပဲ"

"အ. . အခုသွားရတော့မလား အစ်ကို"





ရက်ရောလွန်းသော ယောက်ဖကို တော်တော်လေးကြည်ညိုသွားသဖြင့် အစ်ကိုဟု တရိုတသေ ခေါ်လိုက်ခြင်းဖြစ်သည်။

"အင်း. . သွားတော့လေ ခုလောက်ဆိုရင်တော့ ငါ့ညီမ ရေချိုးပြီးသွားလောက်ပါပြီ"

တော်လိုက်သည့်ယောက်ဖ၊ ညီမဖြစ်သူကို ရေတောင် အဆင်သင့်ချိုးပြီး စောင့်ခိုင်းထားသော ထိုယောက်ဖကို အိမ်ဦးခန်းမှာ တင်ပြီး နတ်တစ်ပါးလိုတောင် ပူဇော်ပသထားဖို့ပင် ကောင်းနေပြီ။

"ဒါ. . ဒါဆို ကျွန်တော်. . ဝင်. . ဝင်တွေ့လိုက်တော့မယ်နော်. . ၊ အို. . အဲ. . နားနဲ့မနာ ဖဝါးနဲ့နာပေါ့ အစ်ကိုရယ်၊ မတော်တာတွေ ကြားမိရင်လည်း ခွင့်လွှတ်ပါ. . သဘောထား ကြီးပေးပါ. . "

ထိုလူကြီးခေါင်း ဆတ်ခနဲ ညိတ်ပြသည်။

လမင်း အမေ့အရိုးအိုးကိုပင် ယူသွားဖို့ သတိမရတော့. . ယောက်ဖညွှန်ပြရာ ခန်းစည်းအပြာရောင်ရှိသော အခန်းရှိရာသို့ သုတ်ခနဲ နှင်လေတော့သည်။

မကြာခင် ခံစားရတော့မည့် ကြည်နူးမှု အငွေ့အသက်ကလေးတွေက လူတစ်ကိုယ်လုံးကို ဖိန်းတိန်းရှိန်းတိန်း ဖြစ်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်တိုင်ကို မှီထိုင်ကာ ကိုယ်တစ်ပိုင်းကို စောင်ပါးလေး လွှားထားသော သူမလေးသည် လမင်းဝင်လာသည်ကို မြင်သည်နှင့် နီစွေးစွေး နှုတ်ခမ်းမှ အပြုံးတို့ လှစ်ခနဲ ဖွင့်လာသည်။

"ရှင် လာပြီပဲ. . လာလေ ဒီကို"

"အဲ. . ဟုတ်. . ဟုတ်ကဲ့၊ ဟိုလေ ရေချိုးပြီး နေမကောင်းလို့ လား"

"အင်း. . အဲလိုလဲမဟုတ်ပါဘူး၊ ရဝေက ဒီလိုပဲ ခုတင်ပေါ်မှာ ပဲ အမြဲနေပြီး စာဖတ်တယ်၊ တီဗွီကြည့်တယ်၊ ဂိမ်းကစားတယ်၊ ရဝေ့ အချိန်တွေကို တစ်ယောက်ထဲ ကုန်လွန်ရတာလေ. ."

အနီးကပ်ကြည့်လေ ပိုလှလေ ပို၍ဆွဲဆောင်မှုရှိလွန်းသူလေး နားသို့ လမင်း ဝုန်းဒိုင်းကြဲသော ရင်ခုန်သံတွေနှင့် တရွေ့ရွေ့ တိုးကပ် သွားသည်။

"ခုတော့ ကိုယ်ရောက်လာပြီလေ၊ မင်းနဲ့အတူ အချိန်တွေကို





အတူတူ ကုန်ကြတာပေါ့"

"ရှင်. . ရဝေ့ကို တကယ်ချစ်ရဲ့လား"

"နာမည်လေးက ရဝေတဲ့လား၊ ဒီလောက်စွဲမက်စရာကောင်း တဲ့ မိန်းကလေးက ချစ်ရဲ့လားလို့ မေးရလောက်အောင် ကိုယ်က ဘာမှ မဟုတ်ပါဘူး၊ ရဝေသာ ကိုယ့်ကို တွေ့တွေ့ချင်း မငြင်းလိုက်တာကိုပဲ ကျေးဇူးတင်ပါတယ်"

တောသားတွေ အသွက်လွန်သည်ဟု ပြောရလောက်အောင် ပင် လမင်းမောင် ရဝေလက်ချောင်း သွယ်သွယ်လေးတွေကို နမ်းရှိုက် မည်ဟူသော အတွေးနှင့် ပေါင်ပေါ် တင်ထားသော လက်တစ်ဖက်ကို လှမ်းယူလိုက်သည်။

အိထွေးနူးညံ့သော အထိအတွေ့အစား မာတင်းပြောင်ချော နေသော အထိအတွေ့ကြောင့် လက်ထဲမှာပါလာသော ရဝေ့လက်ကို အလန့်တကြား ငုံ့ကြည့်လိုက်သည်။

"ဟင်. . ဒါ. . ဒါက ဘာကြီးလဲ"

မျက်လုံးပြူးဖြင့် မေးလိုက်သော လမင်းအမေးကြောင့် ရဝေ မျက်လွှာတစ်ချက်ချကာ. . .

"ရဝေ့မှာ လက်တစ်ဖက်မရှိဘူးလေ၊ ဒါကြောင့် အတုတပ် ထားတာ. . ."

"ဩော်. . ဒီ. . ဒီလိုလား၊ အဟင်း. . ရပါတယ်. . ဒါလေးနဲ့ တော့ ရင်ထဲကချစ်မိသွားတဲ့ အချစ်တွေ ထူးပြီး ပြောင်းလဲသွားမှာမှ မဟုတ်တာ"

ရင်ထဲမှာ အောင့်သက်သက်ကြီး ဖြစ်သွားပေမယ့် လက်က လေးတစ်ဖက်ကို ရမယ်ရှာပြီး ငြင်းလိုက်မည်ဆိုလျှင် ဒီလောက်ချောပြီး နုနယ်နေသော ရဝေ့မျက်နှာလှလှလေးနှင့် ဝေးရမည်။ ဒီတော့. . .



www.burmeseclassic.com

www.burmeseclassic.com



အမိကနှင့် သာမည ခွဲခြမ်းစိတ်ဖြာပြီး ဒီလောက်ကလေးကိုတော့ အနစ်နာခံလိုက်ပေ ့မည်ဟုပဲ စိတ်ထဲကနေပြီး ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်လိုက်သည်။

"ရှင်က သိပ်ပြီးသဘောထား ပြည့်ဝတာပဲနော်. . . အဟင်းဟင်း. . ဟင်း. . ဟင်း"

ရဝေ ခပ်သွဲ့သွဲ့ ရယ်သည်။ သွားတက်ကလေးပေါ် အောင် ရယ်လိုက်သော ရဝေ့ရယ်သံသည် ကြည်ရွှင်ချိုမြလွန်းနေ၏။ ဒါဟာ လမင်းအား နောက်တစ်ထစ် အချစ်စမ်းဖို့ ကမ်းလှမ်းတာလည်း ဖြစ်နိုင်သည်မို့ ထပ်ပြီးတွေဝေမနေတော့ပဲ ရသည့်အခွင့်အရေးကို လုံးဝလက်လွှတ်မခံဘဲ ရဝေ့ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

ကိုယ့်ရင်ခွင့်မှာ အလိုက်သင့် ခိုဝင်လာသော ရဝေ့ကိုယ်လေးကလည်း ရင်ခုန်သံတွေ စည်းချက်ညီစွာဖြင့် စိတ်သဘောဖြူစွာ ပူးကပ်လိုက်ကြသည်။

လမင်းမောင် ရဝေ့မျက်နှာအနှံ့ကို နမ်းရှိုက်သည်။

ပျော်စရာကောင်းလိုက်တာ ရင်ခုန်စရာကောင်းလိုက်တာ နှစ်ယောက်စလုံး၏ ခံစားမှုတွေသည် တိမ်တိုက်တွေပေါ် ရောက်နေသလို ပေါ့ပါးလွင့်မျောနေကြ၏။

ဒါဟာ သူတို့ကို ကံကြမ္မာက သီးသန့်ဖန်ဆင်းပေးလိုက်သော ကမ္ဘာသစ်ကလေးတစ်ခု၊ လောကမှာ ဥပုသ်စောင့်သော ကျားမှမရှိတာ၊ ဒီတော့ လမင်း ရဝေ့ကိုယ်လေးကို ပွေ့ဖက်နမ်းရှိုက်ကာ ကိုယ်ပေါ်မှ လွှမ်းခြုံထားသော စောင်ပါးလေးကို ဖျတ်ခနဲ လှန်ချလိုက်သည်။

ဒုတိယအကြိမ်မြောက် အံ့သြခြင်းက လမင်းကိုကမ္ဘာအပြင်ဘက်သို့ အမြင်ကတ်ကတ်နှင့် ကန်ထုတ်လိုက်သလို ခန္ဓာကိုယ်တစ်ခုလုံး ထိတ်လန့်စွာဖြင့် လွင့်ထွက်သွားသလို လူက မြောက်တက်သွား၏။





အထင်နှင့်အမြင်က ကမ္ဘာကြီးနှစ်ခု ထက်ခြမ်းကွဲသလို ကိုယ့်အပျော်တွေသည်လည်း အမြောက်ဆံတစ်ခုလို ဒိန်းခနဲ မြောက်တက်သွားကာ တစ်စစီဖွာထွက်ကုန်၏။

"ဒါ. . ဒါကရော. . ဘယ်လိုဖြစ်တာလဲ. . ရ. . ရ. . ရဝေ"

လည်ချောင်းထဲမှ ဖျစ်ညှစ်အစ်ထွက်လာသော အထိတ်တလန့်အမေးတို့သည် အစီအစဉ်တကျမရှိပဲ အထစ်ထစ် အငေါ့ငေါ့ ထွက်လာ၏။

ရဝေ့မျက်နှာမှာ လက်လွှတ်အဆုံးအရှုံးမခံလိုသော အရိပ်တို့နှင့် ပြည့်နှက်ကာ. . .

"ရှင် ရဝေ့ကိုထားပြီး ထွက်မသွားရဘူးနော်"

"မင်း. . မင်းရဲ့ ခြေထောက် နှစ်. . နှစ်ဖက်စလုံး ဘယ်ရောက်ကုန်တာလဲ"

ဒူးခေါင်းအထိသာရှိပြီး အောက်ပိုင်းပြတ်နေသော ရဝေ့ ခြေအစုံကိုကြည့်ပြီး လမင်း နတ်ဝင်သည်တစ်ယောက်လို တုန်ခိုက်လာသည်။

ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေရွှဲနစ်ကာ သွေးပျက်ချောက်ချားနေ၏။

"ဟုတ်တယ် ရဝေ့မှာ လက်တစ်ဖက်နဲ့ ခြေထောက်နှစ်ဖက်မရှိဘူး၊ ဒါပေမယ့် အပြင်ထွက်ရင်တော့ ခြေထောက်အတု နှစ်ဖက်စွပ်ပြီးထွက်တယ်"

"တော်. . တော်ပြီ မင်း ဂိုငါ လက်မထပ်နိုင်ဘူး လုံးဝပဲ၊ သွားမယ်. . ငါသွားတော့မယ်၊ အောင်မလေး. . ဘုရား. . ဘုရား ကယ်ပါ"

လမင်း ခန်းတံခါးဆီသို့ ပြေးထွက်သည်။ သို့သော်. . ထွက်၍မရ။ အပြင်မှ ရဝေ့အစ်ကို ကျေးဇူးရှင်ယောက်ဖလောင်းကြီးက သူ



www.burmeseclassic.com

www.burmeseclassic.com



ညီမအတွက် တာဝန်ကျေစွာဖြင့် ချက်ပိတ်သွား၏။

လမင်းမောင် စိတ်လှုပ်ရှားလွန်း၍ ရင်တွေတဒိန်းဒိန်း စောင့်ခုန်ကာ ဆောက်တည်ရာမရဖြစ်ပြီး. . .

"ဒုန်း. . ဒုန်း. . ဒုန်း. . "

"အပြင်က တံခါးဖွင့်. . ခင်ဗျားညီမ ပေါင်တိုကို ကျုပ်မယူနိုင်ဘူးဗျ. . ဖွင့်. . ဖွင့်. . "

"ဒုန်း. . ဒုန်း. . ဒုန်း. . "

အပြင်မှ ဘာတုံ့ပြန်သံမှ မကြားရတော့. . .

"ရှင်ပြောတော့ ကျွန်မကိုချစ်တယ်ဆို၊ ခြေထောက်နှစ်ဖက်နဲ့ လက်တစ်ဖက် မရှိရုံလောက်နဲ့တော့ အစိမ်းခေါက် ခေါက်မသွားသင့်ပါဘူး၊ ပြန်လာခဲ့ပါ. . ကျွန်မဆီပြန်လာခဲ့ပါ၊ ရှင့်ကိုအချစ်တွေ အများကြီးနဲ့ ပေးဆပ်ပါမယ်"

"သွား. . မလိုချင်ဘူး၊ အဲဒီအချစ်တိုကြောက်တယ်၊ အောင်မလေးဗျ အမေရဲ့. . သားအဖြစ်ကို ကြည့်လှည့်ပါဦး"

တဟီးဟီးငိုကာ လမင်း အာခေါင်ခြစ်၍ ကုန်းအော်လိုက်သည်။ မိန်းမကို ငမ်းငမ်းတက်လိုချင်လာတဲ့ သက်တမ်းတစ်လျှောက်မှာ ဒီလောက်အဖြစ်ဆိုးဖူးတာလည်း ဒါဟာပထမဦးဆုံး အကြိမ်ပါပဲ။

"ဒုန်း. . ဒုန်း. . ဒုန်း. . "

"အမေ. . အမေရေ ကယ်ပါဦးဗျ. . ကယ်ပါ"





"**အ**မေ မကောင်းဘူးဗျာ၊ ကိုယ့်သား ဒီလိုဖြစ်မယ်ဆိုတာကြိုသိနေရဲ့သားနဲ့ သားကိုမတားဘူး"

နောက်ဆုံးတော့ ကြိုမြင်တာကို ကြိုမပြောရကောင်းလားဆိုပြီး အပြစ်တင်လိုက်သည်က အမေ့ကို. . .

"ငါအရင်က သတိပေးခဲ့တယ်လေ၊ မင်းရဲ့ဖူးစာရှင်က မင်းဆီကို တန်းတန်းကြီးလာမှာပါလို့၊ ဒါကိုမယုံဘဲနဲ့ တွေ့ကရာမိန်းမအလွတ်မပေးပဲ အချောင်ရပြီဆိုပြီး အခန်းထဲတန်းဝင်မှတော့ ဒီကောင်ဒီလောက်ငမ်းကြောထတာ အထိနာပစေဆိုပြီး လွှတ်ထားလိုက်တာ၊ ကဲ. . ခုတော့ မိန်းမလိုချင်သေးလား. . ဟမ်. . မယားတရူးလေး"

"အာ. . အမေကလည်း ဓါတ်ပုံထဲမှာကျတော့ ဒီလိုချို့ယွင်းချက်တွေကို ဘယ်မြင်မလဲဗျ၊ သူ့ဓါတ်ပုံက မျက်နှာလေးကိုအသားပေးပြီး ရိုက်ထားတာလေ"

အမေ့ကို ကိုယ်မှားကြောင်းဝန်မခံဘဲ ဆင်ခြေပြန်တက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အဲလို နမော်နမဲ့နိုင်လို့ နင်မယားကိုတောင်းထဲထည့် ရွက်ပြီး မအေ့အရိုးအိုးလက်ကပိုက်ပြီး သွားရတဲ့အဖြစ်ကို ရောက် တော့မလို့ မဟုတ်လား၊







နင့်မအေ ငါသာမပါရင် ခုလောက်ဆို ပေါင်တိုမလေးရဲ့ ယောက်ျားအဖြစ်နဲ့ ရပ်ကွက်လူကြီးတွေရှေ့မှာ လက်ထပ်ရတော့မယ်"

"တော်. . တော်ပါအမေရယ် ပြန်ပြောရုံနဲ့တောင် ကျောချမ်း လွန်းလို့ပါ၊ သားကိုထပ်မပြောပါနဲ့တော့. . သားတောင်ပန်ပါတယ်၊ နောက်ဆိုရင် ကိုယ့်စိတ်ကိုယ့်သဘောနဲ့ မိန်းမမရှာတော့ပါဘူး"

အဖြစ်တွေ ထိုင်ဖို့ခံရတာသက်သာအောင် အမေ့ကို ပြီးစ လွယ်ကတိပေးလိုက်၏။

လမင်းပုံစံက အိမ်မက်ကလန့်နိုးလာသူလို ယောင်တိယောင် ကန်းနှင့် အိပ်မက်အကြောင်းပြန်ပြောရမှာပင် အတော်လေးသွေး ပျက် နေသောရုပ်မျိုး. . .

ဒေါ်ခင်စိန် သားဖြစ်သူကိုကြည့်ပြီး သဘောတကျဖြင့် ခွက်ထိုး ခွက်လန်ရယ်လိုက်သည်။

မိခင်၏ လှောင်ရယ်နေသော အသံကြောင့် လမင်းရှက်လွန်း ကာ ဒူးနှစ်လုံးကြား မျက်နှာဝှက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

ညအမှောင် အပင်ကြီးအောက်မှ အိမ်ကြီးကို ငေးမောနေသော ကဗျာသွင့်မျက်ဝန်းမှာ မျက်ရည်တို့တွဲခိုလျက်။

ငယ်စဉ်ကတည်းက ကြီးပြင်းလာသည့်အထိ နေခဲ့သည့် ဒီအိမ်ကြီးကို အဖေရှိစဉ်ကတည်းက မက်မောချစ်ခင်ခဲ့မိတာပါ။

အဖေမရှိတော့သည့်နောက်ပိုင်း သောကတွေနှင့်အတူ လောကအလယ်မှာ မျက်စိသူငယ်နားသူငယ်ဖြင့် အဒေါ်ကို နွယ်တစ်ပင်မြက်တစ်ပင်လို အားကိုးမိခဲ့၍. . ခုတော့ လူက လမ်းပေါ်ရောက်ရ





သည့်အဖြစ်။

နောက်ဆုံးအနေနှင့် အဖေ့အငွေ့အသက်တွေ ကျန်ရှိနေသေးသည့် ထိုအိမ်ကို တစ်ညတာ ခိုလှုံခွင့်ရဖို့ အရဲစွန့် လာခဲ့ခြင်းဖြစ်သည်။

လူမနေသေးသည့် အိမ်ကြီးမို့ ကဗျာသွင် ခြံတံခါးကို အသာတွန်းဖွင့်၍ ဝင်လာခဲ့လိုက်သည်။

ဝရန်တာလက်ရန်းကို ကိုင်ပြီးတက်ရင်း အဖေ့ကိုပို၍ သတိရလာသဖြင့် စိတ်လွတ်ကိုယ်လွတ် ငိုချပစ်လိုက်သည်။

"အဖေ. . အဖေရယ် ကဗျာ့ကိုပါ လောကကြီးထဲက တစ်ခါတည်းခေါ်သွားလိုက်ပါလား အဖေရယ်၊ ခုတော့ ကဗျာ့မှာ အားကိုးစရာမဲ့နေရပြီ၊ ကဗျာ့အပေါ်မှာ ဘယ်သူမှ မကောင်းကြဘူး. . ဒါကို အဖေသိရဲ့လား"

တိတ်ဆိတ်နေသော ညလယ်မှာ ကဗျာသွင့် ငိုရှိုက်သံက မျှော်လင့်ချက်မဲ့ ဆိတ်သုဉ်းကာ. . ညသည် ယခင်ကထက်ပို၍ အထီးကျန်လာသလိုလို. . .

"ကလေးမ. . ကလေးမ. ."

အနားသို့ ဖျတ်ခနဲ ရောက်လာသောအရိပ်နှင့် ခြေသံကြောင့် မျက်ရည်စတွေကို သုတ်ပြီး ငိုကြွေးခြင်းကို အရှိန်သတ်ကာ. . .

"ဟင်. . ဘယ်. . ဘယ်သူလဲဟင်"

"အဒေါ်က ဒီအိမ်ကလေ၊ ကလေးမက ဒီမှာဘာလို့ လာငိုနေတာလဲ"

"ခွင့်လွှတ်ပါအဒေါ် ကဗျာက အရင်တုန်းကတော့ ဒီအိမ်ပိုင်ရှင်ပါ၊ အခု အဖေ့ကို သတိရလို့ ဒီနေရာကို ရောက်လာတာပါ၊ နောက်ပြီး လူမနေသေးဘူးထင်လို့ ဒီအိမ်မှာ တစ်ညလောက်ဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အဖေ့အလွမ်းပြေနေမလို့ ထွက်လာတာပါ"

ရှိုက်သံနှောသော အသံဖြင့်ရှင်းပြနေသော ကောင်မလေးကို ကြည့်ပြီး ဒေါ်ခင်စိန် အောင်မြင်စွာ ပြုံးလိုက်သည်။

ဒီအချိန်ကို သူစောင့်နေခဲ့တာ ကြာခဲ့ပြီပဲ. . .

"နာမည်က ကဗျာတဲ့လား"

"ကဗျာသွင်ပါ"

"ဪ. . အေးပါကွယ်၊ ဒါနဲ့ ကဗျာသွင်. . အဲ. . တူမလေးက ဘယ်မှာနေတာတုန်း"

"ကဗျာက သုဝဏ္ဏမှာနေပါတယ်၊ အခု အဲဒီအိမ်ကနေဆင်းလာတာပါ"

"အသံတိုးရှတိမ်ဝင်စွာ ပြောလိုက်သော ကဗျာသွင်၏ မျက်လုံးအိမ်မှ မျက်ရည်တို့ လိမ့်ဆင်းကျလာသည်။

"ကဗျာ အဒေါ်တို့ အိမ်ရှင်တွေ မနေလောက်သေးဘူး ထင်ပြီး လာမိတာပါ၊ စိတ်မရှိပါနဲ့နော် သွားလိုက်ပါဦးမယ်"

ဒေါ်ခင်စိန်အား ခပ်ယို့ယို့တောင်းပန်ပြီး လှေကားထစ်တွေနင်းဖြတ်ကာ ဆင်းလာလိုက်သည်။

"နေပါဦး တူမရယ်၊ ဒီလောက်ညည့်နက်နေမှတော့ ဘယ်ကိုသွားမလို့လဲ ဒီအချိန် မိန်းကလေး တစ်ယောက်ထဲသွားဖို့ မသင့်တော်ပါဘူး၊ အဖေ့အိမ်ကို အလွမ်းပြေလာကြည့်မှတော့ အဖေ့အငွေ့အသက်ရှိနေသေးတဲ့ ဒီအိမ်မှာပဲ တည်းသွားပါ"

ကူကယ်ရာမဲ့နေသော ညည့်အချိန်ကြီးမှာ စောဒကတက် ငြင်းဖို့ ကဗျာ့မှာ အင်အားမရှိ. . .။

လာကတည်းက ဒီအိမ်ရဲ့ အမိုးအောက်ကလေးမှာ ငုတ်တုတ်ပဲထိုင်နေရ တစ်ညတာခိုလှုံဖို့ ထွက်လာခဲ့သည်ပဲလေ. . .။





"ကျေးဇူးတင်ပါတယ် အဒေါ်ရယ်၊ ကဗျာမနက်လင်းတာနဲ့ ဒီက ထွက်သွားပါမယ်"

"ကဲ. . လာ. . လာ. . အိမ်ထဲဝင်"

ဝါကျင့်ကျင့် မီးရောင်ခပ်မှိန်မှိန်လင်းနေသော အိမ်၏အရှေ့ခန်းသို့ ဒေါ်ခင်စိန်နောက်မှ ခပ်ကုပ်ကုပ် လိုက်ဝင်ခဲ့လိုက်သည်။

အခန်း၏ ထောင့်တစ်နေရာသို့ အကြည့်တို့ဖျတ်ခနဲရောက်သွားသည်။ ကဗျာ ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်. . .

"ဟင် ဖေဖေ"

ကျွန်းကုလားထိုင်ကြီးမှာထိုင်ပြီး ဆေးတံကြီးခဲနေသော အဖေသည် ကဗျာကို နှစ်လိုဖွယ်သော အပြုံးဖြင့် ပြုံးပြပြီး. . ခေါင်းတဆတ်ဆတ်ညိတ်ကာ လက်ယပ်ခေါ်သည်။

ကဗျာသွင် စိတ်လွတ်သွားကာ အဖေရှိရာသို့ ခပ်ကျဲကျဲ ခြေလှမ်းတို့ဖြင့် လျှောက်သွားလိုက်သည်။

အနားရောက်တော့ အဖေ့ပုံရိပ်တွေသည် ဖျတ်ခနဲ ပျောက်သွားသည်။

"ဟင်. . အဖေ. . အဖေ"

ကဗျာ အခန်းတစ်ခုလုံး ဝေ့ကြည့်ပြီး ဝမ်းနည်းစွာ အော်ခေါ်လိုက်သည်။ အဖေ့အရိပ်ကို ထပ်မတွေ့ရတော့။ စွဲလမ်းမှုတစ်ခုကြောင့် အာရုံကတဆင့် ပုံရိပ်ထင်ခြင်းသာဖြစ်သည်မို့ ကဗျာ ကိုယ့်စိတ်ကိုယ်ကိုယ် ဖြေလိုက်သည်။

အဖေက လူ့လောကကြီးထဲမှာ ရှိမှမရှိတော့ပဲလေ. . ဒီအိမ် ဒီအရိပ် ဒီအငွေ့အသက်တွေဟာ အဖေ့အငွေ့အသက်တွေမို့ ကဗျာ့စိတ်ထဲမှာ အဖေ့ပုံရိပ်ကို မြင်လိုက်ရတာဟာ သိပ်တော့ မထူးဆန်းပါဘူးလေ. .။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းက ကလေးမ အရင်កနေခဲ့တဲ့အခန်း မဟုတ်လား"

"ဟုတ်တယ် အဒေါ် . . အဒေါ်ဘယ်လိုသိလဲဟင်"

ဒေါ်ခင်စိန် ပြန်ပြီး မေးခွန်းထုတ်ခံနေရသဖြင့် ခပ်တိုးတိုး ရယ်လိုက်သည်။

"ဒီလောက် သန့်ရှင်းသပ်ရပ်နေတဲ့အခန်းက မိန်းကလေး တစ်ယောက်နေခဲ့တဲ့ အခန်းဆိုတာ ခန့်မှန်းမိလို့ပါကွယ်"

"ခေါ့ . . ခေါ့ . . ခလူး . . ဖလူး . . ဖလူး"

ကျယ်လောင်သော ဟောက်သံကြီးက ကဗျာသွင့်ကိုယ်လေး တွန့်သွားပြီး ဒေါ်ခင်စိန့်ကို လှမ်းကြည့်သည်။

"အဲဒီအခန်းထဲမှာ အန်တီ့သားနေတယ်လေ၊ အဲဒါသူ့ဟောက်သံပေါ့"

"ဩော်"

ကိုယ်နေခဲ့ဖူးသော အခန်းလေးသည် ကိုယ်နှင့် လုံးဝမသက်ဆိုင်တော့ပြီဟူသောအသိက ရင်ထဲမှာခံစားသွားရသည်။

"တူမလေးက ဘေးကအခန်းမှာ အိပ်လိုက်လေ၊ အဲဒီအခန်းထဲမှာ အိပ်ရာအဆင်သင့်ရှိတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အဒေါ်ရယ် . . ၊ ဒီကျေးဇူးကို ကဗျာဘယ်တော့မှ မမေ့ပါဘူး"

"ရပါတယ် ကိစ္စမရှိပါဘူးကွယ်၊ ကိုယ့်သမီးအရွယ်လေးကို ဒီလို ညကြီးအချိန်မတော် အန္တရာယ်တွေနဲ့ မကြုံစေချင်လို့ ထိမ်းသိမ်းပေးထားရုံသက်သက်ပါ"

"ကဲ . . ကဲ . . အိပ်တော့ ဒီတစ်ညတော့ တူမလေးအိပ်မက် လှလှမက်ပါစေကွယ်၊ အိပ်မက်ထဲမှာလဲ တူမလေးသိပ်ပြီး သတိရတဲ့ အဖေနဲ့ တွေ့ပါစေလို့ ဆုတောင်းပေးတယ်"





ဒေါ်ခင်စိန် ကဗျာသွင့်ခေါင်းကို ခပ်ဖွဖွပုတ်ပြီး ဆုပေးလိုက်သည်။

"အိပ်မက်ထဲကို အဖေလာရင်တော့ သိပ်ကောင်းတာပေါ့ အဒေါ်ရယ် . . ကဗျာ့ရင်ထဲက နာကျင်စရာတွေကို အဖေသိအောင် ပြောပြချင်လို့ပါ"

"လာမှာပါကွယ် လာမှာပါ"

ဒေါ်ခင်စိန် ထိုသို့ပြောပြီး ကဗျာသွင့်ရှေ့မှ လှည့်ထွက်ခဲ့လိုက်၏။

ဒီအခန်းက အဖေနေခဲ့တဲ့အခန်းမို့ အဖေ့အငွေ့အသက်တွေနှင့် နွေးနေတုန်းပဲဟု ကဗျာစိတ်ထဲမှာ ခံစားလိုက်ရသည်။

"အဖေဘယ်ဘုံဘဝကို ရောက်နေပြီလဲ . . သမီးဒုက္ခတွေကို လှမ်းမြင်နေရလား အဖေ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"သမီး. . ကဗျာ. . ကဗျာ"

လေသံလိုလို ခေါ်သံလိုလိုနှင့် အိပ်ပျော်စပြုနေသော အာရုံထဲသို့ တိုးဝင်လာသော အသံကြောင့် ကဗျာသွင့်မျက်ဝန်းအစုံ ဖျတ်ခနဲ ပွင့်လာသည်။

နီကျင့်ကျင့် မီးရောင်မှိန်မှိန် အခန်းအတွင်းသို့ ခေါင်းကို ဘယ်ညာစောင်းလျက် ဝေ့ကြည့်လိုက်သည်။ ကဗျာသွင့်အသက်ရှူသံမျှင်းမျှင်းနှင့် တစ်ဖက်ခန်းမှ ဟောက်သံကလွဲ၍ အားလုံးငြိမ်သက် တိတ်





ဆိတ်နေ၏။

"သမီး. . သမီး. . ကဗျာ"

"ဟင်. . ဒါ. . ဒါ အဖေ့အသံပဲ၊ အဖေ. . အဖေ"

ကဗျာ အိပ်ရာထက်မှ ဆတ်ခနဲ ထထိုင်ကာ ခုတင်ထက်မှ ဆင်းလိုက်သည်။

"အဖေ ဘယ်နေရာကနေ ခေါ်နေတာလဲ၊ အဖေ. . အဖေ"

ကဗျာ့ခြေလှမ်းတွေ အခန်းပြတင်းဆီသို့ လျှောက်သွားသည်။ ပြူတင်းဝမှ ခန်းစည်းစတို့သည် လေအရှိန်ကြောင့် တလွင့်လွင့် ဝေ့ဝဲနေ၏။

"သမီး. . အဖေအပြင်မှာ"

အိမ်အပြင် ကံ့ကော်ပင်ကြီးအောက်တွင် ရပ်ပြီးခေါ်နေသော အဖေ့ကိုမြင်တော့ ကဗျာ မျက်ရည်တို့ စို့တက်လာသည်။

"အဖေ အဲဒီမှာ ဘာလုပ်နေတာလဲ"

လက်ထဲမှ ပေါက်တူးတစ်လက်ဖြင့် မြေကြီးတွေကို သဲကြီးမဲကြီး တူးဆွနေသော အဖေ့ကိုကြည့်ပြီး ကဗျာ လှမ်းမေးလိုက်သည်။

"သမီးကိုပေးမလို့ ဒီနေရာမှာ အဖေသိမ်းထားတယ်"

ပြောလည်းပြော ပေါက်တူးနှင့်လည်း မြေကြီးကိုမရပ်မနား တူးဆွနေသော အဖေ့ကိုကြည့်ပြီး ကဗျာရင်ထဲမှာ ဝမ်းသာလုံးတွေ ဆို့နေ၏။

"အဖေ. . ဘာတွေတူးနေတာလဲ၊ လာ. . ကဗျာနဲ့ စကားဖွေပြောကြရအောင်"

"နေဦး သမီး၊ အဖေ သမီးကို ပေးစရာရှိတာ မပေးရမချင်း စိတ်မအေးနိုင်ဘူး"

"ဟင့်အင်း. . ကဗျာ အဖေ့ဆီက ဘာမှမလိုချင်ဘူး၊ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာ အဖေ့ကိုပဲ. . အဖေ ကဗျာ့ဆီ ပြန်လာခဲ့ပါ"

တိတ်ဆိတ်လွန်းသော ညနက်နက်မှာ ကဗျာ့အသံက စိတ်လှုပ်ရှားကာ တုန်အက်နေ၏။ ဘယ်တော့မှ မတွေ့ရတော့ဘူးဟု ထင်ထားသော အဖေ့ကိုပြန်တွေ့ရတော့. . ခုချိန်မှာ ကဗျာ ဘာမှမလိုအပ်တော့ ကဗျာ့မှာ သောကတွေလည်း မရှိတော့။

ကဗျာ့အနားမှာ အဖေရှိနေမှတော့ ဘယ်လိုသောကမျိုးပဲ လာလာ ကဗျာကောင်းကောင်းကြီး ရင်ဆိုင်အလဲထိုးမှာပါ။

"အဖေ. . မြန်မြန်လာပါ"

ကဗျာတွင်တွင် ခေါ်နေစဉ်မှာပင် ကဗျာ့မြင်ကွင်းတွေ ဝေဝါးကာ ပတ်ဝန်းကျင်တခွင်လုံး မြူတွေဆိုင်းသလို ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့။

အဖေ့ကိုမှ မတွေ့ရတော့၍ ကဗျာ စိုးရိမ်ထိတ်လန့်သွားကာ ခြုံထဲသို့ ခုန်ဆင်းရန် ပြတင်းပေါက်ဘောင်ပေါ် တက်လိုက်သည်။

အဖေကို တွေ့ရဖို့အရေး ကဗျာ သွေးရူးသွေးတန်းတွေ ဖြစ်နေသည်။

"အဖေ. . အဖေ့. . ကဗျာ့ရှေ့ကနေ ပျောက်မသွားပါနဲ့ဦး"





"ဟော့. . ဟော့. . ထ. . ထစမ်းပါဦး၊ မင်းဘယ်သူလဲ ငါ့အိမ်ထဲမှာ ရာရာစစ လာလဲအိပ်သေး ဘာတွေအော်နေမှန်းလဲ မသိဘူး"

ခုတင်ထက်တွင် ခြေကားရားလက်ကားရားဖြင့် အော်ဟစ်နေသော ကောင်မလေးကို လမင်းမောင် လှုပ်နှိုးလိုက်သည်။

ပုံစံကြည့်ရတာ အိပ်မောကျရင်းနှင့် အိပ်မက်ထဲမှာ ယောင်အော်နေတာပဲ ဖြစ်ရမည်။

စဉ်းစား၍မရတာက ဒီကောင်မလေး ဒီအိမ်ထဲဘယ်လိုရောက်နေရတာလဲ။ ညက သူအိပ်မပျော်သေးခင်အထိ အိမ်ကို ဘယ်သူမှ ရောက်မလာတာ သေချာ၏။

"ဟာကွာ. . ဘာတွေအော်နေမှန်းလဲမသိဘူး၊ အိပ်နေတဲ့သူတောင် လန့်နိုးရတယ်လို့. . မိန်းကလေးဖြစ်ပြီး အာကိုပြတယ်"

ဘေးနားမှ မြည်တွန်တောက်တီးနေသော ယောကျ်ားတစ်ယောက်၏အသံကြောင့် ကဗျာ အဖေ့ကိုအော်ခေါ်ရင်းမှ အသိတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ဝင်လာသည်။

ဖျတ်ခနဲ ပွင့်လာသော မျက်ဝန်းသည် ရုတ်ခြည်းဆိုသလို ပင်အံ့သြရိပ်တွေထင်ဟတ်ကာ ဖရိုဖရဲအိပ်မှုန်စုံမှုများဖြင့် ဆတ်ခနဲ ထထိုင်လိုက်သည်။

"ရှင်. . ရှင်. ."

"ဒီမှာ. . ရှင်တွေ ဘာတွေ လုပ်မနေနဲ့ မင်းဘယ်သူလဲ၊ ဘယ်ကလဲ. . အဲ. . အရူးမတော့ မဟုတ်ပါဘူးနော်"

ပြူးတူးကြောင်တောင်နှင့် အိပ်ရာထစမို့ ရှုပ်ပွနေသော ပွယောင်းယောင်းဆံပင်တွေကြောင့် ကဗျာသွင့်ပုံစံမှာ အရူးမလေးလိုဖြစ်နေ၏။

"ကဗျာ. . မရူးပါဘူး လူကောင်းပါ"

"လူကောင်းဆိုရင် ငါ့အိမ်ထဲမှာ ခုလိုဝင်အိပ်ရဲမလား၊ အဲ. . ဒါဆို. . သူ. . သူခိုးလား"

"ရှင်နော်. . ကဗျာကို အဲလိုမပြောနဲ့၊ အမေမွေးကတည်းက ခုချိန်ထိ သူများအပ်တိုတစ်ချောင်းတောင် စိတ်နဲ့ပစ်မှားခဲ့တာ မဟုတ်ဘူး"

"အပ်တိုတစ်ချောင်း မခိုးဖူးပေမယ့် သူများအိမ်ထဲတော့ ခိုးဝင်ပြီး အိပ်နေတယ်ပေါ့"

"ဒီအိမ်က အန်တီက ဒီတစ်ည ဒီမှာအိပ်ပါဆိုလို့ ကဗျာဝင်အိပ်တာ"

"ဘယ်လို ဒီအိမ်ကအန်တီ ဟုတ်လား၊ ဟော့. . ဒီမှာ ဒီအိမ်မှာ ငါတစ်ယောက်ထဲ. . အဲ. . အဲလေ"

လမင်းပြောလက်စ,စကား ရှေ့မဆက်တော့ဘဲ ယောင်နနဖြစ်သွားသည်။ ကေန္တ ညက ဒီကောင်မလေးကို အမေများ ခေါ်လိုက်တာ





လား။ ဒါဆို အမေ့ကို သူမမြင်သွားသည်ပေါ့. . .

"နေပါဦး ရှင့်ကို ကဗျာ တစ်နေရာမှာ ကောင်းကောင်းမြင်ဖူးတယ်"

သူ့ကို မြင်ဖူးတယ်ဆို၍ လမင်းလည်း ကဗျာသွင့်ကို မှုန်ကုပ်ကုပ် ပြန်ကြည့်လိုက်သည်။

"ဟုတ်တယ် ငါလည်း မင်းကိုမြင်ဖူးတယ်၊ အဲ. . နေပါဦး ဟုတ်ပါပြီ. . ဟုတ်ပါပြီ. . ငါမြို့ထဲသွားတုန်းက ကားလမ်းမကူးရဲဘဲ အချိန်တွေ ကြာနေလို့ မင်း ငါ့လက်ကိုဆွဲပြီး ကူးပေးတာလေ. . ဟုတ်တယ်မဟုတ်လား"

"ဟာ ဟုတ်တာပေါ့. . ရှင်မဆိုးဘူး IQ ကောင်းတယ်၊ ကဗျာတောင် မနည်းစဉ်းစားနေရတာ"

"မင်းက အိမ်ခြေယာခြေ မရှိတဲ့သူလား"

မညှာမတာမေးလိုက်သော အမေးကြောင့် ကဗျာသွင့် မျက်ဝန်းလေး ဖျတ်ခနဲပင့်မော့ကာ ကြည့်လိုက်ပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ. . .။

"ကဗျာ့ကို အထင်မသေးပါနဲ့၊ ကဗျာက ရှင်ထင်သလို ဂျစ်ပစီ မဟုတ်ဘူး အခြေအနေဆိုး တစ်ခုကြောင့် ကဗျာ့အိမ်ကထွက်လာပြီး ဒီကိုရောက်လာတာ၊ အဖေ့ရဲ့ အငွေ့အသက်တွေ ကျန်နေသေးတဲ့. . ဒီအိမ်ကြီးမှာ တစ်ညလောက် လာခိုတာပါ"

"ဒီအိမ်က မင်းနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

ကဗျာသွင် ပြောနေတာတွေကို လမင်းသိပ်နားမလည်. . .

"ဟိုလေ ဒီအိမ်က အရင်တုန်းက ကဗျာ့အိမ်ပါ၊ အဖေက ဒီအိမ်မှာ ခေါင်းချသွားတာလေ၊ အခုတော့ ရှင့်အိမ်ဖြစ်သွားပြီပေါ့"

"ငါ့အမေက မင်းကိုဘာတွေပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုပြောရမှာလဲ ဘာမှမပြောဘူး၊ အဲ. . အခုဟောက်နေတာ အန်တီ့သားတဲ့"

"ဗုဒ္ဓေါ ဒါဆို ငါညက ဟောက်နေတာကို မင်းကြားသွားတယ်ဟုတ်လား"

"ကြားတယ် ဖားပြုတ်ကြီး အော်နေသလိုပဲ၊ ကဲပါလေ ရှင်လာနှောင့်ယှက်နေတာနဲ့ပဲ ကဗျာလည်း ဆက်အိပ်လို့ မရတော့ပါဘူး"

ကဗျာ ပြန်ဖို့အချိန်တန်ပြီမို့ စိတ်ထဲလေးလံသွားရသည်။

အမှန်ဆို ကဗျာ ဒီမှာဆက်နေခွင့်ရလျှင် နေချင်သေးသည်။

အိပ်မက်ထဲမှာ အဖေ့ကိုတွေ့သည်၊ အဖေကိုယ်တိုင်စိုက်ခဲ့သည့် ကံ့ကော်ပင်ကြီးအောက်တွင် အဖေမြေကြီးတွေ တူးနေသည်။

ကဗျာ့ကိုလည်း တစ်ခုခုပြောချင်နေပုံရသည်။ အဖေဘာကိုပြောချင်ပြီး ဘာကိုပေးချင်နေတာလဲ။

ဒီအိပ်မက်ဟာ ကဗျာ့အတွက်တော့ အဓိပ္ပါယ်တွေအများကြီးနှင့် ပြည့်နှက်နေသလိုပင် ထင်ရ၏။

ကံ့ကော်ပင်ကြီးမှာ အဖေဟာ မကျွတ်မလွတ်ပဲ ရှိနေသေး၍ ကဗျာ့ကိုသိစေချင်သဖြင့် အိပ်မက်တွေပေးနေတာလား။

ထိုသို့သာအမှန်ဆိုလျှင် ကဗျာနှင့်အဖေ့ကြားထဲကို ဒီအိပ်မက်ဟာ ဆက်သွယ်ချက်တစ်ခုအဖြစ် မက်ခွင့်ရခဲ့တာပဲဖြစ်မည်။

တွေးရင်းနှင့် ကဗျာ ပို၍ပို၍ ရင်မောရ၍လာသည်။

အဖေသနားပါတယ်။ ဒီဘုံဘဝက လွတ်မြောက်အောင် ကဗျာကယ်ခွင့်ရချင်သည်။







# အခန်း(၁၉)

"ဟာ. . အမေရာ မဖြစ်နိုင်ပါဘူးဗျာ၊ ကျွန်တော့်အိပ်မက်ထဲက သတို့သမီးလောင်းက ဒီလိုရုပ်မျိုးမှ မဟုတ်တာဗျ၊ ပုံစံကိုက ပေတီပေစုတ်လေး၊ ပိန်လိုက်တာလဲ ကပ်နေတာပဲ၊ ထမင်းတစ်လမစားခဲ့ရတဲ့ရုပ်နဲ့"

"ဟဲ့. . သားရဲ့၊ မင်းက အပြင်ပန်းကြည့်ပြီး ဆုံးဖြတ်တာကိုး၊ မင်းနဲ့ကဗျာသွင်နဲ့ ဖူးစာဆုံကိုဆုံရမယ်ဆိုတာ မင်းခုချိန်ထိ လက်မခံသေးဘူးလား၊ အမေ မင်းကိုပြောခဲ့သားပဲ မင်းရဲ့ဖူးစာရှင်ကို မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်သွားရှာစရာ မလိုပါဘူး သူ့အလိုလိုဒီအိမ်ကို ရောက်လာပါလိမ့်မယ်လို့"

အမေပြောတာလဲ ဟုတ်တော့ဟုတ်နေသည်မို့ အမေ့ စကားကို လမင်းမငြင်းနိုင်။

ကဗျာသွင်ဟာ မိန်းမလှစာရင်းဝင်တစ်ယောက်မဟုတ်တာကိုက လမင်းအတွက် ရင်ခုန်ဖို့ ဆန္ဒမရှိတာပဲ ဖြစ်သည်။

"ဒါပဲနော်သား မင်းဒီကောင်မလေးကို လုံးဝလက်လွှတ်ခံလို့မဖြစ်တော့ဘူး၊ အရင်တုန်းက မင်းဆန္ဒအလျောက် မိန်းကလေးတွေကို ရွေးချယ်ခဲ့တယ်. . အားလုံးတလွဲချည်းပဲ၊ အဲလိုမိန်းကလေး မျိုးတွေရဲ့ဘဝထဲကို ငတုံးအေ အမေ့သားကို အမေဘယ်လိုထည့်ခဲ့ရက်မလဲ"

အမေ့အသံက ယခင်ကထက်ပို၍ တိုးဖျော့၍နေ၏။ အမေ့မျက်နှာသည် ယခင့်ယခင်တွေတုန်းကလောက် မလန်းဆန်း။ အမေ့မျက်နှာမှာ လမင်းအတွက် စိုးရိမ်စိတ်တွေ ပြည့်နှက်နေ၏။ အမေဘာကိုကြိုသိနေ၍ လမင်းအတွက် ဒီလောက်စိုးရိမ်သောကတွေနှင့် ဒီကောင်မလေးကိုယူရန် အတင်းတိုက်တွန်းနေရတာလဲ။

သူ့ဘာသာသူ မခုန်တဲ့ရင်ကို လမင်းဘယ်လို ခုန်အောင်လုပ်ရမလဲ။ နှလုံးနှိုးစက်နှင့် လှုပ်နှိုးရမှာလား. . ဒါမှမဟုတ် ရင်ဘတ်ကို တပြန်းပြန်းနဲ့ ပုတ်ပြီး ရန်ခုန်လာအောင် လက်ပူတိုက်ရမလား။





"**က**ဗျာ့ကို ဒီမှာခဏနေခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အဒေါ်ရယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူး တူမရဲ့. . တကယ်ဆိုရင် အဒေါ်က တူမကို ချွေးမလေးအဖြစ် ဒီမှာတစ်သက်လုံး နေသွားစေချင်တာ. .၊ အဒေါ်သားက အရမ်းရိုးအတယ်ကွယ်၊ ဒီကြားထဲ တောကတက်လာတဲ့ တောသားဆိုတော့. . . မိန်းမလည်တွေနဲ့ တွေ့သွားမှာကို အဒေါ်ကြောက်တာ"

ပေါ်တင်ကြီး ချွေးမတော်ဖို့ ကမ်းလှမ်းလာသော ဒေါ်ခင်စိန့်စကားကြောင့် ကဗျာသွင် ရှက်သွားသည်။ စိတ်လှုပ်ရှားလွန်း၍ ဘာကြောင့်မှန်းမသိ လက်နှစ်ဖက်ကိုအဓိပ္ပါယ်မရှိ ပွတ်သပ်နေမိသည်။

"ညက ဒီမှာအိပ်ရတာ အဆင်ပြေရဲ့လား"

"အင်း. . ပြေပါတယ် အဒေါ်ရဲ့၊ ဒီအိမ်က အရင်က ကဗျာတို့အိမ် ဖြစ်ခဲ့လို့လား မသိဘူး ကိုယ့်အိမ်ကိုယ် ပြန်လာရသလိုပဲ"

အကြည်မါတ်တွေ ဖုံးလွှမ်းနေသော ကဗျာသွင့်မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်စိန်ငေးကြည့်ပြီး ကိစ္စတစ်ခုကို အကောင်အထည်ဖော်ရန် အကြောင်းရှာလိုက်သည်။

"အဒေါ်ကတော့ . . ည . . ညဆို အိပ်မပျော်ပါဘူးကွယ်၊ တစ်ခါတလေ အိပ်မက်တွေကလည်း မက်သေး၊ ဒီအိမ်ရောက်မှ မက်တဲ့ အိပ်မက်တစ်ခုက တော်တော်လေးကို ထူးဆန်းတယ်ကွဲ့"

အိပ်မက်ဟု ကြားလိုက်သဖြင့် ကဗျာစိတ်ဝင်စားသွားသည်။

"အဒေါ်က ဘယ်လိုအိပ်မက်တွေ မက်လို့လဲဟင်"

ဒေါ်ခင်စိန် သူ့အကွက်ထဲ လျှောလျှောလျူလျူ ဝင်လာသဖြင့် ကျေနပ်စွာပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

"အိမ်ဘေးက ကံ့ကော်ပင်ကြီးအောက်မှာ လူကြီးတစ်ယောက် ပေါက်တူးတစ်လက်နဲ့ . . မြေကြီးတွေကို တူးနေတာကွဲ့၊ အဒေါ်က ဘာဖြစ်လို့ တူးနေတာလဲလို့ . . အိပ်မက်ထဲမှာ သွားမေးတော့ . . သူက ဘာပြောတယ်မှတ်သလဲ"

အမေးစကားနှင့်အတူ စကားစကို ခဏဖြတ်ကာ ကဗျာ့ကို အကဲခတ်လိုက်သည်။ ကဗျာ တော်တော်လေး အံ့ဩနေပုံဖြင့် မျက်ဝန်းအစုံ ပြူးကျယ်ဝိုင်းစက်သွားကာ ဒေါ်ခင်စိန် ဆက်ပြောလာမည့် စကားကို အလောတကြီး စောင့်ဆိုင်းနေ၏။

"ဘာ . . ဘာပြောလဲဟင်"

"သူ့သမီးအတွက် ရည်ရွယ်ထားပြီးသား ကိစ္စတစ်ခု မအောင်မြင်သေးလို့ သူ့ခုချိန်ထိ မကျွတ်သေးဘူးတဲ့"

ဒေါ်ခင်စိန့် စကားအဆုံး ကဗျာသွင် အင့်ခနဲ ရှိုက်ငိုလိုက်သည်။

သေချာပါပြီ . . ဒါဟာ အဖေမှ အဖေအစစ်။ ကဗျာမက်သော အိပ်မက်နှင့် တစ်ထပ်တည်းကျနေတာဟာ . . အဖေ ကဗျာ့အတွက်





ရတက်မအေးရသေးဘူးဆိုတာ သိအောင် အိပ်မက်ပေးတာပဲဖြစ်မည်။

"အဲ . . အဲဒါ . . ကဗျာ့ရဲ့အဖေပဲ၊ အဖေဒီမှာ ရှိနေသေးတယ်၊ ကဗျာအဖေ့ကို ဒီဘဝကကျွတ်အောင် ဘယ်လိုကယ်ရမလဲ အဒေါ်ရယ် ကဗျာ့ကို ကူညီပါဦး၊ ကဗျာလည်း ညက အဲလိုအိပ်မက်မျိုး မက်တယ်"

"ဟင် . . ဟုတ်လား၊ ဒါဆိုရင် အိပ်မက်ပေးတာ သေချာပါပြီ၊ ဒီတော့ ဒီလိုလုပ် အဲဒီအပင်ခြေရင်းက မြေကြီးကို တူးကြည့်ကြတာပေါ့"

ကဗျာသွင် မျက်ရည်ဝေ့ မျက်ဝန်းလေး အရည်လဲ့တောက်ပသွားကာ. . .

"အဲဒီမြေကြီးကို တူးပြီး ဘာလုပ်ရမှာလဲအဒေါ်၊ အဲဒီမြေကြီးထဲမှာ အဖေဘာမှ မြှုပ်မသွားနိုင်လောက်ဘူး"

"ဘာပဲဖြစ်ဖြစ် သူဟာမြေကြီးကို သဲကြီးမဲကြီး တူးဆွနေတာကတော့ ခိုင်မာတဲ့ အကြောင်းအရင်းတစ်ခုတော့ ရှိလိမ့်မယ်၊ ဒါဟာ သူ့ဆန္ဒပဲလေ၊ သူ့ဆန္ဒကို သမီးက အကောင်အထည် ဖော်ပေးလိုက်ရင် အဖြေတစ်ခုတော့ ထွက်လာမှာပါ"

"အင်းလေ ဒါဆိုရင်တော့ အဖေ့ဆန္ဒအတိုင်း လုပ်ကြည့်တာပေါ့"

"ကဗျာသွင်"

အိမ်ပေါက်ဝမှ တက်လာသော လူရိပ်နှင့်ခေါ်သံကြောင့် . . ကဗျာ အိမ်ပေါက်ဝဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟင် . . . အန်တီသက်"

"ညည်း ဘယ်သူနဲ့ စကားပြောနေတာလဲ၊ ဘုရား . . ဘုရား . . ရူးသွားပြီလား၊ ကိုယ့်ဘေးမှာ လူမရှိဘဲနဲ့ တစ်ယောက်တည်း စကားတွေ ဖောင်ဖွဲ့အောင် ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကတည်းက ရပ်ကြည့်နေသည်မသိသော အန်တီသက်၏ မျက်နှာပေါ်မှာ အံ့ဩရိပ်တွေက အထပ်လိုက်. . .

"ဒီအိမ်ပိုင်ရှင်နဲ့လေ"

"ဘယ်မှာလဲ ဒီအိမ်ပိုင်ရှင်၊ ငါတော့ ညည်းဘေးမှာ ဘယ်သူမှကို မတွေ့ဘူး"

"ဟာ. . မဟုတ်တာ အဒေါ်နဲ့ စကားပြောနေတာ သေချာပါတယ်၊ ကဲ. . အဒေါ်ရေ. . ဟင်"

ကဗျာသွင် မယုံမကြည်ဖြစ်နေသော အန်တီသက်ယုံအောင် သက်သေထူဖို့ အလှည့်တွင် ဒေါ်ခင်စိန် ကဗျာ့အနားမှာ မရှိတော့။

"ဟင်. . ခုပဲရှိသေးတယ်၊ ဘယ်ရောက်သွားတာလဲ"

"ဒီမှာ မိကဗျာ နင့်အနားမှာ ဘယ်သူမှမရှိဘူး၊ ငါ ဒီအိမ်ပေါက်ဝမှာ ရပ်နေတာကြာပြီ၊ နင်တစ်ယောက်တည်း စကားတွေပြောနေတာလေ"

အန်တီသက် ဘာရည်ရွယ်ချက်နှင့် အဒေါ်ကြီးကို မမြင်ဟုပြောနေမှန်းမသိတော့။

"ဟာ. . မဟုတ်တာ အန်တီသက်ရယ်၊ ကဗျာ အဒေါ်နဲ့စကားပြောနေတာ အဒေါ် ခုပဲ ထသွားတာဖြစ်မယ်၊ ဒါမှမဟုတ် အန်တီ သက်ဝင်လာတာ တွေ့သွားလို့. . အိမ်ထဲဝင်ပြီး ရေချွေးပန်းသွားပြင်တာဖြစ်မယ်"

"ဒီမှာ မိကဗျာ၊ ညည်းဘာအကြံတွေနဲ့ ငါ့ကို လိမ့်နေတာလဲ၊ ဟမ်. . ဒီအိမ်မှာ ယောကျ်ားလေးတစ်ယောက်ထဲရှိတာ သိသိကြီးနဲ့ ဒီအိမ်ပေါ် ရောက်နေတယ်ဆိုတော့ သူနဲ့ညည်း ဘယ်အဆင့်ရောက်နေပြီလဲ၊ သေချာပါပြီ ညည်းမနေ့က လင်နောက်လိုက်သွားတယ်ဆိုတာ. . ."





ထင်ရာတွေစွတ်ပြောပြီး အော်ကြီးဟစ်ကျယ်နှင့် လူကြားအောင် ပြဿနာတစ်ခု ဖန်တီးနေသော အန်တီသက်ကို ကဗျာစိတ်ပျက်စွာ ကြည့်လိုက်သည်။

"အန်တီသက် ဘာတွေလာပြောနေတာလဲ၊ ကဗျာက ဘာလို့ လင်နောက်လိုက်ရမှာလဲ၊ ညက ကဗျာ ဒီကိုရောက်လာတယ်၊ အဖေ့ကို သတိရလို့ လူသစ်တွေ ပြောင်းလာမှန်းလည်း မသိဘူး၊ ဒီရောက်မှ သိတာ"

"အေး. . အဲဒါနဲ့ပဲ ညက အဲဒီလူသစ်နဲ့ နှစ်ပါးသွားကြတယ် မဟုတ်လား. . ဟမ်၊ ဒီအိမ်မှာ ကောင်လေးတစ်ယောက်ထဲနေတာ ငါသိပြီးသား၊ ခု ညည်းက ဒီအိမ်မှာ အိပ်တယ်ဆိုတော့ အဖြေက ရှင်းနေပြီ၊ ကဲ ဘယ်မှာလဲ အဲဒီလူကိုခေါ် မင်္ဂလာကိစ္စ စကားပြောမယ်"

"ကျွတ်. . ဖွတ်ပဲ အန်တီသက်ရယ်၊ ကဗျာဘယ်လိုပြောမှ ယုံမှာလဲ၊ ညက အဲဒီလူနဲ့ ကဗျာ ဘာမှမပတ်သက်ဘူး၊ အဲဒီလူရဲ့ အမေက ကဗျာ့ကို သနားလို့ ဒီမှာတစ်ည တည်းခွင့်ပေးတာ"

"ဘယ်လို အဲဒီလူရဲ့အမေ ဟုတ်လား"

"ဟုတ်တယ်လေ ခုပဲ စကားထိုင်ပြောနေတာ မတွေ့ဘူးလား"

"အေး. . ငါကတော့ မတွေ့ဘူး၊ နင်တစ်ယောက်တည်း တွေ့တယ် ဆိုရင်တော့ ဒါဟာသရဲပဲဖြစ်မယ်၊ သေချာပါပြီ ဒီပတ်ဝန်းကျင်က လူတွေ ပြောကြတာ သေချာပြီ၊ ဒီအိမ်မှာ သရဲမွေးထားတယ်ဆိုတာ"

ထင်ရာတွေ ဖွတ်အတင်းပြောနေသော အန်တီသက်ကို ကဗျာရှင်းပြရခက်နေစဉ်မှာပင် အိမ်ထဲမှ လမင်းမောင် ထွက်လာသည်။ မနက်က အစောကြီးထကာ ကဗျာနှင့် အခြေအတင်ပြောပြီး အိပ်ရေးမဝသေး၍ ပြန်အိပ်နေပုံရသဖြင့် သူ့ပုံစံမှာ အိပ်မှုန်စုံမွှား ဖြစ်နေသည်။

အန်တီသက် လမင်းမောင်ကို မဲ့ကာရွဲ့ကာဖြင့် မျက်လုံးစွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး. . .

"ဟွန်း. . ပုံစံကတော့ ပျောင်းပုံပဲ ခုမှ အိပ်ရာထတာကိုပဲ ကြည့်. ."

"ဟာ. . အဒေါ်ကြီး၊ ကျွန်တော့်ကို ပျောင်းလို့ မပြောနဲ့၊ ညက ကျွန်တော့်မှာ သူကြောင့် ကောင်းကောင်းကို မအိပ်ရဘူး၊ ယောင်ပြီး ဘာတွေထအော်နေမှန်းကို မသိဘူး၊ ဒါကြောင့် မိုးလင်းမှ တစ်ရေး ပြန်အိပ်ရတာ"

လမင်းမောင်ပြောလိုက်သောစကားကြောင့် ကဗျာ မျက်လုံး အစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။ နဂိုကမှ အထင်မှားနေသော အန်တီ သက်အရှေ့မှာ ဒီလိုယုံထင်ကြောင်ထင်စကားမျိုး ပြောမှတော့ သူ့ သံသယတွေက ပိုပြီးခိုင်မာသွားပြီပေါ့။

"အို ရှင်ဘာတွေ လျှောက်ပြောနေတာလဲ"

"မဟုတ်လို့လား. . မင်းပဲ ခြေကားရားလက်ကားရားနဲ့ ထ ယောင်နေတာလေ ငါတောင် လန့်နိုးတယ်"

လမင်းမောင် ထပ်ပြောမှ ပို၍ဆိုးနေ၏။

"ကဲ. . မိကဗျာ ညည်း မုန်လာဥလုပ်ဖို့ စိတ်မကူးနဲ့တော့၊ ညည်းလင်နောက်လိုက်မယ်ဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောသွားပေါ့၊ ထင်တော့ထင်သား မနေ့က ဒီသူငယ် ညည်းထွက်သွားပြီးမှ ရောက်လာ လို့ ညည်းအကောင်များလားလို့ တွေးမိသေးတယ်၊ ခုတော့ ငါထင်တာ မှန်နေပြီ မဟုတ်လား"

"ဟင်. . ရှင်က ကဗျာ့ဆီကိုလာတယ်၊ ဟုတ်လား"

ရှေ့ပြဿနာမပြီးသေးဘဲ နောက်ပြဿနာတစ်ခု ထပ်ပေါ်လာ သဖြင့် ကဗျာနားမလည်နိုင်အောင် ဖြစ်သွားသည်။

သာမန်အထင်လွဲမှုလေးတစ်ခုဟု ထင်ထားသည့်ကိစ္စသည်





ကဗျာမသိလိုက်သော အချိန်တိုအတွင်းမှာပင် တစ်ခုပြီးတစ်ခု ထပ်ရှုပ် ၍လာသည်။

"ရှင် ဘာလာလုပ်တာလဲ ဖြေလေ"

ကဗျာ ဖွတ်အတင်းမေးတော့ လမင်းမောင် ဖြေရကျပ်သွား သည်။ သို့သော် မဖြေ၍လည်း မရတော့၊ ယုံချင်လည်းယုံ မယုံချင်လဲ ပုံပြင်သာမှတ်တော့ဟု စိတ်ဆုံးဖြတ်ကာ. . .။

"ငါ့အမေက မင်းဆီကိုလာခိုင်းတာ"

"ဘာလို့လာခိုင်းတာလဲ"

"ငါ့ရဲ့ ဖူးစာရှင်က မင်းပဲလို့ ပြောလို့"

ဒီ့ပြောလိုက်သော လမင်းမောင်စကားကြောင့် ကဗျာသွင် မျက်နှာ ရှက်ရဲရဲ ဖြစ်သွားကာ. . .

"အို မဟုတ်တာ၊ ရှင်ဘာတွေပြောနေတာလဲ"

"ဒီမှာ မိကဗျာ၊ အဖြေက ဘွင်းဘွင်းကြီးကို ပေါ်နေမှတော့ ညည်းဆက်ပြီး ညာမနေနဲ့တော့၊ ညည်းညက ဒီမှာရှိနေတာကိုလည်း တခြားအကြောင်းပြချက်နဲ့ မကာကွယ်နဲ့၊ မှတ်ထား ဒီလိုကိစ္စမျိုးဆိုတာ ရေရှည်ဖုံးထားလို့မရတဲ့ကိစ္စမျိုး၊ အတာထွက်လာမှဆိုရင် နစ်နာခြင်းနစ် နာ ညည်းပဲနစ်နာရမှာ ဟုတ်တယ်မဟုတ်လား ငါ့တူ"

"ဒါပေါ့ ဒါပေါ့ ဟုတ်တာပေါ့၊ ကဲ. . လူကြီးက ကောင်းစေချင် လို့ ဆိုဆုံးမတာကို လက်ခံလိုက်ပါ"

"အို. . ဘာလို့လက်ခံရမှာလဲ ရှင်နဲ့ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"အင်း. . ဒါလဲ ဟုတ်တယ်လေ၊ ဘာမှ မှမဆိုင်တာ"

ထိုမဆိုင်ဘူးဆိုသော စကားသည်လဲ အမှန်တစ်ခုပဲမို့ လမင်း မောင် အူကြောင်ကြောင်နှင့် ထောက်ခံလိုက်ပြန်သည်။ သူ့ပုံစံကြည့်ရ သည်မှာ သူဘယ်လိုပုံစံနှင့် ရင်ဆိုင်နေရသည်ဆိုတာကို နည်းနည်းလေး



www.burmeseclassic.com

www.burmeseclassic.com



မှ တွေးမိပုံမပေါ်သော ခပ်ပေါ့ပေါ့ပုံစံမျိုးမို့ ကဗျာ ဒီလူ စိတ်မှကောင်းသေးရဲ့လား ဟူသောအကြည့်ဖြင့်စွေကြည့်လိုက်သည်။

"ဒီမှာ နင်တို့နှစ်ယောက်ရူးနေကြလား၊ ညတစ်ညကို အတူတူကုန်လွန်လာပြီးမှ ဘာမှမသိကြတဲ့ သူငယ်နပ်စား ပုံစံလေးတွေနဲ့ ငါ့ကိုလာပြီး အကြောင်းလာမရိုက်ကြနဲ့"

အန်တီသက် ဒီဂွင်ကို ဘယ်လိုမှ လက်လွှတ်မခံလိုသဖြင့် သူတို့နှစ်ဦး ဘာမှပတ်သက်မှုမရှိလည်း အတင်းပတ်သက်ခိုင်းရမှာပင် ဒါမှ ကဗျာ့ကို တာဝန်ယူထားရသည့် ဝန်ထုပ်ဝန်ပိုးကြီး သူ့ပခုံးပေါ်မှ ပြုတ်ကျသွားမှာဖြစ်သည်။

ဒါ့အပြင် ဆုံးရှုံးသွားသော ဒီအိမ်ကိုလည်း ပြန်ပြီးရမည်။

"ဒီမှာ အန်တီသက် ကဗျာပြောတယ်နော်၊ သူနဲ့ကဗျာ ဘာမှမပတ်သက်ပါဘူးလို့ ဒီမှာ ရှင့်အမေကိုသွားခေါ် ရှင်နဲ့ကျွန်မ ဘာပတ်သက်မှုမှ မရှိတာ သူပဲသိတာလေ"

အမှန်တရားတစ်ခုကို ဖြေရှင်းချင်ဇောဖြင့် ကဗျာ့အသံမှာ ဒေါသသံစွက်နေပြီး လမင်းလက်မောင်းကို တွန်းလွှတ်ပြီး အမေ့အား ခေါ်ခိုင်းသည်။

အမေဟာ ဝိညာဉ်အဖြစ်ပဲ ရှိသည်ဆိုတာကို သူမနည်းနည်းမှ ရိပ်မိပုံမပေါ်သဖြင့် လမင်း ရှိုးရတော့မှာပင်။

ထိုစဉ် အိမ်ရှေ့မှ ဘုန်းကြီးတစ်ပါး ဖြတ်သွား၍. . .

"အယ်. . အာ. . အမေမရှိဘူး၊ စောစောကပဲ. . ဘုန်းကြီးကျောင်းကို သွားတယ်"

"ဘာ. . ရှင်နော်၊ ခုလေးတင် ကဗျာနဲ့ စကားထိုင်ပြောနေသေးတာကို၊ ဘယ်လိုလုပ် ဘုန်းကြီးကျောင်း ရောက်သွားရတာလဲ. . အဓိပ္ပါယ်မရှိ ကဲ. . သွားပါ. . သွားခေါ်ပါဆို၊ ဒီပြဿနာကို မြန်မြန်ရှင်း





ထုတ်မှ ပြီးမှာမို့ပါ"

"ဟာ. . တကယ်ပါဆို၊ မယုံရင် အိမ်ထဲဝင်ကြည့် မရှိဘူး၊ တကယ်ပြောတာ"

ကဗျာ အိမ်အတွင်းပိုင်းတွေထဲကို သူကိုယ်တိုင် ဝင်ရှာလိုက်သည်။

"အဒေါ်. . အဒေါ်"

အော်ခေါ်ပေမယ့် ပြန်ထူးသံ မကြားသလို အရိပ်အယောင်တောင်မတွေ့ရ၍ ကဗျာ နားမလည်အောင်ပင် စိတ်ရှုပ်ထွေးသွားရ၏။

"ရှင့်အမေရော. . ဘယ်မှာလဲ ဘယ်ရောက်သွားပြီလဲ ကျွန်မကိုပြောပါ"

လမင်းမောင်၏လက်မောင်းကို ကိုင်လှုပ်၍အတင်းမေးနေသောကဗျာ့အမေးကြောင့် လမင်းမောင် ဘာဖြေရမှန်းပင် မသိ။

အန်တီသက် တစ်စခန်းထပြီ။

"ကဲ. . ရပ်ကွက်ထဲက လူတွေပြောသလိုဖြစ်နေပြီ မိကဗျာ၊ တကယ်တော့ ဒီအိမ်မှာ ညည်းထင်သလို ဒီကောင်လေးကလွဲပြီး ဘယ်သူမှ မရှိဘူး၊ အေး. . ရှိတယ်ဆိုရင်တောင် ညည်းမြင်တွေ့နေတဲ့ အဒေါ်ကြီးဆိုတဲ့သူက လူအစစ်မဟုတ်ဘူး၊ သရဲ. . သရဲမကြီး. . ၊ ဒီကောင်လေးက သရဲတွေမွေးပြီး ရှေ့ဖြစ်နိမိတ်ဟောတယ် ဘာညာဆိုပြီး ရပ်ကွက်ထဲမှာ လာပြီးရှိုက်စားလုပ်နေတာ၊ ကလိန်ကကျစ် သရဲမွေးထားတဲ့ အောက်လမ်းဆရာဟဲ့၊ ခုတော့. . ညည်း အဲဒီအောက်လမ်းဆရာနဲ့ မဖြစ်မနေ ယူရတော့မယ်"

"ဒီမှာ. . ခင်ဗျား ကျုပ်အိမ်ပေါ်တက်ပြီး စော်ကားတာများနေပြီနော်၊ ကျုပ်အမေကို သရဲမကြီးလို့ ပြောစရာမလိုဘူး၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခင်ဗျားတူမကို ဘာလို့ယူရမှာလဲ ကျုပ်ကိုချောင်ပိတ်ဖမ်းဖို့တော့ မကြိုးစားနဲ့ ဝေးလည်း ဝေးအလျှောက် အစွမ်းအစရှိတာပဲ၊ ကျုပ်သာ သရဲတွေမွေးထားတာ အမှန်ဆိုရင် ခင်ဗျားကိုနုပ်နုပ်စဉ်းပြီး အမဲသားအဖြစ်နဲ့ အဲဒီသရဲတွေကို ကျွေးပစ်လိုက်မယ်"

အခြေအတင်ဖြစ်နေသော ပွဲကို ဒေါ်ခင်စိန် ဒီအတိုင်းငြိမ်ပြီး ကြည့်နေ၍မရတော့ ကိုယ့်သားနှင့် ကဗျာသွင်တို့ ဆုံစည်းရမည့်ပွဲမှာ ဒီမိန်းမ ပါဝင်ပတ်သက်စရာမလို ရှေ့ဆက် ပတ်သက်ခွင့်ပေးလိုက်လျှင် ဒီအိမ်ကိုပါ အပိုင်သိမ်းမည့်မိန်းမမျိုးမို့ ဒေါ်ခင်စိန် ခြောက်လှန့်လွှတ်လိုက်မှ ဖြစ်မည်။

"ဗုန်း . . ဝုန်း . ."

"အမလေး ပလုတ်တုတ်"

အန်တီသက် အနားမှာထိုင်ခုံကြီးမှာ သူ့အလိုလို ဝုန်းခနဲ လဲကျသွားသဖြင့် ကြောက်လန့်ပြီး ထခုန်လိုက်သည်။ ပြီးနောက် လမင်းမောင်ကို အထိတ်တလန့်လှမ်းကြည့်ပြီး . . .

"မင်း . . မင်းရဲ့သရဲတွေကို အစွမ်းပြခိုင်းနေပြီပေါ့ ဟုတ်လား"

"ဖြန်း . . ဖြန်း . ."

"အောင်မလေး . . ပါး . . ပါးရိုက်တယ် . . သရဲ . . သရဲ"

အန်တီသက် ပါးနှစ်ဖက် ဘာပြန်ညာပြန်အရိုက်ခံ၍ ထူပူသွားသည်။ ချက်ချင်းပင် သွေးဆုတ်ဖြူရော်သွားသော အန်တီသက်၏ ဖရိုဖရဲပုံစံကို ကြည့်ပြီး ကဗျာပင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ထိတ်လန့်ကြောက်ရွံ့သွားသည်။

အန်တီသက်နားမှာ ဘယ်သူမှမရှိဘဲ အန်တီသက်ကို ခုလိုပုံစံဖြစ်အောင် ဘယ်သူကရိုက်နှက်နေတာလဲ အန်တီသက်ပြောသလို တကယ်ပဲ ဒီအိမ်မှာ သရဲရှိနေတာလား။





"ရှင် . . ရှင် . . တကယ်သရဲ မွေးထားတာလား"

ကဗျာ့အသံတွေ ကြောက်စိတ်ကြောင့် တုန်ခိုက်နေသည်၊

"မဟုတ်ပါဘူး မမွေးဘူး"

လမင်း ခေါင်းတခါခါဖြင့် ငြင်းသည်၊

"အောင်မလေး . . ဆောင့်ဆွဲတယ် ဆံပင်ကို . . ဆံပင်ကို . . အား . . ကြောက်တယ် . . ကြောက်တယ်"

အန်တီသက် ဆံပင်ပါ ဆောင့်ဆွဲခံလိုက်ရသဖြင့် ဒီနေရာမှာ ဘယ်လိုမှ ဆက်နေ၍ မဖြစ်တော့သည်မို့ အိမ်ပေါ်မှ ထဘီမနိုင် ပဝါမနိုင်နှင့် ဖရိုဖရဲ စုတ်တိစုတ်ဖွားဖြင့် အရူးမကြီးတစ်ယောက်လို အော်ဟစ်ပြီး ဆင်းပြေးလေတော့၏။

ကဗျာပါ ဆက်မနေရဲတော့၍ အန်တီသက်နောက်မှ ပြေးလိုက်ဖို့ ခြေလှမ်းအရွယ် တစ်စုံတစ်ဦးက နောက်မှဆွဲထားသလို တုံ့ဆိုင်းကာ ခြေလှမ်းတွေက လုံးဝကိုမရွေ့။

"အား . . လွှတ် . . လွှတ် . . ကယ်ပါဦး၊ ဟော့လူ ရှင့်ဟာတွေကို ထိန်းပါဦး"

ကဗျာ သွေးရူးသွေးတန်း အော်ဟစ်ကာ လမင်းကို အကူအညီတောင်းလိုက်သည်.

"ကဗျာ . . သမီး . . မအော်ပါနဲ့ ဘာမှမဖြစ်ပါဘူး"

ရုတ်ခြည်းပြန်ပေါ်လာသော ဒေါ်ခင်စိန်ကြောင့် မျက်လုံးအပြူးသားနှင့် မှင်တက်သွားသော ကဗျာသွင် နောက်ဆုံးမှာ ကြမ်းပြင်တွင် ခွေခနဲ လဲကျပြီး သတိလစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

ကဗျာ သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်တော့ လမင်းမောင်၏ မျက်နှာကို အရင်ဆုံးမြင်တွေ့လိုက်ရသည်။ ကဗျာ ဆတ်ခနဲ ထထိုင်လိုက်ပြီး. . .

"ဟင်. . ရှင်. . ရှင်. . သ. . သရဲ ကြောက်တယ်၊ ကျွန်မ ကြောက်တယ်"

ခုတင်ထက်မှ ဆင်းပြေးမည်အလုပ် လမင်းမောင် ကဗျာ့လက်ကို ဖမ်းဆွဲကာ. . .





"နေ. . နေပါဦး ကဗျာ၊ ကျွန်တော်ရှင်းပြပါရစေဦး၊ တကယ်တော့ ခင်ဗျားကြုံတွေ့ခဲ့ရတာ သရဲမဟုတ်ပါဘူး"

ကြောက်ရွံ့ခြင်းတွေ ကြီးစိုးနေသော ကဗျာအကြည့်တွေ. . လမင်းမောင်ဆီသို့ စုပြုံကျလာသည်။

"သရဲမဟုတ်ဘူးဆိုရင် ဘာဖြစ်မလဲ"

"ဝိညာဉ်ပါ. . ကျွန်တော့်အမေဟာ တကယ်တော့ လူ့လောကထဲက ထွက်သွားတာ မကြာသေးပါဘူး. .၊ ကျွန်တော့်ကို စိတ်မချလို့ ဝိညာဉ်ဘဝနဲ့ တွယ်ကပ်နေပြီး ကျွန်တော့်ကို စောင့်ရှောက်နေတာပါ"

"အို. . ဝိညာဉ်လဲ သရဲပဲလေ၊ ဒါဆို ရှင့်အမေဆိုတာ တကယ်မရှိဘူးပေါ့၊ အမလေး. . ဒါ. . ဒါဆိုကဗျာနဲ့ တစ်ချိန်လုံး စကားတွေပြောနေတာ. . ဝိ. . ဝိညာဉ်ပေါ့"

"ဟုတ်တယ်. . အမေ လူ့လောကထဲမှာ သက်ရှိထင်ရှား မရှိတော့ဘူး၊ ဟော့ဒီအရိုးပြာအိုးဟာ အမေ့ရဲ့ အရိုးပြာအိုးပါ"

ကဗျာ့ကို သက်သေထူရန် အမေ့အရိုးပြာအိုးကို အဆင်သင့်ယူဆောင်ထားကာ ကဗျာ့ကိုပြလိုက်သည်။

ကဗျာ့အဖို့ နားရှိလို့သာကြားရတာ သိပ်မယုံချင်။ အရိုးပြာအိုးဟုပြသော ကြွေနီရောင် အိုးပုလေးကို မဝံ့မရဲ ငုံ့ကြည့်လိုက်သည်။

အရိုးပြာအိုးထဲမှ မီးခိုးလုံးလိုလို အငွေ့တွေ ထွက်လာသဖြင့် ကဗျာလန့်သွားသည်။

"တုမ ကဗျာသွင် မကြောက်ပါနဲ့ကွယ်. . အဒေါ်က နာမ်လောကသား တစ်ယောက်ဖြစ်နေပေမယ့် စိတ်ခံစားမှုတွေရဲ့ အသိစိတ်တွေကတော့ သမီးတို့ လူ့လောကက လူတွေနဲ့ တစ်သားတည်းရှိနေပါသေးတယ်၊ ဒါပေမဲ့ အဒေါ်ဒီလိုဘဝမျိုးနဲ့ အကြာကြီးနေခွင့် မရပါဘူး၊ သိပ်မကြာခင်မှာ အဒေါ်နောက်ဘဝသစ်ဆီကို သွားရတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်မသွားခင်မှာ သမီးအဖေရဲ့ဆန္ဒကို အဒေါ်ကူညီခွင့်ရခဲ့ချင်တာပါပဲ”

ဒေါ်ခင်စိန် ရုပ်လုံးကိုမြင်ပြီး . . ကဗျာလန့်သင့်သလောက် မလန့်တော့၊ ရိုးရိုးသာမန် လူတစ်ယောက်နှင့် စကားပြောသလိုပင် တည်ငြိမ်နေပြီး . . .

“ဘယ်လို . . . ကဗျာ့အဖေရဲ့ဆန္ဒ ဟုတ်လား . . .”

“ဟုတ်တယ် ကဗျာ၊ တကယ်တော့ နာမ်လောကထဲမှာ ပါရမီအထူးကို ခံစားခွင့်ရတဲ့ သူတစ်ယောက်ပါ။ အဒေါ်ဟာတမလွန်နဲ့ လူ့လောကခြားထားတဲ့ ကြားဘုံတစ်ခုထဲ ရောက်နေတဲ့အတွက် လူ့လောကထဲက လူတွေနဲ့လည်း ထိတွေ့နိုင်သလို . . တမလွန်အမှောင်လောကသားတွေနဲ့လည်း သိမြင်ပြီး စိတ်ချင်းဆက်နိုင်တယ်”

“အဲ . . အဲဒီတော့ အဖေ . . အဖေဘာဖြစ်လဲ . . အဖေ့အကြောင်းကို အရင်ပြောပါ အဒေါ်ရယ်”

ကဗျာ စောစောကထက်ပို၍ စိတ်တွေလှုပ်ရှားသွားသည်။ မျက်ဝန်းမှမျက်ရည်ကြည်တွေ တဖျတ်ဖျတ် လက်လာသည်။

အဖေနှင့် ဘဝချင်းခြားသွားပြီ အရာအားလုံး ပြီးဆုံးသွားပြီဆိုသည့်အသိကြောင့် ကဗျာ ကြေကွဲစိုးထိတ် အားငယ်ခဲ့ရသည်။

ခုတော့ အဖေ့ရဲ့ဆန္ဒတဲ့ တမလွန်ရောက်သွားတာတောင် အဖေဟာ ကဗျာ့အတွက် ပူပန်စိတ်မချဖြစ်ပြီး ဘယ်လိုဆန္ဒတွေနဲ့ ကဗျာ့ကို ဆက်လက်ပြီး စောင့်ရှောက်နေသလဲ။

“တကယ်တော့ သမီးအဖေဟာ . . ဟောဟိုကုံ့ကော်ပင်ကြီးအောက်မှာ သူ့ရဲ့ဝိညာဉ် ရှိနေသေးတယ်”

“ဟင် . . တ . . တကယ်၊ ဒါဆို ကဗျာမက်တဲ့ အိပ်မက်က တကယ်အမှန်ပေါ့”





“ဟုတ်တယ် . . အဲဒါ သူ့ဆန္ဒပဲ၊ သူသမီးကို တစ်ခုခုပေးခဲ့ချင်ပုံရပေမယ့်၊ သူ့အနေနဲ့ သမီးကိုပြောဖို့ အခွင့်အရေး မရခဲ့ရှာဘူး၊ ဒါကြောင့်အဒေါ့်ကို အကူအညီတောင်းတယ်၊ နောက်ပြီး သူ့ဆန္ဒက မြေကြီးထဲကအရာကို အလောတကြီး တူးဖော်ပြီး သမီးကိုပေးချင်ပုံပဲ”

အံ့ဩပြီးရင်း အံ့ဩရသူက ကဗျာပင်ဖြစ်သည်။ သနားစရာကောင်းလိုက်တဲ့အဖေရယ် . . သမီးဇောကြောင့် ခုချိန်ထိတမလွန်ဘုံသားဘဝနဲ့ ဒုက္ခတွေ ခံစားနေရသတဲ့။

ကဗျာ မျက်ရည်တွေ တသွင်သွင်စီးကျကာ ရှိုက်ကြီးတငင်ငိုချလိုက်သည်။

ဒေါ်ခင်စိန် ကဗျာ့ကိုအားပေးနှစ်သိမ့်သောအကြည့်ဖြင့် ကြည့်ကာ . . .

“ခုမှတော့ ငိုနေလို့မဖြစ်တော့ဘူး၊ အဖေ့ရဲ့ဆန္ဒအရ ကုံ့ကော်ပင်အောက်ကိုသွားပြီး တူးကြည့်တာ ပိုပြီး သင့်လျော်တယ်”

“ဒါ . . ဒါပေမဲ့ ဒီမြေက ကဗျာပိုင်တဲ့မြေမှ မဟုတ်တော့တာ”

“ရပါတယ်ကဗျာ . . ဒီမြေကို ကျွန်တော်ပိုင်ပေမယ့် ကဗျာ့အဖေရဲ့ဆန္ဒနဲ့ လျှို့ဝှက်ချက်ကိုတော့ ကျွန်တော်မပိုင်ပါဘူး၊ ဒါကြောင့် ကဗျာစိတ်တိုင်းကျလုပ်ပါ”

ဘာအတိုက်အခံမှ မလုပ်ဘဲ ကြည်ကြည်ဖြူဖြူနှင့် လုပ်ပိုင်ခွင့်ပေးသော လမင်းမောင်ကို ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

အကြည့်ချင်း ဆုံသွားသဖြင့် လမင်းမောင် ရှက်ကိုးရှက်ကန်းဖြင့် မျက်နှာလွှဲလိုက်သည်။ ဒေါ်ခင်စိန် ကဗျာနှင့် လမင်းမောင် အခြေအနေကို အကဲခတ်ကြည့်နေပြီး . . .

လမင်းမောင်နားသို့ လျှောက်သွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"သား. . မင်းကဗျာ့ကို လက်ထပ်ရမယ်နော်"

ထိုသို့ ခပ်တိုးတိုးပြောလိုက်သဖြင့် လမင်းမောင် တွန့်သွားသည်။ ခေါင်းတဆတ်ဆတ်ခါကာ. .

"အာ. . အ. . အမေကလည်းဗျာ၊ ဒါတော့ သားလက်မခံနိုင်ပါဘူး၊ သူက လှမှမလှတာ၊ သားက လှတဲ့မိန်းကလေးမှ လက်ထပ်ချင်တာ၊ ဟွန်း. . တောကအလှဆုံးဆိုတဲ့ ရွာသူဖြူဖြူစိန်တို့ နီလာခင်တို့ကိုတောင် စိတ်မဝင်စားခဲ့ပဲ ရန်ကုန်သူကို တက်မျှော်တာ"

ထိုသို့ ခပ်ကျိတ်ကျိတ်ပြန်ပြီး ဆင်ခြေဆင်လက်ပြန်ပေးလိုက်သဖြင့် ဒေါ်ခင်စိန် ခေါင်းကို ဒေါင်ခနဲ တစ်ချက်ခေါက်လိုက်ပြီး. . .

"မင်း. . ခုထိ လှတာမက်နေတုန်းလား. . ဟမ်၊ အလှမက်ခဲ့လို့ ပေါင်တိုမလင်ဖြစ်ဖို့ သီသီလေးလွတ်ခဲ့တာ မေ့သွားပြီလား"

"အား. . အမေကလည်း အမြဲတမ်းတော့ အဲလိုမလွဲလောက်ပါဘူးဗျာ၊ သားအလှကြိုက်တာ အမေသိရဲ့သားနဲ့"

အခေါက်ခံရ၍ နာသွားသောခေါင်းကို ခပ်ဖြည်းဖြည်းပွတ်သပ်ပြီး ဆင်ခြေပြန်ပေးသည်။

"ဒီမှာ ကဗျာလေးလဲလှတာပဲ၊ သူသာ ခုခေတ်ကောင်မလေးလို ပြင်ဆင်ကြည့်လိုက် အလှန်းဇယားလေး ဖြစ်သွားမှာ"

အမေ သူ့ချေးမတော်ချင်သူမို့ ကဗျာ့ဘက်ကနေ ရပ်တည်ပြီး သားကိုမဲဆွယ်နေ၏။ လမင်းမောင် ရှုံ့မဲ့သောမျက်နှာကြီးဖြင့် ခေါင်းတခါခါ လုပ်သည်။

"သား ရင်မခုန်ဘူးဗျ အမေရ"

ကဗျာ သူ့အကြောင်းပြောနေသလားဟူသော သံသယဖြင့် လမင်းမောင်ကို တစေ့တစောင်း အကဲလှမ်းခတ်၏။

"ရှင် ကျွန်မကိုကြည့်ပြီး ရှင့်အမေနဲ့ ဘာတွေပြောနေတာလဲ"





ထိုသို့ ဒဲ့မေးလိုက်သည်။

"ငါ့အမေက မင်းကိုလက်ထပ်ဖို့ ပြောနေတာ၊ မင်းက အရမ်းလှတယ်တဲ့"

ပြီးစလွယ်ပြောလိုက်သော လမင်းစကားကြောင့် ကဗျာ ရှက်ရဲရဲလေးဖြစ်ကာ အကြည်ဓါတ်တွေ ဖုံးလွှမ်းနေသောအကြည့်လေးဖြင့် ဈွေခနဲကြည့်ပြီး လှဲ့လှဲ့လေးပြုံးသည်။

"ရှင်နော်"

"ဟုတ်တယ် သမီး၊ လမင်းကို သမီးကလွဲပြီး ဘယ်မိန်းမနဲ့မှ သဘောမတူဘူး၊ သမီးတို့နှစ်ယောက်ရဲ့ ရေစက်က ဒီဘဝမှမဟုတ်ဘူး. . အရင်ဘဝကတည်းက ဖူးစာဆုံခဲ့ကြတာ၊ ဒါကြောင့် တစ်ကောင်ကြွက်ဘဝတူချင်းမို့ ဘဝချင်းပေါင်းဖက်ကြစေချင်တာ မိဘတွေရဲ့ဆန္ဒပဲ"

အနည်းငယ် ပြေပြစ်ချောမောသော လမင်းမောင်ကို ကဗျာ့အဖို့ ငြင်းစရာအကြောင်း မရှိသဖြင့် ဒေါ်ခင်စိန့်ဆန္ဒကို ခေါင်းလဲမညိတ်ချင်သလို ခေါင်းလဲခါဖို့ အစီအစဉ်မရှိ။

ခုချိန်မှာ ကဗျာ့ရင်ထဲမှာ ပြင်းပြစွာ မက်မောနေသည်က. . အဖေ့ရဲ့ ဆန္ဒတစ်စုံပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

ညသည် ညဥ့်လေ ခပ်ဖြူးဖြူးကြောင့် အေးမြနေ၏။

လမင်းမောင်နှင့် ကဗျာသွင် ပေါက်တူးတစ်လက်ဖြင့် ကုံကော်ပင်ကြီးအောက်မှ မြေကြီးကို တူးဆွနေကြသည်။

အချိန်တော်တော်ကြာသည့်အထိ ဘာမှထူးခြားမှုမရှိသေးသဖြင့်. . လမင်း မြည်တွန်တောက်တီးစ ပြုလာသည်။

"ဟာကွာ ဘာမှမရှိတဲ့မြေကြီးကို ဘလိုင်းကြီး လာတူးခိုင်းနေတယ်၊ ဒီမှာ အသက်က သုံးခါပြန်လောက် ထွက်တော့မယ်ကွ"





လက်ထဲမှ ပေါက်တူးကြီးကို မြေကြီးပေါ်ပစ်ချပြီး တူးပြီးသားမြေကြီးစတွေပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ချွေးတဒီးဒီးကျနေသော လမင်းမောင်၏ ပင်ပန်းနွမ်းနယ်ပုံတွေကိုကြည့်ပြီး ကဗျာအားနာမိတာတော့အမှန်. . . မြေကြီးတွင်းက တော်တော်နက်နေပြီ ဘာမှထူးခြားစွာ ထွက်မလာသဖြင့် ကဗျာပင် မျှော်လင့်ချက်မဲ့စပြုလာသည်။

သို့သော်. . အဖေ့ဆန္ဒမို့ လုံးဝလက်လျှော့၍မဖြစ်။ ထို့ကြောင့် မြေကြီးပေါ်လဲနေသော မြေထိုးသည့်ဂေါ်ပြားကို ကောက်ယူလိုက်ပြီး မြေကြီးကိုထပ်ပြီး တူးဆွလိုက်၏။

"ဟော့. . ဟော့. . လူက လေတိုက်ရင်တောင် ဘုန်းခနဲလဲသွားနိုင်တဲ့ခန္ဓာကိုယ်နဲ့ မသင့်တော်တာတွေ လုပ်နေတယ်၊ ဖယ်. . ပေး. . ငါပဲဆက်တူးပါ့မယ်"

"နေပါစေ. . ရှင်နားပါဦး၊ ကျွန်မတူးနိုင်သလောက် တူးပါဦးမယ်"

"အေးလေ မင်းအဖေက မင်းပင်ပန်းတာတော့ ကြည့်ရက်မှာမဟုတ်ပါဘူး၊ သူသာ ဒီမြေကြီးထဲမှာ တစ်ခုခုမြှုပ်ထားခဲ့မယ်ဆိုရင် မင်းကိုတော့ ရှာတွေ့အောင် လုပ်ပေးမှာပါ"

တမင်ပင် ကဗျာ့လက်ထဲက ဂေါ်ပြားကို လှမ်းမယူဘဲ ထိုင်ကြည့်နေလိုက်တော့၏။

"ဒုတ်. . ဒုတ်. . "

"ဟင်. . ဘာသံလဲ၊ မင်းတစ်ခုခုကို ထိမိလိုက်သလား"

မြေတွင်းထဲကို ကဲကြည့်ရင်း လမင်းမောင် ကဗျာ့ကိုလှမ်းမေးလိုက်သည်။ ကဗျာလည်း သတိထားမိသည်မို့ လမင်းမောင် အမေးကို ခေါင်းဆတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးပြီ . . ထူးပြီ . . တွေ့လား ငါမပြောဘူးလား မင်းအဖေက မင်းပင်ပန်းတာကို မကြည့်ရက်ပါဘူးလို့ . . ဟားဟား . . ဟားဟား"

လမင်းမောင် ဘူမသိ ကိုးမသိ ရယ်နေသလောက် ကဗျာမှာ မရယ်အားသေး။

ခါတ်မီးကိုလှမ်းယူပြီး ဒုတ်ခနဲ မြည်သွားသောနေရာကို မီးထိုးကြည့်သည်။

"ဟင် . . အ . . အရိုးစု . . အရိုးစုကြီး"

"ဟမ် . . ဘယ်မလဲ အရိုးစုကြီး"

လမင်းမောင် တွင်းထဲသို့ အငမ်းမရအလောတကြီး ငုံ့ကြည့်၏။

"ဟာ . . အေးဟ . . အဲ . . ဒါပေမဲ့ . . လူ . . လူအရိုးစု မဟုတ်ပါဘူးဟ၊ ခွေး . . ခွေးတစ်ကောင်ရဲ့ အရိုးစုပါ"

"ဟင် . . ဘုရားရေ ဒါ . . ဂျက်ကီ . . ဂျက်ကီရဲ့အရိုးစု၊ အဖေ့ရဲ့ အချစ်တော်ခွေးလေး၊ အဖေမဆုံးခင် လေးငါးလလောက်အလိုမှာ သေသွားလို့ အဖေကိုယ်တိုင် မြေမြှုပ်ခဲ့တာပဲ"

မျှော်လင့်ချက်တွေဖြင့် အပင်ပန်းခံပြီး မြေကြီးတွေတူးဆွနေမိသော လမင်းမောင် . . . ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသဖြစ်ရမလား၊ ကဗျာ့အဖေကြီးကိုပဲ ဒေါသဖြစ်ရမလား၊ မပြောတတ်လောက်အောင်ပင် အမောဆို့နေတာတော့ အမှန်ပင်။ ထို့ကြောင့် ခြောက်ကပ်ကပ် ရယ်သံဖြင့် . . .

"ဟားဟားဟား . . . ဧကန္တ မင်းအဖေက သူ့ခွေးကို မြေကြီးထဲကပြန်ဖော်ပြီး အရိုးကို ပြတိုက်ပို့ခိုင်းတာလားမှ မသိတာ"

အဖေ ဘယ်လိုသဘောနဲ့ ကဗျာ့ကို ခုလိုလုပ်ခိုင်းတာလဲဆိုတာ ကဗျာစဉ်းစား၍ မရတော့။





"အဖေ . . အဖေ့ဆန္ဒက ဘာလဲ၊ အရိုးကျနေတဲ့ ဂျက်ကီကို ကဗျာဘာလုပ်ပေးရမှာလဲ၊ ကဗျာ နားမလည်တော့ဘူး အဖေရယ်"

ကဗျာထိုသို့ပင် ခပ်တိုးတိုးရေရွတ်ကာ အဖေ့ကို မေးလိုက်သည်။ ထိုစဉ် ဒေါ်ခင်စိန် အနားသို့ ဘွားခနဲပေါ်လာ၏။

လမင်းမောင် အမေ့လုပ်သူကို မော့ကြည့်ပြီး ဘယ်နှယ့်ရှိစ ဟူသော အကြည့်ဖြင့် မေးဆတ်ပြ၏။

"ကဲ . . ဘယ်လိုလဲ အမေ၊ မြေကြီးထဲမှာ ခွေးသေတစ်ကောင်ပဲရှိတော့တယ်၊ ဓမ္မပဒထဲကလို လည်ပင်းတော့ လာမဆွဲခိုင်းနဲ့နော်"

အရေးထဲ လမင်းမောင် ပြောင်စပ်စပ် လုပ်နေသေး၏။

"သမီးနဲ့သားက သိပ်လောကြီးတာကိုကွဲ့ ရှေးလူကြီးတွေဆိုတာ အရာရာကို အမြော်အမြင်ရှိရှိနဲ့ စနစ်တကျ စီစဉ်သွားတတ်ကြတယ်၊ ခုကိစ္စမှာ မင်းတို့အတွက် အချည်းအနှီး မဖြစ်ပါဘူး၊ ကဲပါလေ ကဗျာ မင်းအဖေက ပြောနေတယ် အဲဒီအရိုးကျနေတဲ့ ခွေးခန္ဓာကိုယ်ထဲမှာ မင်းအတွက် တစ်သက်စားမကုန်တဲ့ ရတနာထုပ် ရှိတယ်တဲ့"

ဒေါ်ခင်စိန့်စကားကြောင့် ခြေပစ်လက်ပစ်ထိုင်ကာ မိခင်ကို လှောင်ရယ်နေသော လမင်းမောင် ငေါက်ခနဲ ထရပ်လိုက်ပြီ . . .

"တ . . တကယ်လား . . အ . . အမေ၊ မ . . မနောက်နဲ့နော်"

အံ့သြလွန်း၍ စကားတွေပင် ထစ်ငေါ့၍နေ၏။

"တကယ်လား တကယ်မဟုတ်တာလား သိချင်ရင် မင်းအခုစမ်းကြည့်လိုက်လေ"

လမင်းမောင် ကြောင်ငေးငေး မှင်တက်အံ့သြနေသော ကဗျာလက်ထဲမှ ဂေါ်ပြားကို ဖျတ်ခနဲလှမ်းယူပြီး အရိုးကျနေသော ခွေးအရိုးကို ဂေါ်ပြားဖြင့် ရိုက်၍ချေပစ်လိုက်၏။

ပြီးနောက် ခါတ်မီးဖြင့် မွှေနှောက်လှန်လှော၍ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။

"ဟာ. . တွေ့ပြီ. . တွေ့ပြီ၊ ဒီမှာ. . ဒီမှာ"

မြေမှုန့်တွေ အလိမ်းလိမ်းပေနေသော ရွှံ့အိတ်တစ်ခုကို တွေ့၍ လမင်းယူပြီး ကဗျာ့လက်ထဲကို ထည့်ပေးလိုက်သည်။

ကဗျာတုန်ယင်သော လက်အစုံဖြင့် ရွှံ့အိတ်ထဲမှ ရတနာတွေကို ကြည့်လိုက်၏။

"အို. . ဒါ. . ဒါ အမေ့ ဘိုးဘွားတွေရဲ့ ရတနာတွေပဲ၊ ဒါ. . ဒါက ပတ္တမြား. . ဒါက ကျောက်စိမ်းတွေ"

"ဝါး. . အဲလောက်တန်ကြေးကြီးတွေကို မြေကြီးထဲ မြှုပ်ထားရသလား၊ နှမြောစရာကွာ ပစ္စည်းတန်ဖိုး နားမလည်လိုက်တာ"

"သြော် ရှင်ကလည်း တုံးလိုက်တာ၊ ခုလို မြေကြီးထဲ မြှုပ်ထားလို့ ကဗျာ့လက်ထဲ ပြန်ရောက်တာပေါ့၊ အဖေသာ အဲလိုမစီစဉ်ခဲ့ရင် ခုလောက်ဆို ကဗျာ့အဒေါ် အန်တီသက်လက်ချက်နဲ့ ကုန်လောက်ပြီ"

ကဗျာပြောတာ မှန်နေ၍ လမင်းမောင် စောဒကထပ်မတက်တော့ပဲ ဖက်ပုသွားကာ ငြိမ်နေလိုက်သည်။

"ကဲ. . ကဗျာ သမီးအဖေရဲ့ဆန္ဒကတော့ ပြည့်သွားရှာပြီ၊ သူလည်း ခုမှပဲ လွတ်ရာလွတ်လမ်းကို သွားခွင့်ရတော့မယ်၊ ဒီပစ္စည်းတွေကို သမီးလက်ထဲ ထည့်မပေးရမချင်း သူ ဒီဘဝက လွတ်မြောက်မှာမဟုတ်ဘူး၊ ဒီတော့ သမီးက မိဘကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ သမီးအဖေ ဘဝသစ်မှာ ပျော်ရွှင်ဖို့ အလှူဒါနလေးနဲ့ ဆက်ပေးပေါ့ကွယ်"

"ဟုတ်ကဲ့ပါအဒေါ်၊ ကဗျာ့အဖေ ကောင်းရာမွန်ရာ ဘုံဘဝကိုရောက်ဖို့အတွက် တန်ဖိုးဖြတ်မရတဲ့ ကောင်းမှုကုသိုလ်တွေ လုပ်ပြီး ကျေးဇူးပြန်ဆပ်မှာပါ"

ပြောရင်းဖြင့် ကဗျာ တအင့်အင့်နှင့် ရှိုက်ငိုပြန်သည်။





"ကဲ. . သား၊ မင်းရော အမေစီစဉ်ထားတာကို ခုချိန်ထိ ငြင်းနေဦးမှာလား"

ဒီတစ်ခါတော့ အရင်လို ခေါင်းတခါခါဖြင့် မငြင်းရဲတော့။

အမေ့ဘာကြောင့် ကဗျာနှင့် လက်ထပ်စေချင်သလဲဆိုတာ လမင်းကောင်းကောင်းကြီး သဘောပေါက်နေပြီပဲ။

"ဟို. . ဟိုလေ အမေက ကောင်းမယ်ထင်လို့ စီစဉ်ခဲ့တာကို သားက ဇွတ်အတင်းငြင်းနေမယ်ဆိုရင် သားက သားမိုက်ဖြစ်သွားမှာပေါ့၊ ဟုတ်. . ဟုတ်တယ်နော် ကဗျာ"

"သိဘူး"

ကဗျာ တရှုံ့ရှုံ့ ငိုနေရင်းမှ သံပြတ်နှင့်ဖြေ၏။

"တွေ့လားအမေ ကဗျာကသိဘူးတဲ့၊ ဒါပေမဲ့ သားကလေ အခုသူသိဘူးလို့ ပြောတာလေးကို ချစ်သွားမိပြီအမေရ. . ဟဲဟဲ"

ခုချိန်ထိ ပေါကြောင်ကြောင်နှင့် အရှုးကွက်နင်းပြီး ပြောင်းလဲသွားသော သား၏စိတ်ခံစားမှုကြောင့် ဒေါ်ခင်စိန် အကျေနပ်ကြီး ကျေနပ်သွားရ၏။

"အစကတော့ ရင်မခုန်ဘူးဆို၊ ခုတော့ ရင်ခုန်သွားပြီပေါ့"

"အဟဲ. . ဟုတ်တယ်အမေရ ရင်ခုန်သံတွေက ခုမှဒုန်းစိုင်းပြီး သားဆီပြေးလာတာ၊ ခုတော့ ကဗျာကြောင့် သားရင်ခုန်သွားပြီ"

"တကယ်လား"

"တကယ်. . နှစ်ကယ်. . သုံးလေး. . ငါးကယ်"

"ဒါဆိုရင်တော့ အမေ မင်းကိုစိတ်ချသွားပြီကွယ်၊ မင်းတို့နှစ်ယောက် ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ထူထောင်ကြတော့၊ အမေ ချီခွင့်မရတော့တဲ့ မြေးလေးတွေလည်း တစ်ပြုံတစ်မကြီး မွေးပြီး မိသားစု အင်ပါယာကြီးတစ်ခုဖြစ်အောင် ထူထောင်ကြ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်စိန့်စကားကြောင့် တရှုံ့ရှုံ့ငိုနေသော ကဗျာပင် ကျောတွန့်သွားသည်။ ဒီယောက္ခမလောင်း သူကျတော့ တစ်ယောက်တည်း မွေးပြီး လောကအလယ်မှာ ငပေါ်သားကို တစ်ယောက်တည်း စိတ်မချ၍ ကိုယ့်လက်ထဲ ထည့်ခဲ့တယ်။

ချွေးမကျတော့. . .

ယောက္ခမများ ချွေးမဆိုရင် မညှာမတာ ခိုင်းရက်တာ ရှေးအစဉ်အဆက်ကတည်းက ခုချိန်ထိကို ခေါက်ရိုးကကျိုးနေတုန်း. . .

"သမီး ကဗျာ"

"ရှင်"

ယောက္ခမ မကောင်းကြောင်း တွေးနေရင်းမှ ခေါ်သံကြောင့် ကဗျာ ညှောင်နာနာအသံဖြင့် ထူးလိုက်၏။

အင်ပါယာထောင်ဖို့ မပြောနှင့် ခုကတည်းက တွေးကြည့်ရုံနှင့် လူက အားပြတ်ချင်နေ၏။

"အမေ့သား မလိမ်မိုးမလိမ္မာလေးကို သမီးလက်ထဲ ထိုးအပ်ခဲ့ပြီကွယ်"

"ဟုတ်ကဲ့ စိတ်ချပါအမေ၊ ကဗျာ တစ်သက်လုံး ရိုးမြေကျ ပေါင်းသင်းသွားမှာပါ"

"တကယ်နော်"

"တကယ်ပါ အမေ"

"အေးပါကွယ် ဒါဆိုရင် အမေ့သားအတွက် အမေစိတ်ချသွားပါပြီ"

ဒေါ်ခင်စိန့်အသံသည် တဖြည်းဖြည်းနှင့် တိမ်ဝင်တိုးဖျော့လာသည်။ ညဥ့်လေသည်. . စောစောကလောက် တသုန်သုန် တဖြူးဖြူးနှင့် မတိုက်ခိုက်တော့. . .



BURMESE CLASSIC .com



ပတ်ဝန်းကျင်တစ်ခွင်လုံး ကြေကွဲခန်းကို ဝိုင်းဝန်းသရုပ်ဖော်ပေးနေကြသလို သွေးအေးခြောက်ကပ်ကာ တိတ်ဆိတ်နေကြ၏။

လမင်းမောင် အခြေအနေကို သဘောပေါက်သူပီပီ မျက်လုံးတွေနီလာကာ ပေကလတ်ပေကလတ်နှင့် မျက်နှာပေါ်မှာ စောစောက ပြောင်စပ်စပ် အရိပ်အယောင်တွေ မရှိတော့။

နှာသီးဖျားထိပ်မှာ ပွတက်ကာ နီမြန်းလာပြီး မျက်လုံးအိမ်မှ မျက်ရည်တို့ စီးကျဖို့ တာဆူလာကုန်ကြ၏။

လည်ချောင်းဝမှ တစ်ဆို့ဆို့ကြေကွဲသံကြီးဖြင့်. . .

"အ. . အမေ. . သားကို ထားမသွားပါနဲ့ဦး အမေရယ်"

လမင်းမောင်၏ သွေးရူးသွေးတန်းဖြစ်သွားသော ပုံစံကိုကြည့်ပြီး ဒေါ်ခင်စိန်ရင်ထဲမှာ နည်းနည်းမှမသာယာ။ ကံကြမ္မာက သူ့ကို ဒီလောက် အခွင့်အရေးလေးပေးတာကိုပင် လွန်လှပြီမို့ နောက်ထပ်သားနားမှာ ဝိညာဉ်ဘဝနှင့်ဆက်လက် ခိုကပ်နေခွင့်ကို ထပ်ပြီးမတောင်းခံရက်တော့ပါ။

မွေးကတည်းက အလွဲတွေနှင့်ပင် ရှင်သန်ခဲ့ရသည့် သားလေးကို ယခုတော့ စိတ်ချသွားပါပြီ။

လူဖြို့ပေါက်အရွယ်ကတည်းက မိန်းမလိုချင်သည့် ဝါသနာနှင့်ဆန္ဒကို အမေလုပ်သူက အကွက်ကျကျ ဖြည့်ဆည်းပေးခဲ့ပြီးပြီမို့ ကိုယ်ကျောခိုင်းခဲ့လည်း သားအတွက် ပူဆွေးသောကတွေကလွဲပြီး အဆင်မပြေမှုတွေဆိုတာ ရှိလာတော့မှာမှ မဟုတ်တာ။

"ကဲ. . သမီးကဗျာ သမီးရဲ့အဖေကို စိတ်ထဲကနေရည်မှန်းပြီး ကန်တော့လိုက်ပါကွယ်၊ သမီးအဖေ သွားချိန်တန်ပြီ"

"ဟုတ်ကဲ့. . အမေ"

ကံ့ကော်ပင်ကြီးဘက်လှည့်ပြီး ကဗျာ အဖေ့ကိုရည်မှန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကန်တော့လိုက်သည်။ ရင်ထဲမှာ ဆို့တက်လာသော သောကနှင့် ဝမ်းနည်းမှုတွေက ရင်မှာဘယ်လိုမှ ဖြည်မဆည်နိုင်. . .။

"အဖေ. . ကောင်းရာမွန်ရာ ဘုံဘဝကို ရောက်ပါစေ အဖေရယ်၊ ကဗျာ့ကို အဖေကြည့်နေမယ်ဆိုတာ ကဗျာသိနေတယ်. . . အဖေ့ကို ကဗျာမြင်ခွင့်ရချင်ပေမယ့် ကဗျာမြင်ခွင့် မရလိုက်ဘူး အဖေရယ်"

ကဗျာ့ ရင်ထဲမှာ အဖေ့ကိုမြင်တွေ့ချင်သည်။ သို့သော် မြင်ခွင့်မရနိုင်တော့။ ကံ့ကော်ပင်ပေါ်မှ ကံ့ကော်ပွင့်တစ်ပွင့် ကဗျာ့ပခုံးပေါ်သို့ ညင်သာစွာ ကြွေကျလာသည်။

လေတို့သည် ခပ်ဖြည်းဖြည်း တိုက်ခတ်ကာ အဖေ့၏မေတ္တာဓါတ်တွေကို သယ်လာပေးနေသလို ထင်ရကာ. . အဖေ့ရင်ခွင့်ကို ခိုလှုံနေရသလို စိတ်မှာခံစားလာရ၍. . . ကဗျာ နောက်တစ်ကြိမ် ထပ်ကန်တော့လိုက်သည်။

"ကဲ သား. . မင်းလည်း အမေ့ကို ကန်တော့တော့"

"ဗျာ. . အမေလည်း ကဗျာ့အဖေလိုပဲ သွားတော့မှာလား"

"အင်း. . သွားဖို့ အချိန်တန်ပြီပဲသားရယ်၊ အမေ့ကို လွှတ်လပ်ခွင့်ပေးပါတော့"

"မသွားပါနဲ့ဦး အမေရယ်. . သား အမေမရှိရင် ဘယ်လိုနေရမလဲ၊ သား အမေ့ကို မခွဲနိုင်ဘူး"

"ခွဲခွာခြင်းဆိုတာ လောကရဲ့ ဓမ္မတစ်ခုပဲလေ သားရယ်၊ ဘယ်လူသားကမျှား ငြင်းဆန်စောဒကတက်ခွင့် ရှိခဲ့လို့လဲ၊ သားကို အမေစိတ်ချသွားပြီ. . ဒီတော့ အမေသွားတော့မယ်"

"ဒါ. . ဒါ. . ဒါမဲ့ အမေရယ်၊ သား. . အမေနဲ့ အချိန်အတိုင်းအတာတစ်ခုလောက်တော့ ထပ်နေပါရစေ"





လမင်းမောင် ငိုသံခပ်အက်အက်ဖြင့် အသနားခံ တောင်းဆိုရှာ၏။

ရှောင်လွှဲ၍ မရသောကံကြမ္မာကို ဘယ်သူမှ လွန်ဆန်၍ မရမှန်း သိပေမယ့်. . အခွင့်အရေး အပိုဆုလေးတစ်ခုကို သူများနှင့် မတူတစ်မူထူးပြီး ပိုင်ဆိုင်ခွင့်ရပေမယ့်. . ထိုအခွင့်အရေးကို ထာဝရ လက်မလွှတ်ချင်တာ လမင်းမောင်ရင်ထဲက ဥပါဒါန်တွေနဲ့ ထုံမွှမ်းထားသည့် လောဘတစ်ခုပါ။

"အမေ. . သား အမေ့ကို ကလန်ကဆန် မပြောတော့ပါဘူး၊ အမေ့ကို စိတ်ညစ်အောင်လည်း မလုပ်တော့ပါဘူး သားလိမ္မာပါ့မယ် အမေရယ်၊ သားနဲ့ ခဏလေးဖြစ်ဖြစ်တော့ နေပါဦးနော်"

ဒေါ်ခင်စိန် ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်ပြီး လမင်းမောင်၏ခေါင်းကို ခပ်ဖွဖွ ပုတ်လိုက်သည်။

"သားအနားမှာ အမေမရှိတော့ပေမယ့် အမေ့မေတ္တာတွေကိုတော့ သားအသက်ရှင်သည့်အထိ အဖော်အဖြစ် ထားခဲ့မှာပါသားရယ်၊ ကဲ. . ကဲ. . အမေသွားပြီ"

လမင်းမောင် မျက်ရည်တွေ ဒလဟောကျဆင်းကာ. . တအီးအီးရှိုက်ငိုလျက် အမေ့ကို တရိုတသေ ကန်တော့လိုက်လေပြီ။

အမေသည် လမင်းကို ခုမှပင် တကယ်ခွဲသွားခဲ့လေပြီ။

"အမေ. . အမေ့ကိုသား သိပ်ချစ်တယ် အမေ၊ ဒါကြောင့်. . အမေပေးစားတဲ့မိန်းမကို သားတစ်သက်လုံး ချစ်သွားပါ့မယ်လို့ ကတိပေးပါတယ် အမေရာ. . အီး. . ဟီး. . ဟီး. . ဟီး"

လည်ချောင်းကွဲမတတ် ငိုရှိုက်သောအသံဖြင့် အမေ့ကို ကတိပေးလိုက်သည်။

တဖြည်းဖြည်း မှိန်ဖျော့ပျောက်ကွယ်သွားသော အမေသည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လမင်းမောင်၏ ကတိစကားသံကို ကြားနိုင်ဦးမည် ထင်ပါသည်။

လမင်းမောင် ကဗျာ့လက်ကို ဆုပ်ကိုင်ကာ မြေကြီးနှင့် နဖူး အပ်ပြီး ငိုကြွေးရှည်နေတာ တော်တော်နှင့် အမျှင်မပြတ်နိုင်သေး။

ဘဝအသစ်ကို အတူစကြမည့် လမင်းနှင့်ကဗျာ ညီမျှသော သောကတွေဖြင့် တစ်ယောက်ကိုတစ်ယောက် ချွေးသိပ်နိုင်ဖို့ အင်အား သစ်တွေ မွေးမြူကြရဦးမည်။

ထူးခြားစွာဖြင့် ထိုညသည် လတစ်ခြမ်းပဲ သာပါသည်။

BURMESE CLASSIC .com

ရှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR






www.burmeseclassic.com